# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၃၂၄)


# နိုင်ငံ့ဂုဏ်ဆောင်အားကစားမောင်မယ်အားလုံး အနိုင်မခံ အရှုံးမပေးဘဲ ကြိုးပမ်းယှဉ်ပြိုင် နိုင်ငံ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးကြမှာကို နိုင်ငံတော်နဲ့ ပြည်သူတွေက မျှော်လင့်နေကြ

နေပြည်တော် ဩဂုတ် ၂၂

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မလေးရှားနိုင်ငံတွင် ကျင်းပလျက်ရှိသော (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာအားကစား မောင်မယ်များထံသို့ ယနေ့တွင် သဝဏ်လွှာပေးပို့ခဲ့ပါသည်။ ၎င်းသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် အားကစားမောင်မယ်များသို့ ပေးပို့သည့် သဝဏ်လွှာ**
**(၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၂ ရက်)**

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့မှာ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့မှ ဩဂုတ်လ ၃၀ ရက်နေ့အထိ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်လျက်ရှိကြတဲ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီပြိုင်ပွဲမှာ အားကစားမောင်မယ်တွေဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နဲ့ ပြည်သူတွေကို ကိုယ်စားပြုပြီး သန့်ရှင်းတဲ့ အားကစားစိတ်ဓာတ်၊ လျှော့ခွက်ချည်းကျန် အလံမလှဲတဲ့ စိတ်ဓာတ်၊ ချစ်ကြည်ရင်းနှီးတဲ့ အာဆီယံစိတ်ဓာတ်နဲ့ ကြိုးစားယှဉ်ပြိုင်နေကြတဲ့ သတင်းတွေကိုလည်း ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ကြားသိနေရပါတယ်။

ဩဂုတ်လ ၂၁ ရက်နေ့၊ နံနက် ၇နာရီ ၄၅ မိနစ်အချိန်မှာ မြန်မာ Squash အားကစားအဖွဲ့စီးနင်းလိုက်ပါလာတဲ့ မော်တော်ယာဉ်မတော်တဆဖြစ်မှု ဖြစ်ပွားခဲ့ပြီး အမျိုးသားအားကစားသမား (၁)ဦးနဲ့ အမျိုးသမီး အားကစားသမား (၂)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ ကံကောင်းထောက်မစွာပဲ ဒဏ်ရာမပြင်းထန်တဲ့အတွက် အမျိုးသား အားကစားသမားဟာ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ပြီး အမျိုးသမီးအားကစား သမား (၂)ဦးကတော့ ရက်အနည်းငယ်အနားယူပြီးတဲ့နောက် ပြိုင်ပွဲကို ဆက်လက် ယှဉ်ပြိုင်နိုင်မယ်ဆိုတာကို သိရှိရတဲ့အတွက် စိတ်သက်သာရာ ရမိပါတယ်။

မြန်မာ U-22 အမျိုးသားဘောလုံးအသင်းဟာ ဩဂုတ်လ ၂၁ ရက်နေ့ အုပ်စုနောက်ဆုံးပွဲစဉ်မှာ အိမ်ရှင်အသင်းကို ရှုံးခဲ့ရပေမယ့်လည်း အကြိုဗိုလ်လုပွဲကို ဆက်လက်တက်ရောက်သွားနိုင်တဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်ရပါတယ်။ တစ်နိုင်ငံလုံးကပြည်သူတွေကလည်း မျှော်လင့်ခြင်းကြီးစွာနဲ့ အားပေးနေကြပါတယ်။ တစ်ခါတစ်ရံမှာ အနိုင်ပွဲတွေ ရယူနိုင်ကြသလို တစ်ခါတလေမှာတော့ သင်ခန်းစာတွေရယူကြရတာ သဘာဝပါပဲ။ ဒီသင်ခန်းစာတွေကို ပြန်လည်သုံးသပ်ပြီး ရှေ့လာမယ့်ပွဲတွေမှာ စိတ်ဓာတ်အသစ်၊ ခွန်အားအသစ်တွေကို မွေးမြူကာ ကာယ၊ ပညာနဲ့ သတ္တိကို ယှဉ်တွဲအသုံးချနိုင်ခြင်းဟာ တန်ဖိုးအကြီးဆုံးဆု ဖြစ်ပါတယ်။ စိတ်လက်ပေါ့ပါးလန်းဆန်းစွာနဲ့ အကောင်းဆုံးအရည်အသွေးကို ပရိသတ်အလယ်မှာ ထုတ်ဖော်

*စာမျက်နှာ ၃ ကော်လံ ၁* ❁


**မတ္တရာမြို့နယ်တွင် ရောဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် စာသင်ကျောင်း ၁၆ ကျောင်း ယာယီပိတ်ထား** စာ » ၉

**ဖားကန့်မြို့နယ်ရှိ ကျောက်သွေးတောင် နိမ့်ဆင်းလာ၍ ကာကွယ်ထိန်းသိမ်းရန် အလွန်အရေးကြီး** စာ » ၁၁

**တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ရန်ဆုံးဖြတ်ခဲ့သည့်အတွက် ပြန်လည်ပေးဆပ်ရလိမ့်မည်ဟု အမေရိကန်ကို မြောက်ကိုရီးယား ခြိမ်းခြောက်** စာ » ၁၄


# ခရီးသွားကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြည်နယ်တွင်းခရီးသွားပွဲတော် ကျင်းပမည်



မွန်ပြည်နယ် ရေးမြို့နယ်ရှိ ကဗျာဝကမ်းခြေ

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

**မော်လမြိုင် ဩဂုတ် ၂၂**

မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်တွင်းကဏ္ဍငါးခုဖွံ့ဖြိုးရေးကို အဓိကထားလုပ်ဆောင်သွားမည်ဟု ပြည်နယ်ဝန်ကြီးချုပ်က ညွှန်ကြားထားရာ ခရီးသွားကဏ္ဍဖွံ့ဖြိုးရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်သဖြင့် ပြည်နယ်တွင်း ခရီးသွားကဏ္ဍဖွံ့ဖြိုးရေး ကနဦးလုပ်ငန်းစဉ်အနေဖြင့် ခရီးသွားပွဲတော်ကျင်းပရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

"ခရီးသွားဖွံ့ဖြိုးရေးအနေနဲ့ လောလောဆယ် ခရီးသွားပွဲတော်ကျင်းပဖို့ရှိတယ်။ နောက်ထပ် လုပ်ဆောင်သွားမယ့် အစီအစဉ်တွေလည်းရှိသေးတယ်။ ခရီးသွားပွဲတော်မှာဆိုရင် ထိုင်းနိုင်ငံက လုပ်ငန်းရှင်တွေကိုလည်း ဖိတ်ကြားဖို့ရှိပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဟောက်ကျင်မုန်က ပြောသည်။

*စာမျက်နှာ ၃ ကော်လံ ၃* ❍


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# အကျပ်အတည်းမှသည် အခွင့်အလမ်းဆီသို့

ပြည်ပပို့ကုန်တို့ တိုးချဲ့တင်ပို့ရာ၌ ပမာဏများပြားရေးကို ဆောင်ရွက်ရသည့်နည်းတူ ကျယ်ပြန့်သောဈေးကွက်ရရှိရေးကိုပါ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျယ်ပြန့်သော ဈေးကွက်ရရှိမှသာ အခြေခံခိုင်မာတောင့်တင်းမည်ဖြစ်ပြီး တိုးတက်မှုတို့ကို ဆင့်ပွားဆင့်ပွား ဖန်တီးနိုင်မည်ဖြစ်ပါသည်။ မည်သည့် ပို့ကုန်မဆို ဈေးကွက်ကျယ်ပြန့်မှုမရှိ၍ ဈေးကွက်တစ်ခုတည်းအပေါ်အားပြုရပါက အဆိုပါဈေးကွက်၌ မမျှော်လင့်သော အပြောင်းအလဲဖြစ်သည်နှင့် တိုင်းပြည်စီးပွားရေးကို ရိုက်ခတ်စေမည်ဖြစ်ပါသည်။

မြန်မာ့ပဲမျိုးစုံတင်ပို့မှုမှ ရရှိသောဝင်ငွေသည် ပြည်ပပို့ကုန် ဝင်ငွေစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရှိရပါသည်။ တစ်ဖန် ပို့ကုန်ဝင်ငွေရရှိမှုချင်းနှိုင်းယှဉ်ပါက ပဲမျိုးစုံတင်ပို့မှုသည် ဆန်စပါးတင်ပို့မှုထက် ပမာဏများပြားပါသည်။ စိုက်ဧကအရ ကြည့်ပါကလည်း ဆန်စပါးစိုက်ဧက ၁၈ သန်းရှိချိန်၌ ပဲမျိုးစုံစိုက်ဧကသည် ၁၁ သန်းကျော်ရှိ၍ များစွာကွာခြားမှုမရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဤအချက်တို့ကို ကြည့်ရှုမှုဖြင့် မြန်မာ့စီးပွားရေး၌ ပဲမျိုးစုံတင်ပို့မှု၏အရေးပါပုံကို သိရှိသဘောပေါက်မည်ဖြစ်ပါသည်။ သို့သော် ပဲမျိုးစုံတင်ပို့မှု၌ အားနည်းချက်တစ်ရပ်ရှိပါသည်။ အဆိုပါအားနည်းချက်မှာ ပဲမျိုးစုံတင်ပို့ရာ၌ အိန္ဒိယဈေးကွက်ကိုသာ အားပြုနေရခြင်းဖြစ်ပါသည်။

မကြာသေးမီကာလက အိန္ဒိယအစိုးရသည် ပဲစင်းငုံကို ကန့်သတ်ကုန်စည်အဖြစ် သတ်မှတ်၍ တစ်နှစ် တန်ချိန် နှစ်သိန်းသာ တင်သွင်းခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပါသည်။ ပြည်ပပို့ကုန် ပဲမျိုးစုံအနက် ပဲစင်းငုံသည် မြန်မာနိုင်ငံ၏ ပို့ကုန်ဝင်ငွေ တတိယအများဆုံး ရှာပေးသော ပဲဖြစ်ပါသည်။ ထိုမျှမက ပဲစင်းငုံသည် အိန္ဒိယနိုင်ငံသို့ တင်ပို့ရန်သာ စိုက်ပျိုးသော ပဲမျိုးဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ မူဝါဒအပြောင်းအလဲက မြန်မာ့ပဲစင်းငုံစိုက်ပျိုးရေးအပေါ် မည်မျှထိခိုက်စေသည်ကို အလွယ်တကူပင် မြင်တွေ့နိုင်ပါသည်။ အိန္ဒိယအစိုးရက အိန္ဒိယပြည်တွင်းလိုအပ်ချက်အပေါ်မူတည်၍ ဆုံးဖြတ်ခဲ့ခြင်းအပေါ် တစ်စုံတစ်ရာ ပြင်ဆင်ခြင်းသည် မှန်ကန်သောနည်းလမ်းမဟုတ်ဟု ယူဆပါသည်။ ဖြစ်သင့်ဖြစ်ထိုက်သည်မှာ နှစ်နိုင်ငံချစ်ကြည်ရေးအပေါ် အရင်းခံ၍ လက်တွေ့ဖြေရှင်းနိုင်မည့်နည်းလမ်းတို့ကို ရှာဖွေရန်သာ ဖြစ်ပါသည်။ ဤကိစ္စရပ်အပေါ် တာဝန်ရှိပုဂ္ဂိုလ်တို့က အိန္ဒိယသံအမတ်ကြီးနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်းလည်း သိရှိရပါသည်။ စက်တင်ဘာလ ပထမပတ်၌ မြန်မာနိုင်ငံသို့ လာရောက်ရန် စီစဉ်ထားသော အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ၏ ခရီးစဉ်အတွင်း လက်တွေ့ဖြစ်မြောက်နိုင်ခြေရှိသော နည်းလမ်းတို့ ပေါ်ထွက်လာပါက နှစ်နိုင်ငံချစ်ကြည်ရေးကို တိုးမြှင့်ခိုင်မာစေမည်ဖြစ်ပါသည်။

ပြည်ပပို့ကုန် ပဲစင်းငုံ၏ ပစ္စုပ္ပန်ဖြစ်ရပ်က တန်ဖိုးမြှင့်လယ်ယာထွက်ကုန်တို့ ဖန်တီးနိုင်ရေး၏ အရေးပါပုံကို မီးမောင်းထိုး ပြသနေပါသည်။ ပဲအခြေခံ တန်ဖိုးမြှင့်ပို့ကုန်တို့ကို ထုတ်လုပ်တင်ပို့နိုင်ပါက ကျယ်ပြန့်သောဈေးကွက်ကို မြန်မာ့ပဲတောင်သူတို့ ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ ကမ္ဘာ့ပဲစားသုံးမှုအမြင့်ဆုံးနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့် အဆိုပါနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်နိုင်သော အလားအလာတို့ရှိသည်ဟု ယူဆပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာ့ပို့ကုန်ပဲစင်းငုံ၏ လတ်တလောအကျပ်အတည်းကို အခွင့်အလမ်းအဖြစ် ပြောင်းလဲဖန်တီးနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ဘဏ်လုပ်ငန်းစနစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် Mobile Banking ကိစ္စများဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၂**

ဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် Mobile Banking ကိစ္စများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးစိုးမင်း၊ ဦးစိုးသိန်း၊ ဦးဘိုဘိုငယ်တို့နှင့် ညွှန်ကြားရေးမှူးချုပ်များသည် ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ညှိနှိုင်းဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးရာတွင် ယနေ့ Mobile Banking, Mobile Payment, e-payment များဖြင့် အခွန်ပေးဆောင်နိုင်ရေး ပြည်တွင်းအခွန်များဦးစီးဌာနမှ Mobile Payment ဆောင်ရွက်သူများ၊ ဘဏ်များနှင့် ဆွေးနွေးရန်ကိစ္စ၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ Mobile Payment ဆောင်ရွက်မည့် အစီအစဉ်တင်ပြချက်အား လျှင်မြန်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်များအား တိုက်တွန်းညှိနှိုင်းဆောင်ရွက်ပေးရန်ကိစ္စနှင့် Interest Rate Policy နှင့် Foreign Exchange Bench Mark အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ပေးနိုင်ရေး ကိစ္စစသည်တို့ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## ပိုလီယိုကာကွယ်ဆေးအပိုဆောင်းထိုးနှံတိုက်ကျွေး

**မြောက်ဦး ဩဂုတ် ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်၌ ဒုတိယအကြိမ် ပိုလီယိုကာကွယ် ဆေးအပိုဆောင်း ထိုးနှံတိုက်ကျွေးခြင်းကို ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီက မြို့ပေါ်ရပ်ကွက်အသီးသီးနှင့် ကျေးရွာအသီးသီးတို့တွင် တိုက်ကျွေးခဲ့ကြသည်။ ပထမအကြိမ်တိုက်ကျွေးခြင်းကို ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ တိုက်ကျွေးခဲ့ပြီး အဆိုပါဆေးတိုက်ကျွေးခြင်းမှာ ကလေးငယ်များ မသန်မစွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန် မွေးကင်းစ အသက် ငါးနှစ်အောက်အရွယ် ကလေးငယ်တိုင်းကို ပိုလီယိုကာကွယ်ဆေးအပိုဆောင်းထိုးနှံတိုက်ကျွေးရခြင်း ဖြစ်သည်။ အဆိုပါ ဆေးတိုက်ကျွေးခြင်းကို မြောက်ဦးမြို့နယ် ဆရာဝန်ကြီး ဒေါက်တာ ခွန်မောင်အိုးနှင့် သူနာပြုဆရာမများက ဩဂုတ် ၂၅ ရက်ထိ တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## မေတ္တာရှင်အခမဲ့ဆေးကုဌာန နှစ်နှစ်ပြည့်အခမ်းအနားကျင်းပ

**ရမည်းသင်း ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွှေပြည်သာအနောက်ကျောင်းတိုက်အတွင်းရှိ မေတ္တာရှင် အခမဲ့ဆေးကုဌာန နှစ်နှစ်ပြည့် အခမ်းအနားနှင့် ဆေးပဒေသာအလှူငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကျောင်းတိုက်ဘုရားသုံးဆူဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရွှေပြည်သာအနောက်ကျောင်းတိုက်ဆရာတော် ဦးဣန္ဒက ကဩဝါဒကထာချီးမြှင့်သည်။ ယင်းနောက် ဗိုလ်ချုပ်ကိုကိုနိုင်(ငြိမ်း)၊ ဦးကျော်မြင့်(မြို့မိမြို့ဖ)တို့က အမှာစကားနှင့် မုဒိတာစကားပြောကြားသည်။ ဆက်လက်၍ ဗိုလ်ကြီးသန်းဝင်း(ငြိမ်း)က မေတ္တာရှင် အခမဲ့ဆေးခန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ အဆိုပါ မေတ္တာရှင် အခမဲ့ဆေးကုဌာနသည် နှစ်နှစ်တာကာလအတွင်း လူနာပေါင်း ၃၃၄၂ ဦးကို အခမဲ့ကုသပေးခဲ့ပြီးဖြစ်သည်။ **အတ်ကလေး(ရမည်းသင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၂-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၉၉ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၈ . ၃၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၉၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၂၃ |
| တရုတ် | တစ်ယွမ် | ၂၀၄ . ၀၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ . ၁၈ |

## မြန်မာ့ရုပ်မြင်သံကြား

၂၃-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၁၁း၃၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်
**ပွဲခံမယ်**
ခန့်စည်သူ၊ ထွန်းထွန်း၊ နေမျိုးအောင်၊ အိချောပို
ဒါရိုက်တာ-စတီး (ဒွေးမေတ္တာ)
၁၅း၀၀ - **ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်မြို့) (တတိယပိုင်း)**

**ညပိုင်း**

၁၇း၂၀ - Blast the Ball (အပိုင်း-၁)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - Road to SEA Games
(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအစီအစဉ်
- နိုင်ငံခြားဇာတ်လမ်းတွဲ **"မင်္ဂလာပါ ချောင်အန်း"** (အပိုင်း-၂)

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❀ **ရှုဖွယ်**

သုံးစွဲနိုင်ဖို့ပဲ အလေးထားကြစေလိုပါတယ်။ ပြည်သူတွေကလည်း အကောင်းဆုံး ကြိုးစားအားထုတ်မှုတွေကို ဆက်လက်အားပေးနေကြမှာပါ။

အမိနိုင်ငံကို ကိုယ်စားပြုပြီး အားကစားပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြရာမှာ တစ်ဦးချင်း ကျွမ်းကျင်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ အသင်းလိုက် ညီညွတ်မှုတို့နဲ့ ယှဉ်ပြိုင်ရတဲ့အပြင် ပြိုင်ပွဲဝင်နိုင်ငံက အားကစားသမားတွေရဲ့ ယဉ်ကျေးမှုနဲ့ ဂုဏ်သိက္ခာကိုပါ ထုတ်ဖော်ပြသခွင့် ရရှိကြတာဖြစ်ပါတယ်။

နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်တွေအားလုံး တရားမျှတခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ စိတ်ဓာတ်မြင့်မြတ်ခြင်းဆိုတဲ့ အားကစားစိတ်ဓာတ်၊ အားကစားသီလနဲ့အညီ အနိုင်မခံ အရှုံးမပေးဘဲ ကျားကုတ်ကျားခဲ ကြိုးပမ်းယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးကြမှာကို နိုင်ငံတော်နဲ့ ပြည်သူတွေက မျှော်လင့်နေကြပါပြီ။ ဒီမျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်နေကြတယ်ဆိုတာကိုလည်း အပြည့်အဝယုံကြည်ထားပါကြောင်း အလေးအနက်ထားပြောကြားလိုပါတယ်။

နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များအားလုံး နိုင်ငံ့ဂုဏ်ကို အမြင့်မားဆုံးမြှင့်တင်ဖော်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာ ပေးပို့အပ်ပါတယ်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

❍ **ရှုဖွယ်**

မွန်ပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာစေရေးရည်ရွယ်သည့် မွန်ပြည်နယ်ခရီးသွားပွဲတော်ကို စက်တင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါရက်များတွင် လာရောက်တည်းခိုကြမည့် ခရီးသွားဧည့်သည်များအတွက် မွန်ပြည်နယ်ရှိ မည်သည့်ဟိုတယ်မဆို တည်းခိုစရိတ် ၅၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မွန်ပြည်နယ်ကို ခရီးသွားလုပ်ငန်းပိုပြီးဖွံ့ဖြိုးလာစေဖို့ ပြည်တွင်း/ပြည်ပကပိုသိသွားအောင် ဈေးကွက်မြှင့်တင်မှုလုပ်တာပါ။ အများအားဖြင့် ကျိုက်ထီးရိုးလောက်ပဲလူတွေက အသိများကြတဲ့အခါ သွားလာလည်ပတ်လို့ရတဲ့ ဘယ်နေရာမှာ ဘာတွေရှိတယ်။ ဘာအစားအစာတွေ စားလို့ရတယ်ဆိုတာတွေကို သိသွားဖို့ ရည်ရွယ်ပါတယ်။ ပွဲတော်ကျင်းပတဲ့ နှစ်ရက်အတွင်းမှာ မွန်ယဉ်ကျေးမှုအကအလှုတွေနဲ့ ဖျော်ဖြေပွဲတွေ၊ ဒေသထွက်အစားအစာတွေ၊ ဘယ်နေရာတွေသွားလာလည်ပတ်လို့ရတယ်ဆိုတာတွေကို အနယ်နယ်အရပ်ရပ်က ဖိတ်ကြားထားတဲ့ ဧည့်သည်တွေကို ရှင်းပြဝန်ဆောင်မှုပေးသွားမှာပဲဖြစ်ပါတယ်။ ပွဲတော်တွင်း ဈေးဆိုင်တွေကအစ အထူးလျှော့ဈေးနဲ့ပေးနိုင်အောင်လည်း စည်းရုံးသွားဦးမှာဖြစ်ပါတယ်။ နှစ်စဉ်လည်းလုပ်သွားနိုင်အောင် ကြိုးစားသွားပါမယ်"ဟု ပြည်နယ်ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ ကိုဇညားစန်းက ပြောသည်။

တိုင်းရင်းသားမျိုးစုံနေထိုင်ပြီး စတုရန်းမိုင် လေးထောင့်ခုနစ်ရာကျော် ကျယ်ဝန်းသည့် မွန်ပြည်နယ်သည် ကမ္ဘာကျော်ကျိုက်ထီးရိုးစေတီအပါအဝင် လည်ပတ်စရာနေရာအများအပြားတည်ရှိကာ ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်ထားနိုင်သဖြင့် မြန်မာနိုင်ငံ၏ မီးခိုးမထွက်သော အစိမ်းရောင်စီးပွားရေးကို မြှင့်တင်ပေးနိုင်သည့် ပြည်နယ်တစ်ခုဖြစ်သည်။ ယမန်နှစ်က ပြည်တွင်းခရီးသွား နှစ်သန်းကျော်နှင့် ပြည်ပခရီးသွား နှစ်သိန်းကျော်တို့ မွန်ပြည်နယ်သို့ လာရောက်လည်ပတ်ခဲ့ကြပြီး ယခုနှစ် ဇူလိုင်လအထိ ပြည်တွင်းဧည့်သည် ၁၄ သိန်းကျော်နှင့် ပြည်ပဧည့်သည် တစ်သိန်းကျော်လာရောက်လည်ပတ် ခဲ့သည်ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနပြည်နယ်ရုံး၏ စာရင်းများအရ သိရသည်။

## ဧရာဝတီမြစ်ရေ စိုရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဩဂုတ် ၂၂**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အောင်လံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ပြည်မြို့နယ်၊ ဆိပ်သာမြို့နယ်နှင့် အောင်လံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# တရုတ်နိုင်ငံတွင် လူကြိုက်များသည့် မင်္ဂလာပါခြောင်အန်းဇာတ်လမ်းတွဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ စတင်ထုတ်လွှင့်ပြသ

**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)နှင့် ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာန (GXBS) တို့ ပူးပေါင်းစီစဉ်ထုတ်လွှင့်သည့် တရုတ်ရုပ်သံဇာတ်လမ်းတွဲ **"မင်္ဂလာပါ ခြောင်အန်း"** ကို မြန်မာစကားပြောနှင့် မြန်မာ့ရုပ်မြင်သံကြားက ဩဂုတ် ၂၂ ရက်ညမှ စတင်ပြီး အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်လမ်းသည် တရုတ်နိုင်ငံတွင် လူကြိုက်များပြီး ဘဝမှာ တွေ့ကြုံလာသည့် အခက်အခဲများကို ကြံ့ကြံ့ခံနိုင်သည့် စိတ်ဓာတ်အားမာန်ကို အတုယူစေမည့် ဇာတ်လမ်းလည်းဖြစ်သည့်အတွက် မြန်မာပရိသတ်များတီဗွီဖန်သားပြင်မှ နှစ်ခြိုက်စွာ အားပေးကြည့်ရှုကြလိမ့်မည်ဟု မျှော်လင့်ကြောင်း ယနေ့နံနက်ပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော် (တပ်ကုန်း)၌ကျင်းပသော တရုတ်ရုပ်သံဇာတ်လမ်းတွဲအစီအစဉ် စတင်ပြသခြင်းအခမ်းအနားနှင့် အသံသွင်းခန်းဆိုင်းဘုတ်တင်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများ ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံ၏ ပြန်ကြားရေးကဏ္ဍအပါအဝင် အခြားကဏ္ဍများမှာလည်း ယနေ့တိုင် ကာလကြာရှည်စွာ ပူးပေါင်းဆောင်ရွက်လာခဲ့ကြောင်း၊ အဆိုပါကဏ္ဍများထဲက တစ်ခုဖြစ်သည့် ယဉ်ကျေးမှုဖလှယ်ရေး၊ မီဒီယာလုပ်ငန်း အချင်းချင်းပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် တိုးတက်မှုအများအပြားကို တွေ့မြင်နေရပြီဖြစ်ပြီး အထူးသဖြင့် နှစ်နိုင်ငံကြားရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များ အပြန်အလှန် ဖလှယ်ရေး ပူးတွဲထုတ်လုပ်ရေးကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်မှာ သာဓကမြောက်မြားစွာ အထင်အရှားရှိခဲ့ကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနနှင့် နှစ်စဉ် ဖိတ်ခေါ်မှုအရ အာရှဒေသနှင့် ပစိဖိတ်ဒေသအတွင်းက ရုပ်သံလုပ်ငန်းများမှ မီဒီယာပိုင်းဆိုင်ရာဝန်ထမ်းများ အချင်းချင်း အတွေ့အကြုံဖလှယ်ရေး ဆွေးနွေးပွဲများ၊ လေ့လာရေးခရီးစဉ်များ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်နိုင်ခဲ့ကြောင်း၊ အဆိုပါဆောင်ရွက်မှုများအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ပြည်နယ်များမှ ပြန်ကြားရေးဝန်ကြီးဌာနများ၊ ရုပ်သံလိုင်းများနှင့်လည်း အပြန်အလှန် ဆက်သွယ်မှုများကို အခိုင်အမာထူထောင်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ပြန်ကြားရေးကဏ္ဍ၏ ရုပ်သံထုတ်လွှင့်မှုကဏ္ဍဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရုပ်သံထုတ်လွှင့်မှု ဌာနများဖြစ်သည့် GXBS အပါအဝင် YRTV၊ CCTV ၊ SARFT-MOFCOM ၊ CRI နှင့် GXTV စသည့်အဖွဲ့အစည်းများနှင့်လည်း အဆင့်မြင့်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ အပြန်အလှန်စေလွှတ်ခြင်းနှင့် အစီအစဉ်ဖလှယ်ခြင်း စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိပါကြောင်း ပြောကြားသည်။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအမြဲတမ်းကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီး မစ္စ ဖန့်ရှောင်လိနှင့် တာဝန်ရှိသူများ တရုတ်ဇာတ်လမ်းတွဲအစီအစဉ် စတင်ပြသခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်**

ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာန (GXBS) နှင့် မြန်မာအသံနှင့် ရုပ်မြင်သံကြား (MRTV) တို့ အကြား အသံလွှင့်လုပ်ငန်းများသဘောတူညီချက်ကို ၂-၉-၂၀၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါသဘောတူညီချက်အရ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ အတွင်း Guanxi နှင့် MRTV တို့ဘက်မှ ကိုယ်စားလှယ်များ အပြန်အလှန်လေ့လာရေးခရီးအကြိမ်ကြိမ်သွားရောက်ခဲ့ပြီး ခရီးစဉ်အတွင်း ဆွေးနွေးမှုများအရ ဖြည့်စွက်သဘောတူစာချုပ်ကို ၃၀-၃-၂၀၁၇ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ကာ တရုတ်ရုပ်မြင်သံကြားအစီအစဉ် ပူးတွဲထုတ်လွှင့်ရန်သဘောတူညီချက်ကို ၁၄-၆-၂၀၁၇ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ လက်မှတ်ရေးထိုးပြီး အစီအစဉ်များ ပူးပေါင်းထုတ်လွှင့်ခြင်းအားဖြင့် MRTV ၏ အစီအစဉ်များသည် ပိုမိုပြည့်စုံလာမည်ဖြစ်သည့်အတွက် PSB ကူးပြောင်းမှုတွင်လည်း အထောက်အကူဖြစ်သလို အဖွဲ့အစည်းနှစ်ခုအကြား ကူးလူးဆက်ဆံမှုများလည်း မြှင့်တင်ဆောင်ရွက်ရာ ရောက်မည်ဖြစ်ကြောင်း သိရသည်။

**မင်္ဂလာပါ ခြောင်အန်း**ဇာတ်လမ်းတွဲမှာ မြန်မာလိုအသံသွင်းသည့် လုပ်ငန်းကို MRTV မှ အမျိုးသား/အမျိုးသမီးဝန်ထမ်းခြောက်ဦး၏အသံဖြင့် ပါဝင်သရုပ်ဆောင်ခွင့်ရရှိပြီး အသံသွင်းခြင်းကို MRTV မှာပင် ဆောင်ရွက်မည်ဖြစ်သည့်အတွက် လုပ်ငန်းဆိုင်ရာ အတွေ့အကြုံနှင့် နည်းပညာကျွမ်းကျင်မှုကဏ္ဍတို့တွင် အပြန်အလှန်ဖလှယ်နိုင်ကြမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပါတီအမြဲတမ်းကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီး မစ္စ ဖန့်ရှောင်လိနှင့် တာဝန်ရှိသူများသည် ယနေ့စတင်ပြသမည့် **မင်္ဂလာပါ ခြောင်အန်း**ဇာတ်လမ်းတွဲ နမူနာ ပြသမှုကို ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင့်သံကြားနှင့် ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာနတို့ ပူးပေါင်းထုတ်လွှင့်သော တရုတ်ဇာတ်လမ်းတွဲအစီအစဉ် စတင်ပြသခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအမြဲတမ်းကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီး မစ္စ ဖန့်ရှောင်လိနှင့် တာဝန်ရှိသူများသည် မြန်မာဘာသာအသံသွင်းခန်းဆိုင်းဘုတ်ကို အတူတကွ ဖွင့်လှစ်ပေးပြီး မြန်မာဘာသာအသံသွင်းခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

"ကွမ်ရှီးရုပ်သံ (GXBS) နဲ့ ကျွန်တော်တို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) တို့ပူးတွဲပြီးတော့ အခုအစီအစဉ်လုပ်တဲ့အတွက် ကျွန်တော်တို့အဖို့လည်း အများကြီးအတွေ့အကြုံရပါတယ်။ တရုတ်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးနဲ့ ယဉ်ကျေးမှုဖလှယ်ရေးအတွက်လည်း အများကြီးအထောက်အကူပြုတယ်လို့ မြင်ပါတယ်။ ဒါသည် ကျွန်တော်တို့ဆီက အနုပညာသည်တွေ ကိုယ်တိုင်အသံနဲ့ ပါဝင်သရုပ်ဆောင်ရတာဖြစ်တယ်။ ပြီးတဲ့နောက် MRTV မှာ အသံသွင်းတဲ့ အလုပ်ကို လုပ်မှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့အဖို့ဆိုရင်လည်း အနုပညာရှင်တွေအတွက်ရော၊ နည်းပညာပိုင်းအတွက်ပါ အများကြီးအထောက်အကူပြုမယ်လို့ မြင်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အစီအစဉ်တွေမှာ တိုးတက်မှုရှိလာတဲ့ လက္ခဏာတစ်ခုဖြစ်တယ်လို့ ပြောချင်ပါတယ်" ဟု အခမ်းအနားအပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သတင်းမီဒီယာများအား ပြောကြားသည်။

ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအမြဲတမ်းကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီး မစ္စ ဖန့်ရှောင်လိက "တရုတ်-မြန်မာ နှစ်နိုင်ငံကြားရှိ မီဒီယာကဏ္ဍပူးပေါင်းဖြန့်ဖြူးရေး စနစ်သစ်ကိုဖန်တီးပြီး နှစ်နိုင်ငံကြားရှိ မီဒီယာကဏ္ဍမှာ သမိုင်းဝင်မှတ်တိုင်တစ်ခုလည်း ဖြစ်ပါတယ်။ ရေတစ်စက်ဖြင့် ပင်လယ်ကို မဖန်တီးနိုင်ဘူး။ စောင်းကြိုးတစ်ချောင်းဖြင့် သီချင်းကို မတီးခတ်နိုင်ဘူးလို့ဆိုတဲ့ တရုတ်ဆိုရိုး စကားရှိသလို ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဟုဆိုတဲ့ မြန်မာ ဆိုရိုးရှိပါတယ်။ တရုတ်ဇာတ်လမ်းတွဲအစီအစဉ်ကို မြန်မာနိုင်ငံမှာ အောင်မြင်စွာ ပြသခြင်းဖြင့် တရုတ်-မြန်မာအကြား ချစ်ကြည်ရေးကြိုးတံတားကြီးတို့တည်ဆောက်နိုင်သလို မြန်မာပြည်သူလူထုအတွက်လည်း တရုတ်နိုင်ငံကို သိရှိနားလည်ဖို့ နည်းလမ်း တစ်ခု ဖန်တီးပေးနိုင်ပါတယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအမြဲတမ်းကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီး မစ္စ ဖန့်ရှောင်လိ၊ မြန်မာနိုင်ငံ တရုတ်သံမှူး မစ္စတာယန်ရှိုကျင်း၊ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွှေး**



# မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့နံနက် ၉ နာရီခွဲတွင်လည်းကောင်း **(ဝဲပုံ)**၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီး H.E.Mr. Wouter Jurgens အား နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

တရုတ်သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးနိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံ ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ တရုတ်-မြန်မာ ချစ်ကြည်ရေးတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးကြသည်။

နယ်သာလန်သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်နိုင်မည့် အခြေအနေများ၊ နည်းပညာအသုံးပြုကာ ဒီမိုကရေစီ ပိုမိုဖြစ်ထွန်းရေးအတွက် ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နယ်သာလန်နိုင်ငံမှ ပေးအပ်နိုင်မည့် နည်းပညာအကူအညီများ၊ ဥပဒေပြုလုပ်ငန်းများတွင် ပြည်သူများ ပိုမိုပါဝင်လာနိုင်ရေးအတွက် ဆောင်ရွက်နိုင်မည့်အခြေအနေများအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးလုပ်ငန်းများအား လုပ်ဆောင်ရန် နည်းပညာဆိုင်ရာလုပ်ငန်းအုပ်စုများ ဖွဲ့စည်းမည်

**နေပြည်တော် ဩဂုတ် ၂၂**

ကျား/မ တန်းတူ ညီမျှရေးနှင့် အမျိုးသမီး စွမ်းပကားမြှင့်တင်ရေး အကျိုးတူပူးပေါင်းအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေး လုပ်ငန်းများအား လုပ်ဆောင်ရန်အတွက် နည်းပညာဆိုင်ရာလုပ်ငန်းအုပ်စုများကို ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်အတွက် ကုန်ကျစရိတ်ထည့်သွင်းထားသည့် စီမံချက်များ ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအားလုံး၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများအားလုံး တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရိုင်းပင်းကူညီကြခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများ ထိရောက်လျင်မြန်ပြီး ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)၏ (၅)နှစ်တာ လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်မည့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုအပေါ် ဝန်ကြီးဌာနလက်အောက်ရှိ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများအား ပြန်လည်ရှင်းလင်းဝေမျှခြင်း ဆွေးနွေးပွဲသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှု ဖြစ်စဉ်သည် လမ်းကြောင်းပေါ်တွင်ရှိနေပြီး ရှေ့ဆက်အောင်မြင်မှုများရရှိရေး ဆင်ခြင်ဆောင်ရွက်နိုင်ရန် အဆိုပါဆွေးနွေးပွဲကို ကျင်းပခဲ့ပါကြောင်း၊ အောင်မြင်မှုရရှိရေးအတွက် အင်အားလိုအပ်ပါကြောင်း၊ ဝန်ဆောင်မှုပေးသော ဝန်ထမ်းနှင့် ဝန်ဆောင်မှုရယူသည့် ပြည်သူများအပြန်အလှန် နားလည်မှုရှိရှိဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာကိုလည်း အချိန်ကိုက် မိတ်ဆက်ခဲ့ပြီးဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေးတွင် ဝန်ထမ်းများအရည်အချင်းနှင့် ယုံကြည်မှုရှိရေးလိုအပ်ပါကြောင်း၊ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အသွင်ကူးပြောင်းရေးကို အမြန်ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**



# စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်

**နေပြည်တော် ဩဂုတ် ၂၂**

စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ နိုင်ငံတကာတွင်လည်း ထိရောက်စွာ ဆောင်ရွက်နေပါကြောင်း၊ အာဆီယံဒေသတွင်း နိုင်ငံအများစုတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သို့မဟုတ် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနတို့က တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ထိုင်းနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့တွင် ဝန်ကြီးချုပ်ရုံးနှင့် အစိုးရအဖွဲ့ရုံးတို့က တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၏အောက်တွင်လည်း အာဆီယံစားသုံးသူ အကာအကွယ်ပေးရေးကော်မတီ(ACCP)ကို ဖွဲ့စည်းပြီး မဟာဗျူဟာ(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ၊ အထူးစီးပွားရေးဇုန်ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိသကဲ့သို့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ စားသုံးသူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့ကို စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်အညီ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်များတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များကို ဖွဲ့စည်း၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ အငြင်းပွားမှုဖြေရှင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသုံးသူများကို အသိပညာပေးခြင်းဆောင်ရွက်နေသကဲ့သို့ ထုတ်လုပ်သူ၊ ရောင်းချသူများကိုလည်း အသိပညာပေးခြင်း၊ အရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသခံလူမှုအဖွဲ့အစည်းများအပါအဝင် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးတို့က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ဗဟိုကော်မတီအတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုး ပိုလာနိုင်

**နေပြည်တော် ဩဂုတ် ၂၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ **(မိုး/ဇလ)**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဥက္ကဋ္ဌ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၂**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်သည် ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)** **(သတင်းစဉ်)**



# ၂၀၁၇ ခုနှစ် အဆင့်မြင့်ပညာကဏ္ဍ ပထမအကြိမ် မြန်မာဘာသာစကားစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်)ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၂**

ပညာရေးဝန်ကြီးဌာန ၂၀၁၇ ခုနှစ် အဆင့်မြင့်ပညာကဏ္ဍ ပထမအကြိမ် မြန်မာဘာသာ စကားစွမ်းရည်ပြိုင်ပွဲ (ဗဟိုအဆင့်)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၂ (MICC-2) ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်မှာကြားသည်။ **(ယာပုံ)**



အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော် ထွန်း၊ ပြည်သူ့လွှတ်တော် ပညာရေး မြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ တင်အောင်၊ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီမှ တာဝန်ရှိ သူများ၊ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဝိဇ္ဇာသိပ္ပံပညာရှင်အဖွဲ့မှ တာဝန်ရှိသူများ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသား ပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေး ကော်မတီတို့မှ တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကောလိပ်တို့မှ ပါမောက္ခချုပ် များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမ များနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ထူးချွန်ထက်မြက်ပြီး အခက်အခဲနှင့် စိန်ခေါ်မှုကို ရင်ဆိုင်နိုင် သော ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ကျောင်းသား ကျောင်းသူ လူငယ် မောင်မယ်များ ပေါ်ထွက်လာရေးအတွက် ဘက်ပေါင်းစုံ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သော အရေးကြီးသည့် အရည်အသွေးတစ်ရပ် မှာ ဘာသာစကား စွမ်းရည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အတွက် အင်္ဂလိပ်ဘာသာ စကားစွမ်းရည် ပြိုင်ပွဲများ ကျင်းပပေးခဲ့သလို ယခုနှစ်က စပြီး မြန်မာဘာသာစကားစွမ်းရည် ပြိုင်ပွဲကို ပထမအကြိမ် စတင်ကာ စဉ်ဆက်မပြတ် ကျင်းပနိုင်လာမည်ဖြစ်ပါ ကြောင်း၊ သိပ္ပံနှင့် နည်းပညာတိုးတက် ထွန်းကားမှုနှင့်အတူ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ အသိပညာနှင့် နည်းပညာ ဖလှယ်မှုများ မြန်ဆန်လွယ်ကူလာသည် နှင့်အမျှ ဘာသာစကားနှင့် ယဉ်ကျေးမှု ဆိုင်ရာ စိန်ခေါ်မှုများကိုလည်း မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ကြရမည်ဖြစ်ကြောင်း၊ မြန်မာဘာသာစကားသည် မြန်မာနိုင်ငံ အတွက် ရုံးသုံးဘာသာစကားဖြစ်ပြီး မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြ သော တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ စည်းလုံးညီညွတ်မှု ပြယုဂ်တစ်ခုလည်း ဖြစ်ပါကြောင်း၊ ပထမအကြိမ် မြန်မာ ဘာသာစကားစွမ်းရည် ပြိုင်ပွဲတွင် အရေး စွမ်းရည်၊ အပြောစွမ်းရည်၊ အရွတ်အဖတ် စွမ်းရည်ဖြစ်သော စွမ်းရည်သုံးရပ် အတွက် ပြိုင်ပွဲပေါင်း ခြောက်မျိုးပါဝင်မည် ဖြစ်ပါကြောင်း၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းအဆင့် ပြိုင်ပွဲ၊ ဦးစီးအဆင့်ပြိုင်ပွဲများ အဆင့်ဆင့် ကျော်ဖြတ်ပြီးမှ ယခု ဗဟိုအဆင့်သို့ ရောက်ရှိလာကြရသောကြောင့် ကျောင်း သား ကျောင်းသူများ၏ ကြိုးစား ယှဉ်ပြိုင်အားထုတ်မှုကို ချီးကျူးဂုဏ်ပြု ပါကြောင်း၊ ယခုပြိုင်ပွဲသည် ကျောင်းသား ကျောင်းသူများ၏ အမိမြန်မာစာ၊ မြန်မာ ဘာသာစကားစွမ်းရည်ကို တရားမျှတစွာ ယှဉ်ပြိုင်၍ ဖော်ကျူးပြသနိုင်သည့်ပွဲဟု ဆိုရမည်ဖြစ်ပါကြောင်း၊ နောင်နှစ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် များမှ ကျောင်းသား ကျောင်းသူအားလုံး ကို ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ကျင်းပပေးသွားမည် ဖြစ်ပါကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် အဆင့်မြင့်ပညာကဏ္ဍ ပထမအကြိမ် မြန်မာဘာသာစကား စွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်)သို့ ဝင်ရောက် ယှဉ်ပြိုင်ကြသော တက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကောလိပ်တို့မှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများသည် အပြောစွမ်းရည် ကျပန်းစကားပြော ပြိုင်ပွဲ၊ အပြောစွမ်းရည် စကားရည်လု ပြိုင်ပွဲများကို အသီးသီး ဝင်ရောက် ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်နှင့် ချင်းပြည်နယ်တို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ နံနက် ၁၁ နာရီက မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့ အလန် မာစီရယ်လ်နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (USAID) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်း လုပ်ငန်းများနှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ လယ်ယာသားငါး ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်နှင့် ချင်းပြည်နယ်တို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များတွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အမေရိကန် ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့ အလန် မာစီရယ်လ်အား ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍ တိုးတက်ကောင်းမွန်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပါဝင်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ဥပဒေရုံးများ၏ လုပ်ငန်း စွမ်းရည် တိုးတက်ကောင်းမွန်ရေးအတွက် Pilot Law Office များထူထောင်ခြင်းနှင့် ဥပဒေအရာရှိကျင့်ဝတ်နှင့် မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများ သတ်မှတ်ထုတ်ပြန်ခြင်း အတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တရားဥပဒေ စိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍနှင့်သက်ဆိုင်သည့် လုပ်ငန်း များ၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် အမေရိကန်နိုင်ငံရှေ့နေချုပ်ရုံး နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့်ကိစ္စများ၊ နှစ်နိုင်ငံဥပဒေအရာရှိများအကြား လုပ်ငန်းအတွေ့အကြုံများကို အပြန်အလှန် ဖလှယ်ဆွေးနွေး ရေးနှင့် သင်တန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနှင့် အမေရိကန်အကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ သဘောတူညီချက်စာလွှာ ပြင်ဆင်ချက် (ALoA) (၂၀၁၇ ခုနှစ်)လက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံ နှစ်နိုင်ငံ အကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ သဘော တူညီချက်စာလွှာပြင်ဆင်ချက် (ALoA) (၂၀၁၇ ခုနှစ်) လက်မှတ်ရေးထိုးပွဲ အခမ်း အနားကို ပြည်ထဲရေးဝန်ကြီးဌာန မြန်မာ နိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေး ခန်းမ(၁)၌ ယနေ့မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ကျင်းပခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦးနှင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ စကော့ အလန်မာစီရယ်လ်နှင့် ညှိသည် တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့ အလန်မာစီရယ်လ်တို့က လက်မှတ်ရေးထိုးရခြင်း အကြောင်းကို အသီးသီးရှင်းလင်းပြောကြားကြသည်။

အခမ်းအနားတွင် ဗဟိုအဖွဲ့အတွင်း ရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦးနှင့် မြန်မာနိုင်ငံ ဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့ အလန် မာစီရယ်လ်တို့က မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံ နှစ်နိုင်ငံ အကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ သဘောတူ ညီချက်စာလွှာ ပြင်ဆင်ချက် (ALoA) (၂၀၁၇ ခုနှစ်) လက်မှတ်ရေးထိုးခဲ့ကြ ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**



# တောင်ကုတ်မြို့နယ် စီမံကိန်းကျေးရွာ လေးရွာ၌ ချေးငွေထုတ်ချေး

**သံတွဲ ဩဂုတ် ၂၂**

တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်းချေးငွေ များကို ဩဂုတ်လဒုတိယပတ်က စလူ၊ မော်လှမော်၊ ကျောက်မောင်နှမ၊ ကင်းခြေစသည့် စီမံကိန်းကျေးရွာများသို့ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် စီမံကိန်းရွာ လေးရွာအတွက် ငွေကျပ် သိန်းပေါင်း ၁၂၀၀ ကို နေ့ချင်းပြီး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ချေးငွေထုတ်ပေးရာသို့ သံတွဲခရိုင် ကျေးလက် ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်ကုတ်မြို့နယ် ကျေးလက် ဦးစီးမှူးနှင့် ဝန်ထမ်းများသွားရောက်၍ ကြီးကြပ်ဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၂** - ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင် ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ **(မိုး/ဇလ)**

# သိမ်းဆည်းခံလယ်ယာမြေအပါအဝင် အခြားမြေများနှင့် စပ်လျဉ်း၍

မင်းမင်းဇော်(ကလေး)၊ ဓာတ်ပုံ-မောင်ဖိုးဇော်

**ယနေ့ကာလတွင် သိမ်းဆည်းခံလယ်ယာမြေအပါအဝင် အခြားမြေများနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ဖြေရှင်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။**

**မေး ။ လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီရဲ့ ဖွဲ့စည်းပုံကို သိပါရစေ။**

ဖြေ ။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဥက္ကဋ္ဌဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူတို့က ဒုတိယဥက္ကဋ္ဌတွေဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အတွင်းရေးမှူးဖြစ်ပြီး ကာကွယ်ရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စက်မှုနဲ့ ဆောက်လုပ်ရေး စတဲ့ ဝန်ကြီးဌာနတွေက ပြည်ထောင်စုဝန်ကြီးတွေနဲ့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေက အဖွဲ့ဝင်တွေအဖြစ် တာဝန်ထမ်းဆောင်ကြပါတယ်။

**မေး ။ လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီရဲ့ လက်ရှိဆောင်ရွက်မှု အခြေအနေကို သိပါရစေ။**

ဖြေ ။ ဗဟိုကော်မတီအနေနဲ့ လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခံရပါတယ်လို့ တိုင်ကြားတဲ့ တိုင်ကြားချက်တွေကို ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ဗဟိုကော်မတီအပြင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နဲ့ ကျေးရွာတွေအထိ ကော်မတီတွေ ဖွဲ့စည်းထားပါတယ်။ တိုင်ကြားချက်တွေကိုစိစစ်ပြီး သိမ်းဆည်းခံလယ်ယာမြေတွေကို ပြန်လည်ပေးအပ်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ဗဟိုကော်မတီအနေနဲ့ သိမ်းဆည်းခံလယ်ယာမြေတွေနဲ့ ပတ်သက်လို့ ဖြေရှင်းဆောင်ရွက်တဲ့နေရာမှာ ဘယ်လိုမူဝါဒတွေ၊ ဘယ်လိုလုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်နေသလဲဆိုတာကို သိပါရစေ။**

ဖြေ ။ ဗဟိုကော်မတီအနေနဲ့ သိမ်းဆည်းခံမြေကိစ္စရပ်တွေ ဖြေရှင်းဆောင်ရွက်တဲ့ နေရာမှာ သိမ်းဆည်းမြေတွေနဲ့ စပ်လျဉ်းတဲ့ မူဝါဒ(၅)ရပ်၊ တပ်မြေသိမ်းဆည်းမှုတွေနဲ့စပ်လျဉ်းတဲ့ မူဝါဒ (၃) ရပ်၊ စွန့်လွှတ်မြေတွေ သက်ဆိုင်သူလက်ဝယ် အမြန်ဆုံးရောက်ရှိရေး လုပ်ငန်းစဉ်(၈)ရပ်၊ သိမ်းဆည်းမြေတွေနဲ့ စပ်လျဉ်းတဲ့ စိစစ်ဖို့အချက်(၆) ချက်၊ စွန့်လွှတ်ခြင်းမရှိတဲ့ သိမ်းဆည်းမြေတွေနဲ့ စပ်လျဉ်းတဲ့ စိစစ်ဖို့အချက်(၇)ချက်၊ စွန့်လွှတ်တဲ့ သိမ်းဆည်းမြေတွေနဲ့စပ်လျဉ်းတဲ့ စိစစ်ဖို့ အချက် (၅)ချက်၊ ကော်မတီအဆင့်ဆင့် အလေးထားဆောင်ရွက်ဖို့ အချက် (၁၅)ချက်နဲ့ စွန့်လွှတ်မြေများ သိမ်းဆည်းမြေများဆိုင်ရာ လမ်းညွှန်ချက် (၈)ရပ် စတဲ့မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။



ဦးတင်မြင့်
အမြဲတမ်းအတွင်းဝန်

**မေး ။ လယ်ယာမြေအပါအဝင် အခြားမြေတွေ သိမ်းဆည်းခံရတဲ့ နစ်နာသူပြည်သူတွေအနေနဲ့ ဘယ်ကိုဘယ်လို တိုင်ကြားနိုင်ပါသလဲ။**

ဖြေ ။ နစ်နာသူပြည်သူတွေအနေနဲ့ ဗဟိုကော်မတီကို တိုက်ရိုက်တိုင်ကြားနိုင်သလို သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ကော်မတီအဆင့်ဆင့်ကိုလည်း တိုင်ကြားနိုင်ပါတယ်။ နစ်နာသူကာယကံရှင်တွေကိုယ်တိုင် တိုင်ကြားမယ်ဆိုရင် ပိုမိုအဆင်ပြေပါတယ်။ တိုင်ကြားတဲ့နေရာမှာ ဘယ်အဖွဲ့အစည်းက သိမ်းဆည်းတယ်၊ ဘယ်ကော်မတီက သိမ်းဆည်းတယ် စသည်ဖြင့် တိတိကျကျဖော်ပြပြီး နစ်နာသူကာယကံရှင်ရဲ့ အမည်၊ မှတ်ပုံတင်နံပါတ်နဲ့ နေရပ်လိပ်စာတွေကို ပြည့်ပြည့်စုံစုံ တိတိကျကျ ဖော်ပြတိုင်ကြားနိုင်ပါတယ်။ တိုင်ကြားမှုအပေါ်မှာ သတ်မှတ်ထားတဲ့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေနဲ့အညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး ။ ဒီနေ့အချိန်ထိ ဖြေရှင်းဆောင်ရွက်ပြီးတဲ့ တိုင်ကြားစာအမှုတွဲပေါင်း ဘယ်လောက်အထိရှိနေပြီဆိုတာကို ပြောပြပေးပါခင်ဗျာ။**

ဖြေ ။ ဗဟိုကော်မတီအပါအဝင် သက်ဆိုင်ရာကော်မတီအရပ်ရပ်ကို ဒီနေ့အထိ တိုင်ကြားစာအမှုတွဲပေါင်း ၅၁၁၇ မှု ရှိပါတယ်။ အဲဒီတိုင်ကြားစာတွေထဲက တိုင်ကြားစာအမှုတွဲ ၄၆၀ ကို ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဖြေရှင်းဖို့ ၄၆၅၇ မှုကျန်ရှိပြီး ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ သက်ဆိုင်ရာအဖွဲ့အစည်းတွေ အသုံးမပြုဘဲ ပိုလျှံနေတဲ့မြေတွေနဲ့ ပတ်သက်လို့ ဘယ်လို ဆက်လက်ဆောင်ရွက်နေတယ်ဆိုတာကို သိပါရစေ။**

ဖြေ ။ နိုင်ငံတော်အစိုးရရဲ့မူဝါဒအရ သိမ်းဆည်းထားတဲ့သူတွေအနေနဲ့ သိမ်းဆည်းမြေတွေကို အမှန်တကယ်အသုံးပြုခြင်း၊ အများပြည်သူအကျိုးငှာ အသုံးပြုခြင်းမရှိဘူးဆိုရင် ပိုလျှံတဲ့မြေတွေကို ပြန်လည်အပ်နှံဖို့ စီစဉ်ညွှန်ကြားဆောင်ရွက်လျက်ရှိပါတယ်။ ယခုအစိုးရလက်ထက်မှာ မြေဧကစုစုပေါင်း ၃၉၇၉၀ ဒသမ ၅၇ ဧကကို တောင်သူလယ်သမားတွေထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ ယခင် အစိုးရလက်ထက်တုန်းကလည်း မြေဧကစုစုပေါင်း ၄၁၉၇၇၁ ဒသမ ၇၉၁ ဧကကို စွန့်လွှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် စွန့်လွှတ်မြေစုစုပေါင်း ၄၅၉၅၆၂ ဒသမ ၃၆၂၅ ဧက စွန့်လွှတ်ပြီးဖြစ်ပါတယ်။ ဒါတွေကလည်း တပ်မတော်အပါအဝင် ဝန်ကြီးဌာနအသီးသီးနဲ့ ကော်မတီအသီးသီးက ပြန်လည်စွန့်လွှတ်ပေးကြခြင်းဖြစ်ပါတယ်။

**မေး ။ ဗဟိုကော်မတီရဲ့ ဆောင်ရွက်ချက်တွေနဲ့ ရှေ့ဆက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ ။ ဗဟိုကော်မတီအနေနဲ့ ချမှတ်ထားတဲ့ မူဝါဒတွေနဲ့ လုပ်ငန်းစဉ်တွေကိုပြန်လည်သုံးသပ်ပါတယ်။ လက်ရှိဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တွေအပေါ်မှာ အားနည်းချက်တွေ အားသာချက်တွေကို ပြန်လည်သုံးသပ်ဆန်းစစ်နိုင်ဖို့အတွက် ဗဟိုအဆင့်အစည်းအဝေးကို သုံးလတစ်ကြိမ် ကျင်းပပါတယ်။ တိုင်ကြားမှုတွေနဲ့ပတ်သက်လို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဆင့် အစည်းအဝေးတွေကို တစ်လတစ်ကြိမ်ပြုလုပ်ပြီး စီမံခန့်ခွဲလျက်ရှိပါတယ်။ သုံးသပ်ဆွေးနွေးချက်တွေအပေါ်မူတည်ပြီး နစ်နာမှုမရှိအောင် အမြန်ဆုံးဖြေရှင်းပေးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ စွန့်လွှတ်မြေပြန်လည်အပ်နှံခြင်းအခမ်းအနားတွေ ပြုလုပ်ပြီး လက်ရောက်ပြန်လည်ပေးအပ်ခြင်း၊ ယာယီလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၃) ပေးအပ်ခြင်းနဲ့ အမြဲတမ်းလုပ်ကိုင်ခွင့်ပုံစံ(၇) ပေးအပ်ခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ မြို့နယ်တွေအထိ ဆောင်ရွက်နေပါတယ်။ ဆက်လက်ဆောင်ရွက်ပေးဖို့အတွက် အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ စဉ်ဆက်မပြတ် ဆွေးနွေးတိုင်ပင်ပါတယ်။ လယ်ယာမြေနဲ့ အခြားမြေသိမ်းဆည်းခံရမှုတွေနဲ့ ပတ်သက်လို့ နစ်နာသူတွေရဲ့တင်ပြချက်တွေကိုစိစစ်ပြီး နစ်နာသူတွေလက်ထဲ အမြန်ရောက်ရှိနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီး ပိုမိုကောင်းမွန်လွယ်ကူတဲ့ မူဝါဒတွေ၊ မြန်ဆန်စွာဆောင်ရွက်နိုင်တဲ့ လုပ်ငန်းလမ်းညွှန်ချက်တွေ ချမှတ်ဆောင်ရွက်ဖို့အတွက် အမြဲညှိနှိုင်းဆွေးနွေးတိုင်ပင်လျက် ရှိပါတယ်။

**မေး ။ သိမ်းဆည်းခံမြေတွေ ပြန်လည်ပေးအပ်တဲ့အခါ မရရှိသေးတဲ့တောင်သူတွေအတွက် ဘယ်လိုဆောင်ရွက်ပေးနေတယ်ဆိုတာ သိပါရစေ။**

ဖြေ ။ တပ်မတော်အပါအဝင် ဝန်ကြီးဌာနအသီးသီးအနေနဲ့ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်ရဲ့အကျိုး၊ အများပြည်သူအကျိုးအတွက် အသုံးပြုနေတယ်ဆိုရင် ပြန်လည်စွန့်လွှတ်နိုင်ခြင်း မရှိပါဘူး။ အများပြည်သူအကျိုးအတွက် အသုံးမပြုတဲ့ ပိုလျှံတဲ့မြေတွေကို ပြန်လည်စွန့်လွှတ်ဖို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ပြန်လည်စွန့်လွှတ်တဲ့အခါ ရရှိသင့်ရရှိထိုက်တဲ့ မူလတောင်သူလယ်သမားတွေကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်စွန့်လွှတ်နိုင်ခြင်းမရှိတဲ့ မြေတွေအတွက် မြေယာလျော်ကြေး၊ နစ်နာကြေးတွေ ပေးလျက်ရှိပါတယ်။

**မေး ။ သိမ်းဆည်းမြေယာတွေနဲ့ ပတ်သက်လို့ ဖြေရှင်းပေးနေပေမယ့် ပြဿနာတွေ ရှိနေသေးတယ်ဆိုတာ သိရပါတယ်။ အဲဒါတွေကို ထိထိရောက်ရောက်ဖြေရှင်းနိုင်ဖို့ ဘယ်လိုလုပ်ဆောင်သွားမယ်ဆိုတာကို သိပါရစေ။**

ဖြေ ။ သိမ်းဆည်းမြေယာတွေနဲ့ ပတ်သက်လို့ ဗဟိုကော်မတီအပါအဝင် သက်ဆိုင်ရာကော်မတီတွေအနေနဲ့ တည်ဆဲလယ်ယာမြေဥပဒေတွေနဲ့အညီ စိတ်ရင်းစေတနာအမှန်နဲ့ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့သော် အောက်ခြေမှာ စွန့်လွှတ်လယ်ယာမြေတွေနဲ့ ပတ်သက်လို့ ပိုင်ဆိုင်မှုအငြင်းပွားနေတာတွေကို တွေ့ရပါတယ်။ အဲဒါတွေကို တရားဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားအဆင့်၊ နိုင်ငံအဆင့် မြေအသုံးချမှုဆိုင်ရာ မူဝါဒကိုရေးဆွဲလျက်ရှိပါတယ်။ အဲဒီမူဝါဒတွေ၊ ဥပဒေတွေဖြစ်ပေါ်လာရင် တောင်သူတွေနစ်နာမှုမရှိစေဖို့အတွက် ပိုမိုအလေးထား ကြိုးပမ်းဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

**မေး ။ သိမ်းဆည်းခံမြေတွေနဲ့ ပတ်သက်လို့ တစ်ဆင့်ရောင်းချသွားတဲ့မြေတွေ ရှိတယ်လို့လည်း သိရပါတယ်။ အဲဒါနဲ့ပတ်သက်လို့ နှစ်ဦးနှစ်ဖက်လုံးက မနစ်နာဖို့တောင်းဆိုခဲ့ရင် ဘယ်လိုဖြေရှင်းဆောင်ရွက်သွားမလဲခင်ဗျာ။**

ဖြေ ။ သက်ဆိုင်ရာ ကာယကံရှင် တောင်သူလယ်သမားတွေက မြေသိမ်းခံရတယ်လို့ တင်ပြလာခဲ့ရင် သက်ဆိုင်ရာရပ်ကွက်နဲ့ ကျေးရွာတွေက ဆုံးဖြတ်ပေးပါတယ်။ အဲဒီဆုံးဖြတ်ချက်ကိုမကျေနပ်ရင် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီတွေကနေ ဗဟိုကော်မတီအဆင့်ဆင့်အထိကို တရားရုံးတွေလို အယူခံဝင် တင်ပြနိုင်ပါတယ်။ အဲဒါဒီမှာ နှစ်ဖက်ပိုင်ဆိုင်မှုအငြင်းပွားနေရင် သက်ဆိုင်ရာတရားရုံးမှာဖြေရှင်းပြီး ရသင့်ရထိုက်တဲ့သူ ရရှိစေဖို့ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဖြေရှင်းဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာကော်မတီအဆင့်ဆင့်အနေနဲ့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေကို ဖိတ်ကြားပြီး အမျှတဆုံးဖြစ်အောင် ဆောင်ရွက်နေပါတယ်။ အဲဒါအပြင် ပိုင်ဆိုင်မှုအထောက်အထားမရှိခဲ့ရင်တောင် သက်ဆိုင်ရာဒေသက ရပ်ရွာက ကြည်ညိုလေးစားရတဲ့ ပုဂ္ဂိုလ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေက မူလပိုင်ရှင်ဖြစ်တယ်၊ ရသင့်ပါတယ်လို့ ဝင်ရောက်ဆုံးဖြတ်ပေးရင် ကျွန်တော်တို့အနေနဲ့ ပူးပေါင်းပြီး ရသင့်ရထိုက်တဲ့သူ ရရှိစေဖို့ ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာနယ်မြေဒေသတွေမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ရပ်ရွာက ကြည်ညိုလေးစားရတဲ့ ပုဂ္ဂိုလ်တွေ၊ ရပ်မိရပ်ဖတွေက ပူးပေါင်းကူညီမယ်ဆိုရင် ဖြေရှင်းမှုတွေဟာ များစွာအဆင်ပြေချောမွေ့မယ်လို့ ယုံကြည်ပါတယ်။

**မေး ။ လယ်ယာမြေပြဿနာတွေ အမြန်ဆုံး ဖြေရှင်းနိုင်ဖို့ ထပ်မံဖြည့်စွက်ပြောကြားပေးပါဦးခင်ဗျ။**

ဖြေ ။ လယ်ယာမြေပြဿနာတွေ အမြန်ဆုံး ပြေလည်စေဖို့ ကော်မတီအဆင့်ဆင့်နဲ့ အတူ စနစ်တကျပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ တိကျပြတ်သားတဲ့ မြေယာဥပဒေ ပေါ်လာရင် မြေသိမ်းဆည်းခံရမှုဆိုတာရှိတော့မှာ မဟုတ်ပါဘူး။ နိုင်ငံတော်အကျိုးငှာ မလွဲမရှောင်သာ ဆောင်ရွက်သွားမယ်ဆိုရင်တောင် မြေယာဥပဒေတွေနဲ့အညီ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ လေးစားရတဲ့ ရပ်မိရပ်ဖတွေနဲ့ ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမယ်ဆိုရင် တောင်သူလယ်သမားတွေအတွက် များစွာအကျိုးရှိမှာဖြစ်ပါတယ်။ စွန့်လွှတ်မြေတွေကို မူလပိုင်ရှင်တွေဆီ ဥပဒေနဲ့အညီ အမြန်ဆုံးပြန်လည်လွှဲအပ်ပေးနိုင်မှာ ဖြစ်ပါတယ်။

## ဧရာဝတီမြစ်အတွင်း ဘက်ဟိုးနှင့် ကရိန်းများတင်ဆောင်လာသည့် CB တွဲရေယာဉ် နစ်မြုပ်မှုဖြစ်ပွား



**ဆိပ်ဖြူ ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကိုးတောင့်ကျေးရွာအုပ်စု ရေလယ်ကျွန်းကျေးရွာ (ရွာဟောင်း)အနီး ဧရာဝတီမြစ်အတွင်း ဘက်ဟိုးနှင့် ကရိန်းယာဉ်များ တင်ဆောင်ထားသည့် တွဲရေယာဉ်တစ်စင်း နစ်မြုပ်နေကြောင်း ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီခန့်က သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရေယာဉ်အုပ် ဦးအောင်တင် (၆၅ နှစ်) အဏ္ဏဝါမယ်တွန်းရေယာဉ် ၇၀၉၄၊ CB တွဲယာဉ် အမှတ် ၆၆၉ ပေါ်၌ ဆင်နှစ်ကောင် ကုမ္ပဏီပိုင် တန် ၅၀၀ ကရိန်း တစ်စီး၊ တန် ၁၁၀ ကရိန်း တစ်စီး၊ တန် ၁၀၀ ကရိန်းတစ်စီး၊တန် ၈၅ ကရိန်းတစ်စီး၊ တန် ၂၅ ကရိန်း တစ်စီးနှင့် တန် ၂၅ ဘက်ဟိုးတစ်စီး၊ မြေကော်ကားတစ်စီးတို့ကို တင်ဆောင်၍ ညောင်ဦးမြို့နယ် ညောင်လုကျေးရွာမှ ရန်ကုန်မြို့သို့ စုန်ဆင်းလာရာ နံနက် ၁၁ နာရီခွဲခန့်တွင် ချောက်-ဆိပ်ဖြူ အနော်ရထာမြစ်ကူးတံတား ချောက်မြို့နယ်ဘက် P5 နှင့် P6 အကြား ရေယာဉ်လမ်း ကြောင်းအရောက်တွင် ရာသီဥတုဆိုးရွားမှုကြောင့် Back ပြန်ဆွဲရာ ရေစီးအားကြောင့် တွဲရေယာဉ်ဆိုင်းကြိုးများပြတ်၍ P 5 တံတားတိုင်အား ပွတ်တိုက်မှုဖြစ်ပွားခဲ့ပြီး တံတားအောက်ဘက်သို့ ရေစီးအတိုင်းမျောပါကာ ဆိပ်ဖြူမြို့နယ် ကိုးတောင့်ကျေးရွာအုပ်စု ရေလယ်ကျွန်းကျေးရွာ (ရွာဟောင်း) အနီး ရေလယ်ကျွန်းကမ်းပါးသို့ အဏ္ဏဝါမယ်ကတွန်းပို့ကာ ကမ်းကပ်နိုင်ခဲ့ပြီး CB တွဲယာဉ်သည် တံတားတိုင် P 5 နှင့် ပွတ်တိုက်ခဲ့ခြင်းကြောင့် ကိုယ်ထည်သံပြားပေါက်၍ ရေများဝင်ရောက်ကာ တိမ်းစောင်းနစ်မြုပ်ခဲ့ပြီး CB တွဲယာဉ် တွင်ပါရှိသည့် ယာဉ်ယန္တရားများ နစ်မြုပ်ခဲ့ကြောင်း၊ တွန်းရေယာဉ် ၇၀၉၄ ပေါ်တွင် လူ ၁၁ ဦးပါရှိခဲ့ပြီး အသက်အန္တရာယ်နှင့် ထိခိုက်ဒဏ်ရာရှိမှု တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

အဆိုပါဖြစ်ပွားရာနေရာသို့ ဆိပ်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်အေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းမြင့်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ ချောက်မြို့နယ် မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူးတို့ပါဝင်သည့် တပ်ဖွဲ့ဝင်များက လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးခဲ့ပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန မကွေးတိုင်းဒေသကြီး ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရေယာဉ်အုပ်(၄) ဦးသန်းအောင်တို့က ဖြစ်စဉ်များနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ကျေးလက်နေပြည်သူများအား ဒစ်ဂျစ်တယ်နည်းပညာများတတ်မြောက်စေရန်၊ သတင်းအချက်အလက်ဆိုင်ရာ အသိပညာရရှိစေရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ အဆင့်လိုက်ဆောင်ရွက်သွားရန်ရှိ

နေပြည်တော် ဩဂုတ် ၂၂

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းသုံးခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခုနှင့် ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၏ **သတင်းအချက်အလက်ဆိုင်ရာ အသိပညာတတ်မြောက်မှု (Information Literacy)နှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာတတ်မြောက်မှု (Digital Literacy)ပညာရပ်များကို ကျောင်းသားများအပါအဝင် ပြည်သူလူထုများ နားလည်သိမြင်လာစေရေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြည်သူများအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများပေါ်မှ သတင်းအမှားနှင့် အမှန်ကို ခွဲခြားသိရှိနိုင်ရေးအတွက် Media Literacy စွမ်းရည်မြင့်တက်လာစေရန် ပညာရှင်များ၊ Blogger များနှင့် တွေ့ဆုံမေးမြန်းသည့် အစီအစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက လစဉ်ထုတ်လွှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူလူထုမှ သတင်းအချက်အလက်များ လျင်မြန်စွာ ရရှိနိုင်ရေးအတွက် News Media နှင့် Digital Platform များသို့ကူးပြောင်းကာ အဆင့်ဆင့်တိုးတက်ပြင်ဆင်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ Information Literacy နှင့် Digital Literacy ပညာရပ်များကို လူငယ်များနှင့် ပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့်နားလည်သိမြင်စေရန် ဆွေးနွေးပွဲများ၊ ညီလာခံများကို ကျင်းပဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထိုပညာရပ်များကို ပညာရေးဝန်ကြီးဌာနက ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်တွင် B.A Journalism ဘွဲ့အပ်နှင်း၍ ကျောင်းသား ကျောင်းသူများကို သင်ကြားပေးခြင်းဖြင့်လည်းကောင်း၊ ပုဂ္ဂလိက မီဒီယာကဏ္ဍ၌ Myanmar Media Development Center ဖွင့်လှစ်၍ ဒီပလိုမာသင်တန်းများ သင်ကြားပေးခြင်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် နိုင်ငံတကာမီဒီယာအဖွဲ့အစည်းတစ်ခုဖြစ်သည့် International Media Support (IMS)တို့က Myanmar Journalism Institute ဖွင့်လှစ်၍ သင်ကြားပေးခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ပြည်သူ့စာကြည့်တိုက်များကိုအသုံးပြု၍ သတင်းအချက်အလက်ဆိုင်ရာ အသိပညာတတ်မြောက်မှု Information Literacy နှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာတတ်မြောက်မှု Digital Literacy ပညာရပ်များကို ကျောင်းသားများအပါအဝင် ပြည်သူလူထု နားလည်သိမြင်လာစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်များတွင် Digital နည်းပညာအသုံးချ e - Library များတည်ထောင်ဖွင့်လှစ်ပေးခြင်း၊ Digital Device များအသုံးပြု၍ မိမိတို့ဘာသာရပ်နှင့် သက်ဆိုင်သည့်အချက်အလက်များ၊ အထောက်အကူပြုစာအုပ်များ၊ အင်တာနက်ဝက်ဘ်ဆိုက်များတွင် ရှာဖွေဖတ်ရှုနိုင်မည့် နည်းလမ်းကောင်းများကို သင်ကြားလမ်းပြပေးခြင်း၊ မိမိတို့ဘာသာရပ်နှင့် သက်ဆိုင်သည့် Term Paper နှင့် Research Paper များပြုစုရေးသားစေခြင်းဖြင့် ကျောင်းသင်ခန်းစာများနှင့်တွဲဖက်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

လူမှုကွန်ရက်တွင် ဖြန့်ဝေသည့် အချက်အလက်များအား မှန်ကန်စွာ ခွဲခြားနိုင်ရေး၊ သတင်းအချက်အလက်ဆိုင်ရာ ကိုယ်ကျင့်တရားများ စောင့်ထိန်းနိုင်ရေးနှင့် ဒစ်ဂျစ်တယ်ပစ္စည်းများအား အကျိုးရှိရှိ မှန်မှန်ကန်ကန် အသုံးပြုနိုင်ရေးတို့အတွက် Facebook စာမျက်နှာပေါ်တွင် facebook.com/safety/resources တွင် မြန်မာဘာသာဖြင့် အသိပေးလမ်းညွှန်မှုပြုထားပါကြောင်း၊ ကျေးလက်နေပြည်သူများအား ဒစ်ဂျစ်တယ်နည်းပညာများ တတ်မြောက်စေရန် လေ့ကျင့်သင်ကြားပေးခြင်း၊ သတင်းအချက်အလက်ဆိုင်ရာ အသိပညာရရှိစေရန် အစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦးနှင့် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေတို့၏ အန္တရာယ်ရှိမီးရထားဝန်ထမ်းအိမ်ရာများအား ပြန်လည်ဆောက်လုပ်ပေးရေး၊ ဖောင်းပြင်မြို့နယ် ကရားကျေးရွာအုပ်စုတွင် စိုက်ထူထားသော MPT ဆက်သွယ်ရေးတာဝါတိုင်ကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း တင်သွင်းထားသည့် **မူလရေအရင်းအမြစ် သဘာဝရေထွက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဦးစားပေးအဆင့် သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ ချမှတ်လမ်းညွှန်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးတို့က ဆွေးနွေးကြသည်။



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး



ဦးမျိုးဇော်အောင် ကောလင်း မဲဆန္ဒနယ်

ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းက နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာပါက သဘာဝပတ်ဝန်းကျင်မထိခိုက်အောင်၊ ရေအရင်းအမြစ်များ မပျောက်ပျက်အောင် စီမံကိန်းများကို သေသေချာချာ စိစစ်ခွင့်ပြုသင့်ပါကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သောအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သဘောတူစာချုပ်များ နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ရမည်ဟု ဥပဒေတွင်ပါရှိပါကြောင်း၊ ထို့ကြောင့် မြစ်ချောင်း၊ အင်းအိုင်၊ စမ်းချောင်း၊ စိမ့်စမ်းများ မပျောက်ပျက်ရအောင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများပူးပေါင်းပါဝင်ပြီး ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း ဆွေးနွေးသည်။

မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းက တိုင်းပြည်၏ ရေရှည်အကျိုးစီးပွားကို မမျှော်ကိုးဘဲ ကိုယ်ကျိုးစီးပွားကိုသာ ကြည့်ခဲ့ကြသည့်အတွက် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်၊ ကစ္စပနဒီစသည့် မြစ်ကြီးများသည် အခုအချိန်တွင် နောက်ကျိနေပြီဖြစ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူများ၏ တစ်နိုင်တစ်ပိုင် သစ်ခုတ်ခြင်း၊ သားငါးရှာဖွေခြင်း၊ တောင်ယာခုတ်ထွင်ခြင်း စသောအကြောင်းများကြောင့် သဘာဝပတ်ဝန်းကျင်သည် အန္တရာယ်ဖြစ်လောက်အောင် မပျက်စီးနိုင်ပါကြောင်း၊ လက်ကျန်သဘာဝရေထွက်များကို ဆက်လက်ထိန်းသိမ်းရန် ပြည်သူလူထု တစ်ရပ်လုံးနှင့် အစိုးရယန္တရားတစ်ရပ်လုံး အားလုံးပါဝင်ကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ဖာပွန် မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ၊ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စည်သူ၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၊ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီနှင့် ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူးတို့ကလည်း အကြံပြုဆွေးနွေးကြသည်။

စာမျက်နှာ ၈ သို့

## ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

ဩဂုတ် ၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ တွင် ဖော်ပြခဲ့သည့် ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ တင်သွင်းခဲ့သည့် အဆို၏ ခေါင်းစဉ်အား **"ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂါလီလူမျိုး အစွန်းရောက်အဖွဲ့အစည်းများ၏ ရာဇဝတ်မှုများကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ်လုံခြုံရေးတို့ကို များစွာထိပါး နှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်း ပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

(စာတည်းအဖွဲ့၊ သတင်းစဉ်)

# ကျောက်တံခါးမြို့နယ် တောကျွဲအင်း(အောင်မြင်မြို့)မှ မြေများအတွက် သိမ်းယူထားသောလုပ်ငန်းရှင်များက နစ်နာသူတောင်သူများထံသို့ ပြန်လည်ပေးအပ်ခြင်း၊ နစ်နာကြေးငွေပေးအပ်ခြင်းသည် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ဝန်ကြီးဌာနတို့က ဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စဖြစ်

**နေပြည်တော် ဩဂုတ် ၂၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၄၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လုယ်ထန်း၏ **ဖလမ်းမြို့နယ်အတွင်းရှိ ဆအက် - သီးကျီရ် - မွှန်လွှ - ကျော့သဲ - ဟိုင်ဟင် -လျန်နှာ(ဟ) - လျန်နှာ(သ) - ရိဒ် အမှတ်(၂)ရပ်ကွက် ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဆအက်မှ သီးကျီရ် ကျေးရွာအထိ ဂျစ်ကားလမ်း (၄/၀)မိုင်၊ သီးကျီရ်မှ မွှန်လွှကျေးရွာအထိ ဂျစ်ကားလမ်း (၅/၀)မိုင်၊ မွှန်လွှမှ ကျော့သဲကျေးရွာအထိ ဂျစ်ကားလမ်း(၃/၀)မိုင်၊ ကျော့သဲမှ လျန်နှာ(ဟ) - လျန်နှာ(သ) - တီအိုချောင်း (ရိဒ်မြို့ အမှတ်(၂)ရပ်ကွက်) အထိ ဂျစ်ကားလမ်း (၁၀/၀)မိုင် စုစုပေါင်း လမ်းအရှည် ၂၂ မိုင်အား လမ်းတာချဲ့ ဖောက်လုပ်ခြင်းလုပ်ငန်းများ



ဦးကျော်လင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး

ဆောင်ရွက်နိုင်ရန်အတွက် မြေပြင်ကွင်းဆင်းစိစစ်ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစ၍ အပိုင်းလိုက်လျာထားနိုင်ရေး စီစဉ်ပေးမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုချက်ရရှိသည့်နှစ်တွင် ရရှိသည့် ရန်ပုံငွေအခြေအနေအပေါ် မူတည်၍ ချင်းပြည်နယ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ **ညောင်ဦးခရိုင်အတွင်း ငါ့သရောက်မြို့- ဂျမ်းလှီး - ကျောက်ပန်းတောင်းမြို့- ပွေးကျစ် ဆက်သွယ်ထားသော ကျောက်ခင်းလမ်းကို ကတ္တရာလမ်းအဖြစ် ဘဏ္ဍာရေးနှစ်အလိုက်ပိုင်းခြားပြီး အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ငါ့သရောက် - ဂျမ်းလှီး - ကျောက်ပန်းတောင်းလမ်းပိုင်းသည် ၂၁ မိုင် ၇ ဒသမ ၅ ဖာလုံ ရှိပါကြောင်း၊ ကျောက်ပန်းတောင်း - ဂျမ်းလှီးလမ်းအပိုင်းသည် ၁၀ မိုင် တစ်ဖာလုံ အရှည်ရှိပြီး လမ်းအခြေအနေမှာ ကတ္တရာလမ်း နှစ်ဖာလုံ၊ ကျောက်လမ်း ၈ မိုင် ၀ ဒသမ ၄ ဖာလုံ၊ ဂဝံလမ်း ၃ ဖာလုံ ရှိပြီး မြေသားလမ်း တစ်မိုင် ၃ ဒသမ ၆ ဖာလုံ ဖြစ်ပါကြောင်း၊ ယင်းမြေသားလမ်း တစ်မိုင် ၃ ဒသမ ၆ ဖာလုံအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် မေးခွန်းပါ ငါ့သရောက်-ဂျမ်းလှီးလမ်းပိုင်းသည် ၁၁ မိုင် ၆ ဒသမ ၅ ဖာလုံရှိပြီး လမ်း အခြေအနေမှာ ကျောက်ချောလမ်း ၆ မိုင် ၆ ဒသမ ၅ ဖာလုံ၊ မြေသားလမ်း ၅ မိုင် ဖြစ်ပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒေါ်စန်းစန်းမြင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်စန်းစန်းမြင့်၏ **ကျောက်တံခါးမြို့နယ် တောကျွဲအင်း (အောင်မြင်မြို့)မှ လယ်ယာမဲ့ဖြစ်သွားသော တောင်သူများကို မြေယာများ ပြန်လည်ပေးနိုင်ခြင်း ရှိ၊ မရှိ သို့မဟုတ် ထိုက်သင့်သော နစ်နာကြေးများ ပေးနိုင်မှု ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မေးခွန်းပါ မြေများသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် အမြန်လမ်းမကြီး၏ လမ်းနယ်နိမိတ် ပေ ၄၀၀ ပြင်ပတွင်ရှိသော မြေများဖြစ်သဖြင့် အဆိုပါသိမ်းယူမြေများအတွက် သိမ်းယူထားသော လုပ်ငန်းရှင်များက နစ်နာသူတောင်သူများထံသို့ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် နစ်နာကြေးငွေပေးအပ်ခြင်းသည် သက်ဆိုင်ရာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ (သို့မဟုတ်) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက် ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးတို့က အကြံပြုဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၈ ရက်မြောက်နေ့ကို ဩဂုတ် ၂၃ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

သူရဇော်၊ မီမီဖြိုး

# မြန်မာ-ဂျပန်အသင်း၏ပညာရည်ထူးချွန်ဆု (ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် ၂၀၁၇) ရွေးချယ်ခြင်းခံရသည့် ဘက်စုံထူးချွန်သူများစာရင်းထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၂၂**

မြန်မာ-ဂျပန်အသင်း (MJA)၏ ပညာရည်ထူးချွန်ဆု (ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်-၂၀၁၇) အတွက် ဘက်စုံထူးချွန်သူ ၁၆ ဦးအား ရွေးချယ်ပြီး ဂျပန်နိုင်ငံသို့ ရှစ်ညအိပ် ကိုးရက်ကြာ လေ့လာရေးအစီအစဉ်ကို အောက်တိုဘာလဆန်းတွင် စေလွှတ်သွားမည်ဖြစ်ရာ ပညာရည်ထူးချွန်ဆုအတွက် အဆိုပြုအလွှာတင်သွင်းခွင့် သတ်မှတ်ချက်ပြည့်မီပြီး သတ်မှတ်ရက်တွင် အဆိုပြုလွှာများ ပြန်လည်ပေးပို့ခဲ့သည့် ကျောင်းသား ကျောင်းသူ ၈၂ ဦးအား ပဏာမ ဆန်းစစ်မှုစာမေးပွဲကို ဩဂုတ် ၆ ရက်က ရန်ကုန်နှင့် မန္တလေး၌ တစ်ချိန်တည်း ကျင်းပခဲ့ကြောင်း သိရသည်။

အသင်း၏ ထူးချွန်ကျောင်းသားများ ရွေးချယ်ရေးကော်မတီသည် ပဏာမ ဆန်းစစ်မှုစာမေးပွဲရလဒ်များနှင့် တစ်ဦးချင်း အဆိုပြုလွှာများကို စိစစ်၍ သတ်မှတ်အဆင့် အရည်အချင်းပြည့်မီသူ ၅၀ အား လူတွေ့စစ်ဆေးမှုကို ဩဂုတ် ၁၆ ရက်နှင့် ၂၀ ရက်တို့က ပြုလုပ်ခဲ့ပြီး ဘက်စုံထူးချွန်သူ ၁၆ ဦးအား အတည်ပြုရွေးချယ်ခဲ့ကြောင်း၊ ၎င်းတို့မှာ **ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL)** မှ မနွေဦးခိုင်(ဒုတိယနှစ်၊ ဂျပန်ဘာသာ)၊ မထားအိအိလှိုင် (ဒုတိယနှစ်၊ ဂျပန်ဘာသာ)၊ မချောစုဟန် (တတိယနှစ်၊ ဂျပန်ဘာသာ)၊ မဆက်စန္ဒီထွန်း (တတိယနှစ်၊ ဂျပန်ဘာသာ)၊ မရွှေရည်ရွှန်းလဲ့ဝေ(တတိယနှစ်၊ ဂျပန်ဘာသာ)၊ **၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်သူများမှ** မောင်သုတရဲမိုး (အထက-၂၊ ရန်ကင်း၊ ရန်ကုန်)၊မောင်အောင်ခန့်ညားကျော် (အထက-လေ့ကျင့်ရေး၊ ကမာရွတ်၊ ရန်ကုန်)၊ မောင်လကျ်ာလဝန်း(အထက-၁၊ အင်းစိန်၊ ရန်ကုန်)၊ မဖြူးခေတ် (ကပက-ဆု၊ မန္တလေး)၊ မကြည်စင်စု (အထက-လေ့ကျင့်ရေး၊ ကမာရွတ်၊ ရန်ကုန်)၊ မသက်ရွှန်းသီရိထွန်း(အထက-၄၊ ကမာရွတ်၊ ရန်ကုန်)၊ မခန့်ဆုယဉ် (အထက-လေ့ကျင့်ရေး၊ ကမာရွတ်၊ ရန်ကုန်)၊ မမြတ်သီဂီ (ဝိပ္ပ)(အထက-၅၊ ကမာရွတ်၊ ရန်ကုန်)၊ **၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်သူများမှ** မအိစန္ဒာဖြိုးလင်း (အထက-၁၊ လွိုင်ကော်၊ ကယားပြည်နယ်)၊ မဖြိုးဝေခင် (အထက-၂၊ စစ်တွေ၊ ရခိုင်ပြည်နယ်)၊ မောင်ကောင်းခန့်စည် (အထက-၁၊ ပြည်၊ ပဲခူးတိုင်းဒေသကြီး)တို့ဖြစ်ကြသည်။

ရွေးချယ်ခြင်းခံရသည့် ကျောင်းသား ကျောင်းသူများသည် မြန်မာနိုင်ငံကူးလက်မှတ်ပြုလုပ်ရေး၊ ဂျပန်ပြည်ဝင်ခွင့် ဗီဇာလျှောက်ထားရေးအပါအဝင် အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန်အတွက် မြန်မာ-ဂျပန်အသင်းရုံး(ရန်ကုန်) ဖုန်း -၀၁-၂၅၆၀၇၄၊ ၂၅၆၀၇၅၊ ၀၉-၄၂၁၀၆၂၃၃၁ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ၈၈ မျိုးဆက်ရိက္ခာယာဉ်တန်း နမ္မတီးမြို့မှ တိုက်ပွဲရှောင်ပြည်သူများရှိရာ တနိုင်းမြို့နယ်သို့ ထွက်ခွာ



**မုံရွာ ဩဂုတ် ၂၂**

စားနပ်ရိက္ခာအရေးတကြီးလိုအပ်နေသော ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းမှ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများကို ထောက်ပံ့နိုင်ရန်အတွက် ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ရိက္ခာယာဉ်တန်းသည် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက စတင်၍ နမ္မတီးမြို့မှတစ်ဆင့် တိုက်ပွဲရှောင်ပြည်သူများထံသွားနေပြီဖြစ်ကြောင်း ၈၈ မျိုးဆက် ကိုဝင်းဇော်ခိုင်ထံမှ သိရသည်။

အဆိုပါထောက်ပံ့ကူညီရေးအဖွဲ့တွင် တနိုင်း၊ မိုးညှင်း ၊ ဖားကန့်မြို့နယ်များမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များပါဝင်ကြောင်း သိရသည်။ရိက္ခာယာဉ်တန်းတွင် ၈၈ မျိုးဆက်(ငြိမ်း-ပွင့်)မှ ဆန်အိတ်၆၀၀နှင့် အာဟာရဖြည့်အစားအစာများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တနိုင်း၊ မိုးညှင်းနှင့် ဖားကန့်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆန်အိတ် ၂၀၀၊ ဆေးဝါးနှင့် အခြေခံစားသောက်ကုန်များပါဝင်ကြောင်း သိရသည်။

တနိုင်းမြို့နယ်အတွင်းတွင် တိုက်ပွဲရှောင်ပြည်သူ ၁၀၀၀ကျော်ရှိပြီး အချိန်မီသွားရောက်ပေးပို့နိုင်ရန်အရေးကြီးသဖြင့် လွှတ်တော်၊ အစိုးရ ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်အတူ တိုက်ပွဲရှောင်ပြည်သူများအတွက် ပူးပေါင်းကူညီဖြည့်ဆည်းရန်လိုအပ်လျက်ရှိနေကြောင်း ကိုဝင်းဇော်ခိုင်က ပြောသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် နမ္မတီးမြို့အနီးတစ်ဝိုက်ရှိ စစ်ဘေးရှောင်စခန်းများမှ ပြည်သူများအား စားနပ်ရိက္ခာ၊ ဆေးဝါးများနှင့် လိုအပ်သည့်လူမှုအထောက်အကူများ ပေးအပ်နိုင်ရန်၈၈မျိုးဆက်မှ မနီလာသိန်း၊ မမီးမီး၊ မနန်းစောတို့သည် ဩဂုတ် ၁၆ ရက်မှစတင်ကာ ရန်ကုန်မြို့မှမြစ်ကြီးနားမြို့သို့ သွားရောက်ကြခြင်းဖြစ်ကြောင်း သိရသည်။ ၈၈မျိုးဆက် မနီလာသိန်းဦးဆောင်သောအဖွဲ့သည် ဩဂုတ်၁၇ရက်က မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် AGနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းသို့လာရောက်ခိုလှုံနေကြသော လီဆူတိုင်းရင်းသားများပါဝင်သည့် တိုက်ပွဲရှောင်ပြည်သူများကို အစားအသောက်၊ ဆေးဝါး၊ ခြင်ထောင်၊ စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခဲ့သည်။

AGနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းတွင် တိုက်ပွဲရှောင်ပြည်သူအမျိုးသားနှင့် အမျိုးသမီး ၆၉ ဦးနှင့် ကျောင်းသား ကျောင်းသူ ၄၅ ဦးအတွက် ဆန် ၃၁ အိတ်၊ ဗလာစာအုပ် ၂၅ ဒါဇင် ၊ ခဲတံဒါဇင်၂၀၊ ဘောပင်နှစ်ဒါဇင်၊ ထီး ၄၅ လက် ၊ ဆပ်ပြာတစ်ဖာနှင့် အမျိုးသမီးလစဉ်သုံးပစ္စည်းများ လှူဒါန်းခဲ့ပြီး ဩဂုတ် ၁၈ ရက်ကလည်း နမ္မတီးမြို့နယ် အနီးဝန်းကျင်ကျေးရွာများမှ တိုက်ပွဲရှောင်ပြည်သူများထံသို့သွားရောက်ကာ လိုအပ်သည့်ပစ္စည်းများလှူဒါန်းခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ဆေးရုံတက်ကုသနေသည့် ရွှေဘိုမြို့မှ H1N1 ဒုတိယမြောက်လူနာ မန္တလေးဆေးရုံကြီးမှဆင်းပြီဖြစ်

**ရွှေဘို ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ဘုတ်ထန်းကျေးရွာမှ ရွှေဘိုမြို့ကုန်းဘောင်ရပ်ကွက်တွင် အဆောင်ငှားနေထိုင်သော GTC ကျောင်းသူတစ်ဦး ရာသီတုပ်ကွေး H1N1 ဖြစ်၍ ဆေးကုသမှုခံယူ၍ သက်သာပြီးနောက် မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဆင်းလာပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက ပြောသည်။

အဆိုပါ GTC ကျောင်းသူမှာ ရွှေဘိုမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ ဆေးရုံကြီးသို့ ဩဂုတ် ၁၈ ရက် ညနေ ၆ နာရီခွဲက ရောက်ရှိပြီး H1N1 သံသယလူနာအဖြစ် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ဩဂုတ် ၁၈ ရက် ည ၁၁ နာရီတွင် လွှဲပြောင်းကုသမှုခံယူစေခဲ့ကြောင်း ရွှေဘိုမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်စိုးထံမှ သိရသည်။

ရွှေဘိုမြို့တွင် လက်ရှိအချိန်ထိ ရာသီတုပ်ကွေး H1N1 ဗိုင်းရပ်စ်ရောဂါပိုးတွေ့ရှိခဲ့သူ နှစ်ဦးရှိခဲ့ပြီး ၎င်းလူနာနှစ်ဦးစလုံး ကျန်းကျန်းမာမာဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးမှဆင်းလာရာ နေထိုင်ကောင်းလျက်ရှိကြောင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာဝင်းလဲ့လဲ့ထွေးက ပြောသည်။ **မိုးသောက်(ရွှေဘို)**

# သုံးနှစ်အရွယ် ယောကျ်ားလေးတစ်ဦး H1N1 ရောဂါပိုးကြောင့် သေဆုံးမှုဖြစ်ပွား

**နောင်ချို ဩဂုတ် ၂၂**

နောင်ချိုမြို့နယ် ကြိမ်ဂနိုင်ကျေးရွာအုပ်စု ခြေမြစ်ပင်ကျေးရွာနေ ဦးထွန်းအောင်-ဒေါ်ပန်းအိတို့၏သားဖြစ်သူ မောင်သူရ (သုံးနှစ်)သည် ဩဂုတ် ၁၈ ရက် ညနေက ရာသီတုပ်ကွေး H1N1 ရောဂါကြောင့် သေဆုံးသွားကြောင်း သိရသည်။

သေဆုံးသူ မောင်သူရသည် ကျောက်ကပ်ရောင်ရောဂါ ဖြင့် ဩဂုတ် ၄ ရက်တွင် ခုတင် ၅၅၀ ဆံ့ မန္တလေးကလေးဆေးရုံသို့ လွှဲပြောင်းကုသရာ ခုနစ်ရက်ကြာသည်အထိ မသက်သာသဖြင့် မန္တလေး ခုတင် ၃၀၀ဆံ့ ကျောက်ကပ်ဌာနသို့ ထပ်မံလွှဲပြောင်း ကုသစေခဲ့သည်။

ဆက်လက်၍ မောင်သူရ၏ သွေးအား ရန်ကုန်ဆေးရုံကြီးသို့ ပေးပို့ခဲ့ရာ H1 N1 ဖြစ်ကြောင်း သိရသည်။ မန္တလေးဆေးရုံကြီးမှ နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော ဦးဆောင်သော ကျန်းမာရေးအဖွဲ့သည် လူနာမိသားစုနှင့် ပတ်ဝန်းကျင်ပြည်သူများအား စောင့်ကြည့်ခြင်း၊ ဟောပြောပွဲများ ပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဩဂုတ် ၂၂ ရက်က ကျန်းမာရေး ဦးစီးဌာနမှ ခြေမြစ်ပင် အထကကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးဆောင်ရွက်ကြကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

# မူခင်းကျဆင်းရေးနှင့် ရာသီတုပ်ကွေး H1N1 ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့တရုတ်ကျေးရွာအုပ်စု မုကဝါအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဩဂုတ် ၂၀ ရက်က မူခင်းကျဆင်းရေးနှင့် ရာသီတုပ်ကွေးရောဂါ H1N1 အသိပညာပေးဟောပြောပွဲကျင်းပခဲ့ရာ ထုံးအိုင်နယ်မြေရဲစခန်းမှ ရဲအုပ် ညီညီမိုးက မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်ရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးတို့ကို လည်းကောင်း၊ ဘားအံမြို့နယ်ကျန်းမာရေးမှူး ဒေါက်တာ ခင်မိုးအေးက ရာသီတုပ်ကွေး H1N1 ရောဂါနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်များကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ကျေးရွာသူ ကျေးရွာသား စုစုပေါင်း ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

# နေရပ်ပြန် ကဆုန့်ဒေသတိုက်ပွဲရှောင်ပြည်သူများအား ပြည်နယ်လူမှုရေးဝန်ကြီး တွေ့ဆုံအမှာစကားပြော

**မိုးကောင်း ဩဂုတ် ၂၂**

ပြီးခဲ့သည့်အပတ်အတွင်း ကဆုန့်ဒေသတွင် တိုက်ပွဲဖြစ်ပွားမှုကြောင့် နမ္မတီးမြို့ ယာယီတိုက်ပွဲရှောင်စခန်းတွင် ရောက်ရှိနေသောတိုက်ပွဲရှောင်ပြည်သူများအား ယနေ့ နံနက်ပိုင်းက နေရပ် သို့ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ သင်းလွင်သည် နမ္မတီးမြို့သို့ရောက်ရှိပြီး နေရပ်ပြန်တိုက်ပွဲရှောင်များအား တွေ့ဆုံ၍ မိမိတို့နေရပ်ဒေသတွင် အေးချမ်းစွာနေထိုင်နိုင်ရန်နှင့် တောင်ယာ/လယ်ယာလုပ်ငန်းများကို ယခင်အတိုင်း ပြန်လည်လုပ်ဆောင်နိုင်စေရန် ပြည်နယ်အစိုးရက အတတ်နိုင်ဆုံးကူညီပေးသွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ပြောကြားခဲ့သည်။

ယင်းနောက် မြစ်ကြီးနား၊ မိုးကောင်း၊ နမ္မတီးမြို့များမှ မော်တော်ယာဉ် အစီး ၁၅၀ခန့်ဖြင့် တပ်မတော်သားများ၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့၊ မြို့နယ် ကျန်းမာရေး ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအဖွဲ့၊ မြို့နယ်လူထုအခြေပြု ငြိမ်းချမ်းရေးနှင့်လူမှုရေးအထောက်အကူပြုကွန်ရက်အဖွဲ့များက ဝိုင်းဝန်းကူညီ၍ နမ္မတီးမြို့တိုက်ပွဲရှောင်ဒေသခံ ၁၀၄၇ ဦးအား ၎င်းတို့၏ နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



***ပြည်သူ့လွှတ်တော်မှ***

ယင်းအဆိုနှင့်စပ်လျဉ်း၍သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သဘာဝရေထွက်ထိန်းသိမ်းရေးလုပ်ငန်းများ အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ သဘာဝရေထွက်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇ နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ် တောင်ကြီးခရိုင်၏ သဘာဝရေထွက် ၁၅ ခုအား ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းအတွေ့အကြုံများကို မူတည်ပြီး ရှေ့လာမည့်ဘဏ္ဍာနှစ်များတွင် ဆက်လက်ထိန်းသိမ်းရန် လိုအပ်သည့် သဘာဝရေထွက်များကို ဦးစားပေးရွေးချယ်၍ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သွားဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့ရှိ အချို့ဒေသများတွင် ဒေသခံပြည်သူများက မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် သဘာဝရေထွက်များကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းကာ စီမံခန့်ခွဲလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသစ်တောများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ခရိုင်သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများကို ၁၀ နှစ်စီမံကိန်းရေးဆွဲ၍ လုပ်ကိုင်လျက်ရှိပါကြောင်း၊ ယင်းစီမံကိန်းတွင် ဒေသအလိုက်အရေးပါသော မြစ်ချောင်း၊ ဆည်တမံများ၏ ရေဝေရေလဲသစ်တောများအား ရေဝေရေလဲအလုပ် တိုက်နယ်များအဖြစ်သတ်မှတ်ပြီး ရေဝေရေလဲထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့ ပူးပေါင်းပါဝင်သည့် ဘက်စုံရေစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အမျိုးသားအဆင့် ရေမူဝါဒ၊ အမျိုးသားရေအရင်းအမြစ်ဆိုင်ရာ ဘက်စုံစီမံခန့်ခွဲရေး မဟာဗျူဟာ၊ ရေနှင့်ဆိုင်သော အခြေခံမူဘောင်တို့ကို ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်သည့် အပြင် ရေဥပဒေ(မူကြမ်း)ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။ယနေ့အစည်းအဝေးတွင် လွှတ်တော်အခွင့်အရေးကော်မတီကတင်သွင်းသည့် **မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုများကို ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ မွေးကြူဗင်(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်း အသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၃-၈-၂၀၁၇)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၃၁-၇-၂၀၁၇) ရက်နေ့မှ (၁၁-၈-၂၀၁၇) ရက်နေ့ထိ လုပ်ငန်း အသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်း အတွက် အသစ်လျှောက်ထားသူ(၄)ဦး ကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် (၄) ဦး၊ မဂ္ဂဇင်း (၄) ဦး၊ အထွေထွေ (၁၃) ဦး၊ ပေါင်း(၂၁) ဦး ကိုလည်းကောင်း၊ သတင်းအေဂျင်စီ လုပ်ငန်းလုပ်ကိုင်လိုသူ (၁) ဦး ကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိပုံနှိပ်ခြင်းလုပ်ငန်း (၁၄၅၂) ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း (၂၁၇၉) ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း (၇၈) ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း (၃၇၀၉) ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ဂျာနယ်ထုတ်ဝေခြင်းလုပ်ငန်း လျှောက်ထားသူ (၂)ဦးအား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ကော့မှူးမြို့နယ် ကျေးရွာသစ်စီမံကိန်း (SMU) လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်း စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ပူပေါင်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကျေးရွာများဖြစ်သည့် လက်ခိုက်နှင့် ရှမ်းစုကျေးရွာသို့ ကိုရီးယားသမ္မတနိုင်ငံ Yeungnam University မှပါမောက္ခနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ခဲ့ကြပြီး ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အပြန်အလှန်ဆွေးနွေးခြင်း၊ မေးမြန်းခြင်း၊ ကျေးရွာအတွင်း လှည့်လည်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူး၊ တိုင်းဒေသကြီးဆက်သွယ်ရေးတာဝန်ခံများ၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ရှမ်းစုကျေးရွာခန်းမ၌ အမကရှမ်းစုရှိ ကျောင်းသား ကျောင်းသူများနှင့်အတူ ကိုယ်ကာယကြံ့ခိုင်ရေး ကိုရီးယားအားကစားနည်းများနှင့် ကျန်းမာရေးလှုပ်ရှားမှုများကို အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ **ကျော်သူရ(ပြန်/ဆက်)**

# ရေစကြိုမြို့နယ်တွင်းရှိ ကျွန်းထဲကျေးရွာများမှ စပါးပျိုးပင်များနှင့် ငရုတ်ပျိုးပင်များ ရေနစ်

**ရေစကြို ဩဂုတ် ၂၂**

ချင်းတွင်းမြစ်ရေနှင့် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် မြင့်တက်လျက်ရှိရာ မြစ်နှစ်မြစ်ကြားရှိ ရေစကြိုမြို့နယ်အတွင်းမှ ကျွန်းထဲကျေးရွာများ မြစ်ရေဖုံးလွှမ်းကာ အဆိုပါကျေးရွာများတွင် စိုက်ပျိုးထားသော စပါးပျိုးပင်များနှင့် ငရုတ်ပျိုးပင်များ ရေနစ်ပျက်စီးဆုံးရှုံးလျက်ရှိသည်ဟု သိရသည်။

"ကျွန်တော်တို့ ရေယှားကျေးရွာမှာ ဩဂုတ် ၁၉ ရက်ကစပြီး စပါးပျိုးပင်စိုက်ခင်းတွေထဲ ရေစဝင်တာပါ။ ဒီနေ့တော့ ရွာက စပါးစိုက်ခင်းတွေ အကုန်ရေနစ်သွားပါပြီ။ စပါးပျိုးပင်တွေက ပျိုးသက် ၁၅ ရက်သားလောက် ရပါပြီ။ စပါးတစ်ဧကကို စပါးမျိုးစေ့ သုံးတင်းကြဲရပါတယ်။ စပါးတစ်တင်းကို ငွေကျပ်တစ်သောင်းပေးရတယ်။ ကျွန်တော်တို့ ရေယှားကျေးရွာမှာ စပါးမျိုးစေ့တင်းပေါင်း ၁၀၀၀ ကျော်လောက် ပျက်စီးဆုံးရှုံးပါတယ်။ မျိုးစေ့တန်ဖိုးအနေနဲ့ ကျွန်တော်တို့ကျေးရွာ တစ်ရွာတည်းတင် ငွေကျပ်သိန်း ၁၈၀ ဖိုးလောက် ဆုံးရှုံးရပါတယ်" ဟု ရေယှားကျေးရွာမှ တောင်သူ ဦးထွန်းနိုင်ဦးက ပြောသည်။

ရေယှားကျေးရွာတွင် စပါးစိုက်ဧကပေါင်း ၆၀၀ ကျော်ခန့်ရှိပြီး သုံးရက်ခန့်အတွင်း ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်တို့မှ မြစ်ရေဝင်ရောက်သဖြင့် ကျေးရွာတွင်း စိုက်ပျိုးထားသော စပါးပျိုးပင်စိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ယခုအချိန်တွင် အဆိုပါ စပါးပျိုးပင်စိုက်ခင်းနေရာများ၌ လူတစ်ရပ်ခန့်အထိ မြစ်ရေဝင်ရောက်လျက်ရှိသည်ဟု ရေယှားကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းနိုင်စိုးထံမှ သိရသည်။

"ဧရာဝတီနဲ့ ချင်းတွင်းက ရေတက်လာလို့ စပါးနဲ့ ငရုတ်ပျိုးခင်းတွေ ရေမြုပ်သွားတယ်။ စိုက်ပျိုးချိန်ရောက်လို့ ပျိုးထောင်ကြတာပါ။ ပျိုးထောင်တာက အချိန်အခါနဲ့ စိုက်ကြရတာမို့ အချိန်ကျလို့ ပျိုးထောင်ထားကြတာ။ အခု ရေတက်လာလို့ ပျိုးပင်တွေ အကုန်ရေမြုပ်ကုန်ပြီ။ ကျွန်တော်တို့ ဘုန်းတော်ပြည့် ကျေးရွာအုပ်စုမှာ ကျေးရွာသုံးရွာရှိတယ်။ ကျောက်ဖူး၊ ကျွဲကုန်း၊ ခြောက်မူးကျွန်း သုံးရွာလုံးမှာစိုက်ထားတဲ့ စပါးပျိုးပင်တွေနဲ့ ငရုတ်ပျိုးခင်းတွေ ရေမြုပ်သွားတယ်။ ကျွန်တော်တို့ရွာနီးချင်းကျေးရွာတွေက စပါးပျိုးခင်းတွေနဲ့ ငရုတ်ပျိုးခင်းတွေ အကုန်ရေမြုပ်ကြတာပါ။ အခုတော့ ရွာထဲမှာ လှေနဲ့သွားလာနေကြရတယ်" ဟု ဘုန်းတော်ပြည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဦးတင့်ဆွေက ပြောသည်။

ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်သည် ရေစကြိုမြို့နယ်အတွင်းတွင် ပေါင်းဆုံလျက်ရှိကာ မြစ်နှစ်မြစ်ကြားရှိ ကျွန်းထဲကျေးရွာများတွင် မြစ်နှစ်မြစ်မှ မြင့်တက်လာသောမြစ်ရေများ ဝင်ရောက်မှုကြောင့် အဆိုပါ ကျေးရွာများမှ စပါးပျိုးပင်စိုက်ကေများနှင့် ငရုတ်ပျိုးပင်စိုက်ကေများ ပျက်စီးဆုံးရှုံးရကြောင်း သိရသည်။

**အိမ့်နွန်ဆွေ(ရေစကြို)**

# ဧရာဝတီမြစ်ရေကြီးမှုကြောင့် မြို့နယ်အချို့တွင် စာသင်ကျောင်းများပိတ်ထားရ

**တံတားဦး**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်တွင် ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ရေဝင်ရောက်မှုကြောင့် အခြေခံပညာကျောင်းများ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြစ်ရေဝင်ရောက်မှုကြောင့် တံတားဦးမြို့နယ်တွင် မြေငူ အခြေခံပညာ အထက်တန်းကျောင်းတစ်ကျောင်း၊ လက်ဆောင်ယူ အခြေခံပညာမူလတန်းလွန်ကျောင်း တစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းများဖြစ်ကြသည့် ကျီးပင်၊ ငါးရာပြား၊ ဇီးပင်ကွေ့၊ ပေါက်တော၊ ပေါက်မြိုင်၊ ထောက်ရစ်၊ ဈေးချို၊ အုတ်ကျွတ်ဖို၊ ဘလဲ့ဘ စသည့် အခြေခံပညာကျောင်းပေါင်း ၁၁ ကျောင်းတို့မှာ ကျောင်းဝင်းအတွင်း ရေတစ်ပေမှ လေးပေအထိ ဝင်ရောက်မှုကြောင့် ကျောင်းများ ယာယီပိတ်ထားရကြောင်း၊ ရေများပြန်လည်ကျသွားသည့်အခါ အစားထိုး ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါမြစ်ရေဝင်ရောက်မှုကြောင့် ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ကမ်းအနီးနေထိုင် ကြသည့် နေအိမ်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတို့က ရေဝင်ရောက်သည့် ကျေးရွာများသို့ ကွင်းဆင်းပြီး လူနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ ရေလွတ်ရာ ကုန်းမြင့်နေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရန် လိုအပ်ကြောင်းနှင့် ကျန်းမာရေးအထူးဂရုပြုနေထိုင်ကြရန်လိုအပ်ကြောင်း လိုက်လံအသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ရဲတင့် (ပြန်/ဆက်)**

**မတ္တရာ**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ဧရာဝတီမြစ်ရေကြီးမြင့်၍ မြစ်ရေဝင်ရောက်သော ကျေးရွာများမှ စာသင်ကျောင်းတချို့ဩဂုတ် ၁၈ ရက်မှစ၍ ယာယီပိတ်ထားရကြောင်း သိရသည်။

မြစ်ရေဝင်ရောက်သော ကျေးရွာများမှ ယာယီပိတ်ထားရသော စာသင်ကျောင်းများမှာ အထက(မွေ့ပုံကန်)၊ အလက(ခွဲ)မြွေကြည်ကုန်း၊ မူလွန်(မြွေပုံကန်(အရှေ့)၊ အမက(မြစ်ကောက်)၊ အမက(ဆောက်ခြုံပေါက်)၊ အမက (တောင်ပြုံးလေး)၊ အမက(စစ်ကုန်း)၊ အထက(သုံးဆယ်ပေး)၊ အထက(မိုးကြိုး)၊ အထက(ခွဲ) ပိုဝ(မြောက်)၊ အထက(ခွဲ) (ဥဒိန်)၊ မူလွန်(ဟလင်း)၊ အမက(သနပ်ကုန်း)၊ အမက (နေပူရွာ)၊ အမက(ဒေါင်းကျွန်း)(တောင်)၊ နှင့် အမက(ဆင်ကျွန်း)(တောင်) စုစုပေါင်း ကျောင်း ၁၆ ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ပိတ်ထားရခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

**ပခုက္ကူ**

မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးနစ်မြုပ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်းတို့ကြောင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ မူလတန်းကျောင်း ၃၁ ကျောင်း၊ အလယ်တန်းကျောင်း ၁၂ ကျောင်း၊ အထက်တန်း ကျောင်းတစ်ကျောင်း စုစုပေါင်းအခြေခံပညာကျောင်း ၄၄ ကျောင်းတို့ကို ယာယီပိတ်ထားရလျက်ရှိကြောင်း ပခုက္ကူမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဧရာဝတီမြစ်ရေ ဒုတိယအကြိမ်မြင့်တက်

**မြင်းမူ ဩဂုတ် ၂၂**

ဧရာဝတီမြစ်ရေ ဒုတိယအကြိမ် မြင့်တက်သည့်အတွက် မြင်းမူမြို့ ညောင်ဦးဖီးရပ်ကွက်တစ်ခုလုံး ရေဝင်ရောက်မှုကြောင့် ရပ်ကွက်အတွင်းရှိ မြို့နယ်သစ်တောရုံးဝင်းအတွင်း ကျွန်းပျိုးပင်များ ကားပေါ်ရွှေ့ပြောင်းခြင်း၊ ဖမ်းဆီးထားသော သစ်များ ရေထဲမျော ပါမသွားစေရန် ထိန်းသိမ်းထားခြင်းတို့ လုပ်ဆောင်ထားကြောင်း သစ်တောဦးစီးဌာန ဦးစီးမှူး ဦးစိုးတင့်ထံမှ သိရသည်။

မင်းကျောင်း ပရိယတ္တိစာသင်တိုက် သံဃာတော်များ ဆွမ်းခံကြွရောက်သည့်အခါ လှေမပေါက်သည့်နေရာ ရေထဲဖြတ်၍ကြွရခြင်း၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ လှေလှော်မရသည့်နေရာ ရေထဲဖြတ်လျှောက် နေကြရပြီး ခေါင်းရွက် ဗျပ်ထိုး ဈေးသည်တချို့ ကလေးငယ်ချီပိုး၍ ရေထဲဖြတ်၍သွားလာနေကြရသည်။

ညောင်ဦးဖီးရပ်ကွက်အတွင်း လမ်းနိမ့်သည့်နေရာ ရေအနက် ငါးပေခန့်၊ မြင့်သည့် နေရာသုံးပေခန့်ရှိပြီး ရပ်ကွက်အတွင်းမှ ရေနံသိုလှောင်ရုံ၊ ပုလဲတန် - ညောင်ရင်းသွားလမ်းပေါ် နှစ်ပေခန့် ရေကျော်လျက်ရှိခြင်း၊ အမှတ် (၁) အလယ်တန်းကျောင်းခွဲ ရှေ့လမ်းပေါ် ရေကျော်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။

ဧရာဝတီမြစ်ရေ ဝင်ရောက်နေသောကြောင့် အခြေခံပညာကျောင်းများ



ဩဂုတ် ၂၁ ရက်က ယာယီပိတ်ထားလိုက်ရသည့်ကျောင်းများမှာ မြင်းမူ အမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ မြင်းမူမြို့နယ်အတွင်းမှ လက္ကပင်အလယ်တန်းကျောင်းခွဲ၊ ဆပ္ပန်းကုန်း၊ မူလွန်ဆိပ်သာအမက၊ ရွာသစ်(ကျွဲ)အမက၊ အုန်းပင်အမက၊ သာယာပေါင်းအမကကျောင်းတို့ ဖြစ်ကြောင်း သိရသည်။

(၀၇၇)

# မကွေးမြို့၌ မိုးသည်းထန်စွာရွာသွန်းသဖြင့် အိမ်ထဲရေနှစ်ပေခန့်ဝင်နေ၍ ဒေသခံများ စားဝတ်နေရေးအခက်အခဲဖြစ်

**မကွေး ဩဂုတ် ၂၂**

မကွေးမြို့တွင် ဩဂုတ် ၂၀ ရက် ည ၉ နာရီမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့သဖြင့် အောင်မေတ္တာ B, C , D ရပ်ကွက်များနှင့် အောင်စေတနာရပ်ကွက်များ၌ အိမ်ထဲအထိ ရေနှစ်ပေခန့် ဝင်ရောက်ခြင်းတို့ကြောင့် သက်ကြီးရွယ်အိုများ၊ ကလေးများ၊ မိသားစုများ စားဝတ်နေရေးအခက်အခဲဖြစ်၍ ကျန်းမာရေးထိခိုက်နိုင်သည်ဟု အောင်မေတ္တာမှ ဒေသခံများက ဆိုသည်။

မကွေးမြို့ အောင်စေတနာရပ်ကွက်နှင့် တောင်တွင်းလမ်း၊ မြင်းကင်းတို့မှ တက္ကသိုလ်ဝင်းအတွင်း ဖြတ်၍ စီးဆင်းသည့်ရေများ ယင်းရပ်ကွက်သို့ ရောက်လာပြီး စနစ်တကျ ရေစီးမြောင်းများမရှိသဖြင့် အိမ်ဝိုင်းအတွင်း ရေများရောက်၍ ချက်ပြုတ်စားသောက်ရန် အခက်အခဲဖြစ်ခြင်း၊ ကျောင်းသား ကျောင်းသူများ ရေထဲဖြတ်သန်းသွားလာနေရခြင်းတို့ကြောင့် ဖျားနာခြင်း၊ ဝမ်းပျက်ခြင်းတို့ ဖြစ်လာနိုင်ကြောင်း ယင်းရပ်ကွက်နေသူတစ်ဦးက ပြောသည်။

မကွေးတက္ကသိုလ် အရှေ့ဘက် အောင်စေတနာမှစ၍ အောင်မေတ္တာ B အုပ်စု(၁)လမ်းမှ(၉)လမ်းအထိ မိသားစုဝင် ၁၀၀ ကျော်နှင့် D အုပ်စုမှ မိသားစု ၁၀၀ ကျော်အပြင် အသေးစားလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ သွားလာရေးအခက်အခဲ ဖြစ်နေကြကြောင်း ဒေသခံများထံမှ သိရသည်။

ယင်းရပ်ကွက်နေ ရပ်မိရပ်ဖတစ်ဦးက "ဌာနဆိုင်ရာတွေက ရေမြောင်းတွေတော့ ဖော်ပေးနေတာပါပဲ။ ဒါပေမယ့် မပြီးသတ်သေးတာတွေ ရှိနေတော့ မိုးရွာသွန်းမှုလည်းများတော့ မြောင်းက ရေလျှံပြီး ရပ်ကွက်ထဲ ရေဝင်လာတော့ ဒေသခံတွေ အခက်အခဲတွေနဲ့ ကြုံတွေ့ရနေရတယ်" ဟု ပြောသည်။

မြင်းကင်းလမ်းအရှေ့ဘက်မှ ရေမြောင်း ဖောက်ထားပြီးသော်လည်း အောင်မေတ္တာ A အုပ်စုအဝိုင်းအနီး ရပ်ထားခြင်း၊ သစ်တောလမ်းမှ ရေကျော်တံတားမှ ဝင်သည့်ရေကို မတားဆီးနိုင်ခြင်းတို့ ဖြစ်နေသည်။ အများပြည်သူနေသည့်ရပ်ကွက်များအတွင်း ရေများဝင်ရောက်ပြီး စနစ်တကျ ရေစီးရေလာကောင်းသည့် ရေမြောင်းများ မရှိခြင်းတို့ကြောင့် ဝန်ထမ်းမိသားစုများ၊ သက်ကြီးရွယ်အိုများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံများ သွားလာရေးနှင့် ချက်ပြုတ်စားသောက်ရေး ပါ အခက်အခဲဖြစ်ကြရသည့်အပြင် ကျန်းမာရေးလည်း ထိခိုက်နိုင်သည်ဟု ၎င်းက ပြောသည်။ **ဟံသာလင်း(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မာန်ပြေကျေးရွာအုပ်စု ရွာသာကုန်းကျေးရွာတွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဩဂုတ် ၂၁ ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်တို့က လူနေအိမ် ၁၄ လုံးမှ မိသားစုနှင့်ပစ္စည်းများအား ဖရဲကျွန်းကျေးရွာဘုန်းတော်ကြီးကျောင်းသို့ ဝိုင်းဝန်းသယ်ယူရွှေ့ပြောင်းပေးစဉ် ယောရွှေမာ(ပြန်/ဆက်)

# လုံခြုံရေးအသိ သတိရှိဖို့လိုပါသည်



**သန့်ဇင်(မူဆယ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သည် အိမ်နီးချင်း တရုတ်နိုင်ငံနှင့် ထိစပ်လျက်ရှိပြီး တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုမှာလည်း နှစ်စဉ်တိုးတက်မှုများစွာရရှိနေသော နေရာတစ်ခုဖြစ်သည်။ တစ်နိုင်ငံလုံး၏ နှစ်စဉ် နယ်စပ်ကုန်သွယ်မှု တန်ဖိုး ၇၅ ရာခိုင်နှုန်းကို မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ရရှိကြောင်းသိရသည်။ ကုန်သွယ်ရေးဇုန်အတွင်း ကုန်သိုလှောင်ရုံများ၊ ပွဲရုံများ၊ ရေထွက် ပစ္စည်းအအေးခန်း စက်ရုံ၊ ငါးရှဉ့်၊ ကဏန်း ကုန်စည်ဒိုင်နှင့် သစ်သီးပွဲရုံများကိုလည်း တည်ဆောက်ထားပြီးဖြစ်သည်။

ကုန်သွယ်ရေးဇုန်အတွင်းသို့ တစ်နေ့လျှင် ပို့ကုန်၊ သွင်းကုန်ယာဉ်ကြီး အစီး ၈၀၀ ကျော်၊ ၁၀၀၀ ခန့် အဝင်အထွက်ရှိသည်ဟု သိရသည်။ ခြောက်ဘီးယာဉ်နှင့် ယာဉ်ငယ် စုစုပေါင်း ၁၅၀ ကျော်၊ ၂၀၀ ခန့် အဝင်အထွက်ရှိနေသလို ကုန်ကားကြီးများ ကုန်တင်ကုန်ချမကြန့်ကြာအောင်၊ အစီအစဉ်တကျ သွားလာနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ပို့ကုန်ယာဉ်ရပ်နားစခန်း၌ ယာဉ်အစီး ၁၀၀ ကျော်၊ သွင်းကုန်ယာဉ်ရပ်နားစခန်း၌ ယာဉ်အစီး ၇၀ ကျော် ညအိပ်ရပ်နားရန် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ကုန်သွယ်ရေးဇုန်မှ အများဆုံးတင်ပို့နေသည့် ပို့ကုန်ပစ္စည်းများမှာ သဘာဝဓာတ်ငွေ့၊ သကြား၊ ဆန်၊ ဒီဇယ်၊ ပြောင်း၊ ပဲတီစိမ်း၊ ရော်ဘာ၊ ကဏန်း၊ ကျောက်မျက်အချောထည်၊ ဆန်ကွဲစသည့် ကုန်စည်များဖြစ်သည်။ သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ ဓာတ်မြေသြဇာ၊ မော်တော်ဆိုင်ကယ်အမျိုးမျိုးနှင့် ဆိုင်ကယ်သုံးပစ္စည်းအမျိုးမျိုး၊ စက်ဘီး၊ ဆိုလာပြားများ၊ ပိုက်နှင့် ပိုက်ဆက်ပစ္စည်းအမျိုးမျိုး၊ သစ်သီးဝလံများစသည့် ကုန်များဖြစ်သည်။

ကုန်သွယ်ရေးဇုန်အတွင်းသို့ မိုးရာသီရောက်သည်နှင့် သစ်သီးယာဉ်များ အဝင်နည်းလာကြပြီး ပွင့်လင်းရာသီအချိန်များတွင် သစ်သီးယာဉ်များအပါအဝင် ယာဉ်အစီးရေ တစ်နေ့လျှင် ၂၀၀၀ ခန့် အထိ ဝင်ရောက်မှုရှိသည်ဟု သိရသည်။ ယင်းအချိန်အခါမျိုးတွင် မကြာခဏဆိုသလို လမ်းခရီး၌ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်တတ်ကြောင်းနှင့် အရောင်းအဝယ်ပြုလုပ်သည့်အခါ ယွမ်ငွေဖြင့်သာ ပြုလုပ်ကြကြောင်း သိရသည်။

ကုန်သွယ်ရေးဇုန်အတွင်း သစ်သီးပွဲရုံ ၇၄ ရုံနှင့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုရှိသည်။ လောလောဆယ် တင်ပို့ရောင်းချနေသည့် သစ်သီးများမှာ သရက်သီး၊ ဖရဲသီး၊ သခွားသီး၊ မင်းဂွတ်သီး၊ စပျစ်သီး၊ ဆီးသီးတို့ဖြစ်သည်။ ရာသီအချိန်အခါအလျောက် တရုတ်ပြည်သို့ပို့ဆောင်မည့် သစ်သီးပို့ကုန်များကို မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အတွင်းရှိ အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီက သစ်သီးထုတ်လုပ်ရောင်းချသူများ၊ သစ်သီးဈေးကွက်နှင့် ဈေးကွက်လိုအပ်ချက်များ၊သစ်သီးအမျိုးအစားများအလိုက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြန်မာနိုင်ငံတစ်ဝန်းမှ ထွက်ရှိသည့် အရည်အသွေးကောင်း အဆင့်အတန်းမီသည့် သစ်သီးများကို နယ်စပ်ဝင်ထွက် တရားဝင်လမ်းကြောင်းမှတစ်ဆင့် အများဆုံး ကုန်သွယ်ခြင်းများ ပြုလုပ်ပေးနေကြောင်း သိရသည်။

နိုင်ငံတော်အစိုးရသည် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ကို အဆင့်မီ တည်ဆောက်ထားကာ ကုန်သည်များ၏ ပို့ကုန်၊ သွင်းကုန်ပစ္စည်းများကို သတ်မှတ်နှုန်းထားများအတိုင်း ကျသင့်သော အခွန်ငွေများပေးဆောင်စေပြီး စီးပွားကူးသန်း အရောင်းအဝယ်လုပ်ငန်းများကို တရားဝင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ကုန်သည်အချို့သည် ပို့ကုန်၊ သွင်းကုန်များကို ကုန်သွယ်ရေးဇုန်ရှိ ကုန်စည်စစ်ဆေးရေးကွင်းသို့ လာရောက်စစ်ဆေးခံခြင်းမပြုတော့ဘဲ ရှောင်ကွင်းလမ်းကြောင်းများမှ သွားလာနေကြသည်။ သတ်မှတ်အခွန်ငွေမပေးဆောင်ဘဲ သွားလာနေကြသည်။ တာဝန်သိပြည်သူအချို့၏ သတင်းပေးတိုင်ကြားမှုများအရ သက်ဆိုင်ရာက သိရှိရသည့်အခါ ရှောင်ကွင်းလမ်းများမှသွားလာသော ကုန်သည်များ၊ ကုန်ပစ္စည်းများကို ရှောင်တခင် ဖမ်းဆီးအရေးယူနိုင်ရန် လှည့်ကင်းများဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရှောင်ကွင်းလမ်းဆိုသည်မှာ ခိုးဝင်ခိုးထွက် သွားလာနေကြသော လမ်းကြောင်းများဖြစ်သည်။ ကုန်သွယ်ရေးဇုန်ဝန်းကျင် အနီးအဝေး၌ ရှောင်ကွင်းလမ်းကြောင်း ခြောက်ခုရှိနေပြီး ထိုလမ်းကြောင်းများမှ သွားလာနေကြသူများထဲတွင် အဖွဲ့အစည်းများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်ဆက်နွှယ်သူတွေရှိသည်ဟုလည်း ဆိုကြသည်။

မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန် ပြင်ပရှိ တရားမဝင်ရှောင်ကွင်းလမ်းများမှ ဖမ်းဆီးရမိသော အကောက်ခွန်မဲ့ ပစ္စည်းများမှာ အမိုနီယံနိုက်ထရိတ်၊ ကျောက်စိမ်း၊ ကျွန်း၊ ကျွန်းပါကေး၊ ပိတောက်၊ တမလန်းစသည့် သစ်အမျိုးမျိုးနှင့် သစ်တောထွက်ပစ္စည်းများ၊ အေးခဲအမဲသား၊ အမဲသားခြောက်များ၊ ရှေးဟောင်းပစ္စည်း ပုရပိုက်များ၊ ရှားပါး တိရစ္ဆာန်ထွက်ပစ္စည်းများဖြစ်သော ဒေါင်းတောင်များ၊ ဆင်သားရေချပ်များ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ လိုင်စင်မဲ့ ကား/ဆိုင်ကယ်များနှင့် အများပြည်သူစားသုံးရန် မသင့်သော အကောက်ခွန်မဲ့ စားသောက်ကုန်များဖြစ်သည့် တရုတ်နိုင်ငံထုတ် မုန့်မျိုးစုံ၊ အသားတု၊ အချိုမှုန့်၊ ခေါက်ဆွဲခြောက်၊ ချိုချဉ်မျိုးစုံ၊ အစပ်ချောင်းနှင့် ပင်လယ်စာမျိုးစုံ၊ တရုတ်နိုင်ငံထုတ် အရက်မျိုးစုံ၊ ဘီယာပုလင်းများဖြစ်သည်ဟု ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြောသည်။

အကောက်ခွန်မဲ့ဝင်ရောက်လာသော တရားမဝင်ကုန်ပစ္စည်းများကို ဖမ်းဆီးရမိမှုများတွင် ပြည်သူများ၏ ပူးပေါင်းပါဝင် သတင်းပေးချက်အရ ဖမ်းဆီးရမိခဲ့ခြင်းကများကြောင်း၊ တရားမဝင်ကုန်သွယ်မှု ဆောင်ရွက်နေကြသူများအနေဖြင့်လည်း တရားဝင် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်နေကြသူများနှင့်တန်းတူ ရင်ပေါင်တန်း ဆောင်ရွက်သင့်ကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများဖြစ်ပေါ်လာပါကလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ကာ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်သောအခွန်ဘဏ္ဍာများရရှိအောင် ကူညီဆောင်ရွက်စေလိုကြောင်းလည်း အဆိုပါ တာဝန်ရှိသူက ဆက်ပြောသည်။

မူဆယ်ခရိုင်အတွင်းရှိ မြို့နယ်များတွင် တရားမဝင်ကုန်သွယ်မှုများ၊ တရားမဝင်ကုန်တင်ပို့ တင်သွင်းမှုများကို စစ်ဆေးဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့များကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ရာ ပြည်သူများအနေဖြင့်လည်း မသင်္ကာဖွယ်ရာ ကုန်စည်သယ်ဆောင်မှု၊ သွားလာလှုပ်ရှားမှု၊ ထူးခြားမှုများ တွေ့ရှိပါက တာဝန်ရှိသူများထံသို့ အချိန်မီ ရဲရဲဝံ့ဝံ့ ဖော်ထုတ်ပြောဆို သတင်းပေးကြရန် လိုအပ်သည်။ သို့မှသာ တာဝန်ရှိသူများအနေဖြင့် အချိန်မီ ဟန့်တားနိုင်မည်ဖြစ်သည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ပြင်ပရှိ ရှောင်ကွင်းလမ်းများအပါအဝင် နေရာအနှံ့အပြားတွင် နေ့/ညအချိန်မရွေး တာဝန်များဖြင့် သွားလာလှုပ်ရှား စစ်ဆေးဖမ်းဆီးမှုများကို တာဝန်ယူဆောင်ရွက်နေရသော တာဝန်ရှိသူများအနေဖြင့် လုံခြုံရေးအသိ၊ သတိများ ရှိနေကြရမည်သာဖြစ်ပေသည်။ ။



ဖမ်းမိထားသော အကောက်ခွန်မဲ့ တရားမဝင်ကုန်ပစ္စည်းများ

# (၂၉) ကြိမ်မြောက် ဆီးဂိမ်းတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုများ ရယူခဲ့သောရိုးရာခြင်းလုံးအဖွဲ့အား ပြည်သူများသောင်းသောင်းဖြဖြ ကြိုဆို

**ရန်ကုန် ဩဂုတ် ၂၂**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုများကို ဆွတ်ခူးရယူပေးခဲ့သော ရိုးရာခြင်းလုံးအဖွဲ့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးနှင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်ပြည်သူများက သောင်းသောင်းဖြဖြကြိုဆို နှုတ်ဆက်သည်။

“သမိုင်းတစ်ခုကို ရေးထိုးခဲ့တဲ့ မြန်မာနိုင်ငံခြင်းလုံးအားကစားအဖွဲ့ရဲ့ အုပ်ချုပ်သူ၊ နည်းပြအပါအဝင် အားကစားသမားတွေကို ကျေးဇူးအထူးတင်ပါတယ်။ အုပ်ချုပ်သူ၊ နည်းပြတွေရဲ့ သွန်သင်ဆုံးမမှုနဲ့ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်နှစ်ခုကို ရယူပေးနိုင်ခဲ့တဲ့အတွက် မြန်မာနိုင်ငံခြင်းလုံးဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ရော ပြည်သူတစ်ဦးအနေနဲ့ပါ ဝမ်းသာပီတိ ဖြစ်မိပါတယ်။ လာမယ့် ဖိလစ်ပိုင်ဆီးဂိမ်းမှာလည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးကို ကျွန်တော်တို့ ထပ်မံကြိုးစားသွားမှာပါ” ဟု မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

ယခုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများရရှိအောင် စွမ်းဆောင်ပေးခဲ့သော မြန်မာ့ရိုးရာခြင်းလုံးအသင်း၏ အသင်းခေါင်းဆောင် ဦးကျော်စိုးမိုးကလည်း “ ဒီနှစ်ဆီးဂိမ်းမှာ အရင်နှစ်တွေကထက် ပြိုင်ဘက်အသင်းတွေက အတော်လေး ကောင်းလာပါတယ်။ အရင်နှစ်တွေကလို မဟုတ်တော့ပါဘူး။ ပြိုင်ဘက်တွေကအကြိတ်အနယ်ရှိလာကြပါပြီ။ အခုရလာတဲ့ ရွှေနှစ်ခုဆို ကျွန်တော်တို့ အမှတ်ကွာခြားမှု အနည်းငယ်လေးနဲ့သာ ဆွတ်ခူးခဲ့တာပါ”ဟု ပြောသည်။

မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှ စတင်ထည့်သွင်း ကျင်းပခွင့်ရခဲ့ပြီး ယင်းနှစ်တွင် ရွှေခြောက်ခု၊ ပြီးခဲ့သော စင်ကာပူနိုင်ငံ၌ ကျင်းပသည့် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေနှစ်ခုနှင့် ယခု(၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေနှစ်ခု စုစုပေါင်း ရွှေ ၁၀ ခုကို နိုင်ငံ့ဂုဏ်ဆောင် ရယူပေးထားနိုင်ခဲ့သည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**





## ဖားကန့်ရှိ ကျောက်သွေးတောင် နိမ့်ဆင်းလာ၍ ကာကွယ်ထိန်းသိမ်းရန် အလွန်အရေးကြီး

ဖားကန့် ဩဂုတ် ၂၂

**ကချင်ပြည်နယ် ဖားကန့်မြို့ ဆိုင်းတောင် ကျောက်စိမ်းထွက်ရှိရာဒေသအနီးရှိ ကျောက်သွေးတောင်မှာ နိမ့်ဆင်းလာ၍ ကာကွယ်ထိန်းသိမ်းရန် လိုအပ်နေကြောင်းနှင့် ကျောက်သွေးတောင်သည် တိုင်းရင်းဆေးဖော်စပ်ရာတွင် အလွန်တန်ဖိုးရှိသော သဘာဝတွင်းထွက်ပစ္စည်းဖြစ်သည့်အတွက် တန်ဖိုးထားထိန်းသိမ်းသင့်ကြောင်း သိရသည်။**

ကျောက်သွေးတောင်မှ ထွက်ရှိသော ကျောက်သွေးဖြင့် ဒူလာပါဒရက်၊ လေသာခရောဂါများကို ကုသနိုင်သည်ကို ဂရုပြုမိသူများ မရှိကြဘဲ ကျောက်စိမ်းရရှိရေးအတွက်သာလျှင် လုပ်ကိုင်နေကြပြီး တစ်နှစ်ထက်တစ်နှစ် တိုးချဲ့၍ အနီးရှိ ဝေ့ခါးချောင်းအတွင်း ကုမ္ပဏီများက ကျောက်စိမ်းရှာဖွေနေကြလျက်ရှိရာ ကျောက်သွေးတောင်မှာ နိမ့်ဆင်းလာလျက်ရှိကြောင်း သိရှိရသည်။

ယခင်ကဆိုလျှင် ကျောက်သွေးတောင်မှာ သွေးများကျနေသကဲ့သို့ နီရဲသောအရည်များ စီးကျနေသည်ကို အဝေးမှပင် မြင်ရပြီး တောင်အောက်တွင်လည်း ကြောက်စရာကောင်းအောင် မှောင်မည်းနေသည့် လိုဏ်ခေါင်းကြီးရှိရာ အတွင်းသို့ဝင်မကြည့်ရဲကြဘဲ အနားမှ ဖြတ်သွားဖြတ်လာလောက်သာရှိကြကာ တောင်ပေါ်သို့ တက်ကြည့်သူလည်း မရှိသည့်အတွက် ကျောက်သွေးကျဆင်းမှုမှာ သဘာဝမပျက် စီးကျနေခဲ့သည်။ ယင်းနောက် ဘုရားစေတီတည်လိုက်သည့်အခါ တောင်ပေါ်သို့ လူအများရောက်ရှိချိန် နောက်ပိုင်းတစ်စတစ်စနှင့် ကျောက်သွေးများ ကျဆင်းမှုလျော့နည်းခဲ့သည်။

ဝေ့ခါးချောင်းအတွင်း လက်ယက်ရေငုပ်ကျင်းတူးသမားများ ရောက်ရှိလာသည့်အခါ ရေနောက်များလာ၍ မိုးတွင်းကာလတွင် ရေစီးကြမ်းလာကာ ကမ်းပါးများရေတိုက်စားကာ ကမ်းပြိုပြီး ချောင်းပြင်ကျယ်ဝန်းသွားသဖြင့် ကျောက်စိမ်းရှာရေငုပ်သမားများမှာလည်း ကျောက်စိမ်းရရှိမှုနည်းပါးလာ၍ ကုန်းပေါ်တွင် လူအားဖြင့် သံတိုင်ကိုအသုံးပြုကာ တိုးချဲ့လုပ်ကိုင်ကြသည်။

လူဦးရေများပြားစွာ လုပ်ကိုင်လာမှုကြောင့် မိုးတွင်းကာလတွင် ရေစီးကြောင်းမှ စွန့်ပစ်မြေစာများ မျောပါကျဆင်းလာရာ ဝေ့ခါးချောင်း၏ ကြမ်းပြင်မြင့်တက်လာသည်။ တစ်ဖန် ကုမ္ပဏီများဝင်ရောက်လာကာ တိမ်ကောသွားသောနေရာများတွင် လုပ်ပိုင်ခွင့်အကွက်များ ချပေးလိုက်သဖြင့် ကုမ္ပဏီအများစုက စက်ယန္တရားများဖြင့် ကျောက်စိမ်းရှာဖွေလာကြသဖြင့် ဝေ့ခါးချောင်း ထပ်ဆင့် တိမ်ကောခြင်းနှင့်အတူ နှစ်ကြာလာသည့်အခါ အနီးရှိ ကျောက်သွေးတောင်မှာ နိမ့်ဆင်းလာသည်။ ယခုအခါ ကျောက်သွေးကျဆင်းခြင်းမရှိတော့ဘဲ တောင်အောက်လိုဏ်ဂူလည်း ပိတ်ဆို့ပျောက်ဆုံးသွားခဲ့သည်။ ဝေ့ခါးချောင်းတွင် ကျောက်စိမ်းမထွက်တော့သည့်အတွက် ကျောက်စိမ်းရှာဖွေမှုများ မရှိတော့သော်လည်း ကျောက်သွေးတောင်ကြီးမှာမူ နိမ့်ဆင်းလာလျက်ရှိနေပြီဖြစ်သည်။

ဒေသခံတစ်ဦးက လွန်ခဲ့သည့် ၁၈ နှစ်ကာလခန့်မှစကာ စံချိန်တင် ပူပြင်းလာကြောင်း၊ နှင်းတွေအဆက်မပြတ်ကျသည့်ကာလ တိုလာကြောင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှုတို့မှာ လူတို့ နည်းမျိုးစုံဖြင့် ပြုလုပ်နေမှုကြောင့်ဖြစ်ကြောင်း၊ သက်ဆိုင်ရာများ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုမပြုဘဲ ဆက်လက်ခွင့်ပြုနေမည်ဆိုပါက ဖားကန့်မြို့နယ် ဆိုင်းတောင်ကျေးရွာအနီးမှ သဘာဝရှားပါး ကျောက်သွေးတောင်ကြီးမှာ ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ငွေအိုး (ကသာ)**

## ပျက်ကျ Y-8 လေယာဉ်၏ အင်ဂျင်နှင့် ပန်ကာအပါအဝင် အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်း၍ ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ် မူတည်၍ လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေ သုံးစင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ လေယာဉ်အင်ဂျင်တစ်လုံးနှင့် ပန်ကာရွက်သုံးခု



အပါအဝင် လေယာဉ်အစိတ်အပိုင်းများကို ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ် ရှာသစ်ကေရပ်ကွက်နေ ရွာသားတစ်ဦးထံမှ ဓား၊ သံဆူးချွန်များနှင့် စစ်ဝတ်တန်ဆာပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၂**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် ရှာသစ်ကေရပ်ကွက် အရှေ့ရွာနေ ရွာသားတစ်ဦးထံမှ ဓား၊ သံဆူးချွန်များနှင့် စစ်ဝတ်တန်ဆာပစ္စည်းများကို ယမန်နေ့ မွန်းလွဲပိုင်းက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရှာသစ်ကေရပ်ကွက် အရှေ့ရွာနေ ဟာမစ်တူဆောင်း၏ နေအိမ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် သတင်းအရ ရှာဖွေစစ်ဆေးခဲ့ရာ နေအိမ် အိပ်ခန်းအတွင်းမှ ဓားကောက်အရှည် သုံးချောင်း၊ ဓားဦးချွန် တစ်ချောင်း၊ သစ်သားလက်ကိုင်ရိုးတပ် သံဆူးချွန် နှစ်ချောင်း၊ သစ်သားတုတ်တစ်ချောင်း၊ အနက်ရောင် ဂျာစီအကျႌ တစ်ထည်၊ နက်ပြာရောင် ဘောင်းဘီတို နှစ်ထည်၊ တောစီးလည်ရှည် စစ်ဖိနပ် တစ်ရန်၊ ခြေအိတ် တစ်စုံနှင့် စစ်သုံးဒန်သောက်ရေဘူးခွံ တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဟာမစ်တူဆောင်းအား မောင်တောမြို့မရဲစခန်းက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်သမားများနှင့် ပတ်သက်သည့် မသင်္ကာသူ ၁၂ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၂**

မောင်တောမြို့နယ် နိုရူလ္လာကျေးရွာနှင့် မြို့ဦးကျေးရွာအုပ်စု ကျေးရွာများမှ အကြမ်းဖက်သမားများနှင့် ပတ်သက်သည့် မသင်္ကာသူ ၁၂ ဦးအား ဩဂုတ် ၂၀ ရက် က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် နယ်မြေ(၇) နိုရူလ္လာကျေးရွာအတွင်း ဩဂုတ် ၂၀ ရက် နံနက် ၅ နာရီတွင် လှည့်ကင်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ပတ်သက်သည့် မသင်္ကာသူ ရှောင်ရူအာလောင်ပါ အမျိုးသားခြောက်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့အတူ မောင်တောမြို့နယ် နယ်မြေ(၆) မြို့ဦးကျေးရွာအုပ်စုရှိ ဟော်ရီတူလာ၊ ဇူလ၊ ဇင်တူလာ၊ လက်သာအောက်နှင့် လက်သာရွာမကြီး ကျေးရွာများတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မသင်္ကာသူများဖြစ်သည့် လက်သာအောက်ရွာမှ မော်လဝီဘူကာဆိမ်း၊ ဟော်ရီတူလာရွာမှ အာလီအာမောက်၊ သီဟိုဠ်ကျွန်းတောင်ရွာမှ မာမတ်အာရပ်နှင့် အီနာမိန်၊ ကန်ကျမြောက်ရွာမှ အာမီအာမတ်၊ မြို့သူကြီးရွာဟောင်းမှ မာမတ်ဟာရိုန်းတို့ ခြောက်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ကုန်စည်များဖမ်းမိ

နေပြည်တော် ဩဂုတ် ၂၂

**တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၄၀၊ သွင်းကုန် ၄၉၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး ၊ သွင်းကုန် ၁၁၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။**



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် မြေဆီ၊ Plastic Roll ၊ Automatic Voltage Protector ၊ CCTV Camera၊ Computer Power Supply၊ Breaker နှင့် အဝတ်အထည်ဟောင်း** (ဘေထုပ်)

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀ ဒသမ ၀၆၆ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၁၄၀ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂ ဒသမ ၂၀၆ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၁ ရက်က မန္တလေးသို့သွားရောက်မည့် Dongfeng ၂၂ ဘီးယာဉ်တစ်စီး၊ Canter ခြောက်ဘီးယာဉ်တစ်စီးနှင့် Nissan ၁၂ ဘီးယာဉ်တစ်စီးတို့ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ID/IL တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် မြေဆီ (1 × 50) Kg (250) Bags၊ Plastic Roll (1 × 5)Kg (400) Rolls၊ Automatic Voltage Protector (1×12) (5) Pkgs ၊ CCTV Camera (1× 20) (41)Pkgs, (1 × 19) (1) Pkg ၊ Computer Power Supply (1×10) (31)Pkgs၊ Breaker (1×40) (60A) (3) Pkgs နှင့် အဝတ်အထည်ဟောင်း (ဘေထုပ်) (1×90)Kg (73)Bags စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၈၅၅ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဆီဘောက်ဆာယာဉ်မီးလောင် နေအိမ်များကူးစက်လောင်ကျွမ်းမှုဖြစ်

**ရန်ကုန် ဩဂုတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၆) ရပ်ကွက် ပြည်ထောင်စုလမ်းမပေါ်၌ ဩဂုတ် ၂၂ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်က ဆီဘောက်ဆာယာဉ်နှင့် ကွန်တိန်နာယာဉ်တို့ တိုက်မိရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုကို Level-4 အဆင့်သတ်မှတ်ကာ မီးသတ်ယာဉ်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်သည်။ မီးလောင်မှုဖြစ်ပွားရခြင်းမှာ ဆီဘောက်ဆာယာဉ်နှင့် ကွန်တိန်နာယာဉ်တို့ တိုက်မိရာမှ ဆီဘောက်ဆာယာဉ်မှ ဆီများ လမ်းပေါ်သို့ စီးဆင်းပြီး အနီးရှိ လေးထပ်တိုက်နှင့် ဝန်းကျင်အိမ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားနေစဉ် လေတိုက်နှုန်းလည်း ပြင်းနေကြောင်း ကနဦးသတင်းရရှိသည်။

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**


Photo - Yangon Police

# မတရားတားဆီးပြီး လက်ထိတ်ခတ်၊ ဝါးရင်းတုတ်နှင့်ရိုက်သည့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို အရေးယူ

**မိုးညှင်း ဩဂုတ် ၂၂**
မတရားတားဆီးပြီး မိမိအလိုအလျောက် နာကျင်အောင် လက်ထိတ်ခတ်၍ ဦးခေါင်း၊ ခြေ၊ လက်၊ ရင်ဘတ်၊ ပေါင်၊ ခြေသလုံးကျိုး ဒဏ်ရာရရှိအောင် ရိုက်နှက်သော ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို တိုင်တန်းချက်အရ မိုးညှင်းမြို့နယ် ဟိုပင်ရဲစခန်းက ဩဂုတ် ၂၀ ရက်တွင် အမှုဖွင့်၍ အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၀ ရက် ညနေ ၄ နာရီခန့်က မိုးညှင်းမြို့နယ် ဟိုပင်မြို့ တကွင်းကျေးရွာ၌ နေထိုင်သူ မမွေလှိုင် (၂၇ နှစ်) သည် နေအိမ်၌ရှိနေစဉ် တကွင်းကျေးရွာအထွက် အမှိုက်ပစ်သည့်နေရာ၌ လူနှစ်ဦးက ဖခင်ဖြစ်သူကိုလက်ထိတ်ခတ်၊ ရိုက်နှက်နေကြောင်း ကြားသိရ၍ မမွေလှိုင်က သွားရောက်ကြည့်ရှုရာ ဖခင်ဖြစ်သူ ဦးအိုက်ကံမှာ လက်ထိတ်တန်းလန်းဖြင့် နေအိမ်ဘက်သို့ ပြန်ပြေးလာပြီး လူနှစ်ဦးကလည်း နောက်မှ ပြေးလိုက်လာသည်ကို တွေ့ရသဖြင့် မမွေလှိုင်က ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ထံသို့ ဖုန်းဆက်အကြောင်းကြားခဲ့သည့်အတွက် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ ရောက်ရှိလာ၍ မေးမြန်းရာ အရှည်တစ်ပေခန့် လုံးပတ် ကိုးလက်မရှိသော ဝါးလုံးအပိုင်းဖြင့် ရိုက်သူနှစ်ဦးမှာ အင်းတော်မြို့မ ရဲစခန်းမှ ရဲတပ်ကြပ် ဇော်မျိုးနှင့် မော်တိတ်ရဲကင်းစခန်းမှ ရဲတပ်သား ကျော်လွင်ဦးတို့ဖြစ်ကြောင်း သိရှိရသည်။ အရိုက်ခံရသူ ဦးအိုက်ကံ (၅၀ နှစ်) သည် ညာဘက်မျက်ခုံး ဖူးရောင်ဒဏ်ရာ၊ ဝဲဘက်ဦးခေါင်းဖူးရောင်ဒဏ်ရာ၊ ရင်ဘတ်နှင့် နောက်ကျောညိုမည်းဒဏ်ရာ၊ ညာဘက်ပေါင်ရင်း ညိုမည်းဒဏ်ရာ၊ ညာဘက်ခြေသလုံးအရိုးကျိုးဒဏ်ရာတို့ ရရှိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို ဟိုပင်နယ်မြေရဲစခန်းသို့ အပ်နှံ၍ မမွေလှိုင်က တရားလိုပြု အမှုဖွင့်တိုင်တန်းရာ ဟိုပင်နယ်မြေရဲစခန်းက အမှုဖွင့်ဖမ်းဆီးခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေကြောင်းသိရသည်။

**ငွေအိုး (ကသာ)**



# ယင်းမာပင်မြို့နယ်၌ တရားမဝင်သစ်များ တင်ဆောင်ထားသော ယာဉ်သုံးစီး တစ်ရက်တည်း ဆက်တိုက်ဖမ်းဆီးရမိ

ယင်းမာပင် ဩဂုတ် ၂၂

**စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၌ တရားမဝင် ပိတောက်ခွဲသား စုစုပေါင်း ၁ ဒသမ ၈၄၁၀ တန် တင်ဆောင်ထားသည့် ယာဉ်သုံးစီးကို ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီ ၁၅ မိနစ်မှစတင်ပြီး မွန်းလွဲ ၁နာရီ မိနစ် ၄၀ အထိ တစ်ရက်တည်း ဆက်တိုက်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသန်း၏ စီမံအုပ်ချုပ်မှုအောက်ရှိ ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးပြည့်ဟိန်း ဦးဆောင်ပါဝင်သော သစ်တောဝန်ထမ်းများ ပါဝင်သည့် အဖွဲ့သည် ယင်းမာပင်ခရိုင်အတွင်း တရားမဝင်သစ်များ ခိုးလှဲခြင်း၊



ထုတ်လုပ်ခြင်း၊ ဝယ်ယူ၊ ရောင်းချ၊ သယ်ယူခြင်းများကို အရှိန်အဟုန်မြှင့် ရှာဖွေဖမ်းဆီးလျက်ရှိရာ ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က မုံရွာ-ယာကြီး-ကလေးဝ လမ်းဘေး "စိုး" ဆီဆိုင်အနီး တရားမဝင် ပိတောက်ခွဲသား ခြောက်ချောင်း တင်ဆောင်ရပ်တန့်ထားသော ယာဉ်အမှတ် YGN 8L/----လိုက်ထရပ်ယာဉ်တစ်စီး၊ ဆက်လက်ပြီး အဆိုပါနေရာ၌ နံနက် ၈ နာရီခွဲခန့်တွင် တရားမဝင် ပိတောက်ခွဲသား ၀ ဒသမ ၄၇၉၀ တန် တင်ဆောင်ရပ်တန့်ထားသော ယာဉ်အမှတ် MDY 5E/---- IPSUM ယာဉ်တစ်စီးနှင့် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ခရိုင်စစ်ကြောင်းအဖွဲ့နှင့် ဘန့်ဘွေးကျေးရွာ အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းပါဝင်သည့် အဖွဲ့က မုံရွာ-ယာကြီး-ကလေးဝလမ်း မိုင်တိုင်အမှတ် (၇/၁)အနီး၌ တရားမဝင် ပိတောက်ခွဲသား ၁၆ ချောင်း တင်ဆောင်ရပ်တန့်ထားသော ယာဉ်အမှတ် YGN 2I/---- Mark IIယာဉ် တစ်စီးတို့ကို တစ်ရက်တည်း ဆက်တိုက်ဖမ်းဆီးရမိ၍ စုစုပေါင်း တရားမဝင် ပိတောက်ခွဲသား ၃၄ ချောင်း ၁ ဒသမ ၈၄၁၀ တန်နှင့် မော်တော်ယာဉ်သုံးစီးကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသစ်များနှင့်ပတ်သက်၍ မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောဥပဒေအရ အမှုဖွင့်ဆောင်ရွက်နိုင်ရေး၊ တရားမဝင်ပိတောက်ခွဲသား တင်ဆောင်ထားသော မော်တော်ယာဉ်သုံးစီး၏ ယာဉ်ပိုင်ရှင်များကို ဆက်လက်ရှာဖွေစုံစမ်းလျက်ရှိကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**

# မောင်တောမြို့နယ်၌ ဆာလာအိတ် ၁၀ အိတ် အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၁၃၅၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၂**
တပ်မတော်သားများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မောင်တောခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၁ ရက် ညနေ ၄ နာရီခွဲက မောင်တောမြို့နယ် မြို့ဦးကျေးရွာအုပ်စု ဇူလကျေးရွာနေ အာဆောဒူလာ၏ နေအိမ်ကိုရှာဖွေရာ ဆာလာအိတ် ၁၀ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၁၃၅၀၀၊ ဖုန်းတစ်လုံးနှင့် Laptop ကွန်ပျူတာတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု တောင်းကော့ရွာဟောင်းလမ်း မိုက်ကဲ့ မြေစာပုံအနီး ပျံကျတဲစုရှိ ရန်တာကျ၏ နေအိမ်တဲကိုရှာဖွေရာ ရန်တာကျလွယ်ထားသည့် အိတ်အတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၀၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ နှင့် ဓားမြှောင်တစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ ည ၈ နာရီခန့်က ပင်လောင်း-အောင်ပန်း ကားလမ်းလွယ်ပြား ဘီးခွန်ကောက်ခံရေးဂိတ်၌ ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ ခရီးသည် မြင့်ဦး၏ ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ည ၉ နာရီက ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ခရီးသည် မဝင်းရီ၏ ခြင်းအတွင်းမှ ဘိန်းစိမ်း ၄ ဒသမ ၅ ကီလိုနှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ မွန်းလွဲ ၂ နာရီက ကလောမြို့နယ် မကွေကျေးရွာအနီး ကလော-သာစည် ကားလမ်း မိုင်တိုင်(၅၉/၁)တွင် ဇော်ဝင်းမောင်းနှင်လာသည့် ယာဉ်ကိုရှာဖွေရာ ယာဉ်၏နောက်ခန်းအတွင်းမှ ဘိန်းဆီခဲ ၂ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အာဆောဒူလာကို ဖမ်းဆီးရမိ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/မြောက်၊ နီလာလမ်းသွယ်(၇)နေ ဦးစိုးဝင်း ၁၂/လကန(နိုင်)၀၁၈၇၇၇ အမည်ပေါက်ပိုင်ဆိုင်သည့် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး၊ RC ဆိုင်ခန်း အမှတ်(ရ-၃၂)ဆိုင်ခန်း၏ ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ် ပျောက်ဆုံးသွားပါသဖြင့် လိုင်စင်ကတ် ထပ်မံလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဦးစိုးဝင်း ၁၂/လကန(နိုင်)၀၁၈၇၇၇အား အမည်ပေါက်ထုတ်ပေးထားသည့် လိုင်စင်ကတ်ကိုပယ်ဖျက်၍ ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ရာဇသင်္ဂဟအိမ်ရာ(၁)၊ ရွှေကသစ်လမ်း၊ အမှတ်(၁၀၇၈)နေ ဒေါ်ကြည်ကြည်ဝင်း ၁၄/ရကန(နိုင်)၀၂၀၄၃၅ အမည်ပေါက်ပိုင်ဆိုင်သည့် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး၊ ပွဲရုံဆိုင်ခန်းအမှတ်(ပ-၉၁)ဆိုင်ခန်း၏ ဈေးဆိုင်ခန်းအငှားချထားခြင်း၊ လိုင်စင်ကတ်ပျောက်ဆုံးသွားပါသဖြင့် လိုင်စင်ကတ်ထပ်မံလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဒေါ်ကြည်ကြည်ဝင်း ၁၄/ရကန(နိုင်)၀၂၀၄၃၅အား အမည်ပေါက်ထုတ်ပေးထားသည့်လိုင်စင်ကတ်ကို ပယ်ဖျက်၍ ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ကန့်ဘလူမြို့နယ်၊ (၂)ရပ်ကွက်နေ ဦးမိုးမြင့် ၅/ယမပ(နိုင်)၀၃၅၁၃၃၏ သမီး အထက(၁)အဌမတန်း(F)မှ မယမုံမိုးမြင့်အား မယမုံမိုးမြင့်ဟု ပြောင်းလဲခေါ်ပါရန်။ **မယမုံမိုးမြင့်**

## အမည်မှန်

တကောင်းမြို့နယ်၊ မန်ကျည်းကုန်း(ပေါ်တော်မူ)ကျေးရွာ၊ အလက၊ စတုတ္ထတန်းမှ ဦးဖြိုးမင်းဇော် ၉/တကတ(နိုင်)၀၀၂၅၇၁၏သားဖြစ်သူ အမည်မှန်မှာ မောင်ဟိန်းမင်းဆက်ဖြစ်ပါသည်။

## ဖခင်အမည်မှန်

စဉ့်ကူးမြို့နယ်၊ လက်ပန်လှကျေးရွာ(အထက)၊ သတ္တမတန်း(C)မှ မယုယုထွေးနှင့် ပဉ္စမတန်း(B)မှ မောင်ခန့်ဝင်းအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းဦး ၉/စကန(နိုင်)၀၆၅၃၄၅ ဖြစ်ပါသည်။ **ဦးကျော်ဆန်းဦး**

## မွေးသက္ကရာဇ်အမှန်

ပြင်ဦးလွင်မြို့၊ စာပန်းအိမ် ကိုယ်ပိုင် အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော ဦးဂျော်နီဖဲလင့်စ် ၉/မမန(နိုင်)၀၀၅၂၄၄၏သမီး မနှင်းစန္ဒီလင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၃-၁၉၉၉ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/8737 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖခင်အမည်မှန်

ဇေယျာသီရိမြို့နယ်၊ ရေဆင်း အထက နဝမတန်း(F)မှ မသူသူအေး၏ဖခင်အမည်မှန်မှာ ဦးမျိုးဟန် ၉/ပမန(နိုင်)၁၂၀၃၇၈ ဖြစ်ပါကြောင်း။

**ဦးမျိုးဟန်**




# ဘီလီယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်း ဗိုလ်လုပွဲတက်

**နေပြည်တော် ဩဂုတ် ၂၂**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းဘီလီယက်ပြိုင်ပွဲ ပထမနေ့အဖြစ် နှစ်ယောက်တွဲပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ကွာလာလမ်ပူ ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပရာ မြန်မာနိုင်ငံမှ အောင်ဌေးနှင့် မင်းစည်သူထွန်းအတွဲက ဗိုလ်လုပွဲတက်ရောက်သွားသည်။

အောင်ဌေးနှင့် မင်းစည်သူထွန်းအတွဲသည် ဗီယက်နမ်အတွဲနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ မြန်မာအတွဲသည် ပထမပွဲငယ်တွင် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် အရေးနိမ့်ခဲ့သောကြောင့် လက်ကျန်ပွဲငယ်များတွင် ရုန်းကန်ခဲ့ရသည်။ မြန်မာအတွဲသည် စတုတ္ထပွဲငယ်တွင် အနိုင်ရခဲ့သော်လည်း ၁၀၂-၉၃ မှတ်ဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရသည်။ အခြားဆီမီးဖိုင်နယ်ပွဲတွင် ထိုင်းအတွဲက စင်ကာပူအတွဲကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ ပီတာဂေးလ်ခရစ် ဦးဆောင်သည့် စင်ကာပူအတွဲမှာ မထင်မှတ်ဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲကို ဩဂုတ် ၂၃ ရက် **(ယနေ့)** ညနေပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဌေးနှင့် မင်းစည်သူထွန်း(မြန်မာ)နှင့် ပရာပွတ်ဦးဆောင်သည့် ထိုင်းအတွဲတို့ ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ဓာတ်ပုံ-စိုးညွန့်(ခေတ္တ-မလေးရှား)**



## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဆုတံဆိပ်ရရှိမှုအခြေအနေ (၂၂-၈-၂၀၁၇) အထိ

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၃၄ | ၂၆ | ၁၇ | ၇၇ |
| ၂ | စင်ကာပူ | ၁၉ | ၁၈ | ၁၇ | ၅၄ |
| ၃ | ဗီယက်နမ် | ၁၅ | ၉ | ၁၅ | ၃၉ |
| ၄ | အင်ဒိုနီးရှား | ၁၂ | ၁၄ | ၂၀ | ၄၇ |
| ၅ | ထိုင်း | ၈ | ၁၄ | ၂၀ | ၄၄ |
| ၆ | ဖိလစ်ပိုင် | ၇ | ၈ | ၉ | ၂၄ |
| ၇ | မြန်မာ | ၄ | ၃ | ၃ | ၁၀ |
| ၈ | ဘရူနိုင်း | ၀ | ၁ | ၅ | ၆ |
| ၉ | လာအို | ၀ | ၁ | ၁ | ၂ |
| ၁၀ | ကမ္ဘောဒီးယား | ၀ | ၀ | ၅ | ၅ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

# မြန်မာအမျိုးသမီးဘောလုံးအသင်း ကြေးဆုရရန် သေချာသလောက်ရှိနေ

**ကွာလာလမ်ပူ ဩဂုတ် ၂၂**

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စု စတုတ္ထနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာအမျိုးသမီးအသင်းက ဖိလစ်ပိုင်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။



မြန်မာအမျိုးသမီးအသင်းသည် တတိယကြေးတံဆိပ်ဆုအတွက် အရေးပါသည့်ပွဲတွင် ဖိလစ်ပိုင်အသင်းကို အနိုင်ရခဲ့သောကြောင့် ကြေးတံဆိပ်ဆုရရန် သေချာသလောက်ရှိသွားခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ဖိလစ်ပိုင်ကို ဂိုးဒါဇင်ဝက်သွင်းယူနိုင်ခဲ့သည်။ ဖိလစ်ပိုင်အသင်းသည် နောက်ဆုံးပွဲအဖြစ် ထိုင်းအသင်းနှင့် ကစားရမည်ဖြစ်ပြီး အနိုင်ရလဒ်အပြင် ၁၆ ဂိုးပြတ်သွင်းယူနိုင်မှသာ ကြေးတံဆိပ်ရယူနိုင်မည်ဖြစ်သည်။

ကြေးတံဆိပ်ဆုအတွက် မဖြစ်မနေ အနိုင်ကစားရမည့်ပွဲဖြစ်သောကြောင့် မြန်မာအသင်းသည် ကစားကွက်အပြောင်းအလဲလုပ်ကာ ၄-၄-၂ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး လေးမိနစ်တွင် ခင်မိုးဝေက အဖွင့်ဂိုးသွင်းယူခဲ့သည်။ နှစ်မိနစ်အကြာတွင် မြန်မာအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ဝင်းသိင်္ဂီထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ နှစ်ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း စိတ်ကြိုက်ဖိကစားနိုင်ခဲ့ပြီး ၁၈ မိနစ်တွင် ရီရီဦး၊ ၁၉ မိနစ်တွင် နော်အားလိုဝါးဖောက ပိတ်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ပွဲကိုထိန်းချုပ်ကစားခဲ့ပြီး ဖိလစ်ပိုင်းအသင်းက ချေပဂိုးရရန်ကြိုးစားခဲ့သော်လည်း မြန်မာနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၈၀ နှင့် ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် နှစ်ဂိုးဆက်သွင်းယူကာ ဟက်ထရစ်ရယူခဲ့သည်။ အခြားပွဲတွင် ထိုင်းနှင့် ဗီယက်နမ်တို့ တစ်ဂိုးစီသရေကျခဲ့သည်။

ယခုပွဲအပြီးတွင် ထိုင်းနှင့် ဗီယက်နမ်တို့က ခုနစ်မှတ်စီ၊ မြန်မာအသင်းက ခြောက်မှတ်၊ ဖိလစ်ပိုင်အသင်းက သုံးမှတ်ရထားပြီး မလေးရှားအသင်းက အမှတ်မရသေးပေ။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်(ခေတ္တ-မလေးရှား)**

❊ *ကျောဖုံးမှ*

နံနက်ပိုင်းက ကျင်းပသောပွဲများတွင် မြန်မာဝူရှူးလက်ရွေးစင် ခန့်မင်းထက်က အမျိုးသား ထိုက်ချိချွမ်ပြိုင်ပွဲတွင် ကြေးတံဆိပ်ရယူပေးခဲ့သည်။ ညနေပိုင်းပွဲစဉ်များ၏ နောက်ဆုံးဖြစ်သည့် အမျိုးသမီးချန်းချွမ်ပြိုင်ပွဲတွင် မြတ်သက်ဆုဝေဖြိုးက ၉ ဒသမ ၆၇ မှတ်ဖြင့် ပထမ၊ စန္ဒီဦးက ၉ ဒသမ ၆၆ မှတ်ဖြင့် ဒုတိယရရှိပြီး အင်ဒိုနီးရှား ကစားသမားက ကြေးတံဆိပ်ရရှိသည်။ ပြိုင်ပွဲအပြီးတွင် မြန်မာဝူရှူးအဖွဲ့က ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုရရှိခဲ့ပြီး ရွှေတံဆိပ်နှစ်ခုကို သိန်းသန်းဦးနှင့် မြတ်သက်ဆုဝေဖြိုးတို့က ရယူနိုင်ခဲ့သည်။ မြတ်သက်ဆုဝေဖြိုးသည် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် နှစ်ယောက်တွဲ အတိုက်ပြိုင်ပွဲ၌ အေးသစ္စာမြင့်နှင့်တွဲ၍ ရွှေတံဆိပ်ရယူနိုင်ခဲ့သော်လည်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုံး ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ သိန်းသန်းဦးမှာမူ ဆီးဂိမ်းရွှေတံဆိပ်ဆုကို ပထမဆုံးအကြိမ် ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။


### ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ ချောင်းဆုံ အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ ကျောင်းဝင်အမှတ်(၁၄၀/၂၀၁၂) မောင်စိုးမြဦး၏ ဖခင်အမည်မှန်မှာ ဦးစောကျော်ဘိုင်ချိုင် ၁၀/ကမရ(နိုင်)၀၇၄၇၀၇ ဖြစ်ပါသည်။

**ဦးစောကျော်ဘိုင်ချိုင်**

### မိဘအမည်မှန်

ချောင်းဆုံမြို့နယ်၊ ချောင်းဆုံ အထက တက္ကသိုလ်ဝင်တန်း(ခ)မှ ကျောင်းဝင်အမှတ်(၁၂၁/၂၀၁၂) မအေးပပသင်း၏ မိဘအမည်မှန်မှာ ဦးကြည်လင် ၁၀/ခဆန(နိုင်)၀၀၃၉၁၃နှင့် ဒေါ်အုံးအုံးနွဲ့ ၁၀/ခဆန(နိုင်)၀၀၃၄၁၆ ဖြစ်ပါသည်။

**ဦးကြည်လင်-ဒေါ်အုံးအုံးနွဲ့**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်မြို့၊ အထက(ခွဲ)တီတွတ် တက္ကသိုလ်ဝင်တန်းမှ မောင်သားညီထွန်း၏ ဖခင်ဦးတင့်ဆွေနှင့်ဦးမောင်မောင်ထွေး ၇/ပမန(နိုင်) ၁၂၈၇၈၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးတင့်ဆွေ(ခ)ဦးမောင်မောင်ထွေး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် မှတ်ပုံတင်အမှတ် အဝသ-၄၃၂၄၈(၀၂၈)၊ ခုံအမှတ် ၄မ-၂၁၂(မြန်မာစာ)မှ မောင်ဇင်မင်းထိုက် ၁၂/တကန(နိုင်)၁၈၀၈၆၇၏ ဖခင် ဦးတင်စိုး(ခ)ဦးမောင်ဌေးဦး TKI-၀၃၃၅၆၀မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

### အမည်ပြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ ဦးပြည့်စုံကျော် ၁၂/သဃက(နိုင်)၁၈၀၁၄၂၏သမီး အလက(၃) မြောက်ဒဂုံ၊ တတိယတန်း(A)မှ မအိမ့်ဖူးမေအား မစုရတနာကျော်ဟု ပြောင်းလဲခေါ်ပါရန်။

## Vacancy Announcement

Myanmar Digital News is an Online news network publishing daily both in Myanmar and English. We need an experienced feature writer/correspondent who can report in English. The candidate should be fluent in spoken and written English,must have a keen interest in current political,social and economic affairs of Myanmar as well as that of international affairs and should be willing to travel for covering news. Salary is negotiable.

If you are interested in joining our news room team in Nay Pyi Taw, Please e-mail your CV together with a cover letter to recruitment@megalinkadvanced.com or contact 0095-67-412627 not later than 31 August 2017.

### စိတ်ဝင်စားသူများ ဆက်သွယ်ပါ

ကျွန်ုပ်၏ကုမ္ပဏီမှ INPORT လုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် ကုမ္ပဏီအစုအနေဖြင့် သိန်း(၆၀၀)ထည့်ဝင်ပါက ဇန်နဝါရီလ အလယ်လောက်တွင် ကုမ္ပဏီအစုခံစားခွင့်အနေဖြင့် သိန်း(၃၀၀)တိတိ ရရှိမည်ဖြစ်ပါသည်။ မိမိအရင်းနှင့်ဆိုလျှင် သိန်း(၉၀၀)တိတိ ပြန်လည်ရရှိပါမည်။

(အာမခံချက် အပြည့်အဝရှိပါသည်။)

(ပြောဆိုဆက်ဆံမှုအပေါ် မူတည်၍ လက်ခံမည်ဖြစ်ပါသည်။)

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၀၀၅၉၃၉၉၅၊ ၀၉-၄၀၀၅၉၃၇၉၁**

**ပျဉ်းမနား**

### အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့၊ အောက်စုရပ်၊ ရွှေဝါဦး(၄)လမ်းနေ ဦးအေးသိန်း ၇/ဝမန(နိုင်)၀၆၆၇၀၃၏သား မောင်ထက်မြတ်အောင်အား မောင်အောင်ခန့်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

### အမည်ပြောင်း

ပြင်ဦးလွင်မြို့ အထက(၄)တတိယတန်း(A)မှ ဦးဝင်းမြင့်ထွန်း၏သားအမည်အား မောင်ဝေဘုန်းလျှံဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဝေဘုန်းလျှံ**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ ပုဂံဌာနခွဲမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

(က) ပုဂံရှေးဟောင်းသုတေသနပြတိုက် အထွေထွေပြုပြင်မွမ်းမံခြင်း၊ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း

(ခ) အနော်ရထာမင်း နန်းတော်ရာဝင်းအတွင်းရှိ တူးဖော်မှုရုံး အဆောက်အအုံအမိုးမိုးခြင်းနှင့် ပြုပြင်ခြင်း

၂။ လုပ်ငန်းများနှင့်ပတ်သက်၍ အိတ်ဖွင့်တင်ဒါပုံစံများအား ၂၃-၈-၂၀၁၇ ရက်မှ ၁၄-၉-၂၀၁၇ရက်ထိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၁၅-၉-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၌ အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အခြားသိလိုသည်များအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) ဖုန်း-၀၆၁-၂၄၆၀၂၆၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**
**ပုဂံဌာနခွဲ**

### အများသိစေရန်

ကျောက်မဲခရိုင်၊ နောင်ချိုမြို့၊ တောင်ရပ်ကွက်၊ နယ်မြေ(၉)အတွင်းရှိအရှေ့ လားသော် ကိုမျိုးသိန်း အိမ်ခြံမြေ၊ အနောက်လားသော် အစိုးရလမ်းမြေ၊ တောင်လားသော်အစိုးရလမ်းမြေ၊မြောက်လားသော် ကိုမိုးဝင်း အိမ်ခြံမြေ အနားလေးရပ်အတွင်း တည်ရှိသည့် ပေ(၁၁၆×၉၁)အကျယ်ရှိ အိမ်ခြံမြေကွက်ကို မူလပိုင်ရှင်ဒေါ်သင်းကြိုင်ထံမှ ၃-၇-၂၀၁၂ ရက်တွင် စာချုပ်ချုပ်ဆိုဝယ်ယူခဲ့သူ ဦးခင်အောင်ကရောင်းချမည်ဟု ကမ်းလှမ်းချက်အရ ကျွန်ုပ်တို့က ၃၁-၇-၂၀၁၇ရက်တွင် ရပ်ရွာလူကြီးများရှေ့ စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး မြေကွက်တိုင်းတာ၍ လက်ရောက်ရယူခဲ့ပါသည်။

ဖော်ပြပါမြေကွက်၏အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်းခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ရှိသည့်ကိစ္စအဝဝတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်ဝင်း၊ ဦးနိုင်ဝင်း**
**ဖုန်း-၀၉-၄၂၅၂၈၉၆၈၅**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
### အကောက်ခွန်ဦးစီးဌာန
### WTO Valuation Agreement နှင့် အကောက်ခွန်နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲဖိတ်ကြားလွှာ

အကောက်ခွန်ဦးစီးဌာနမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် WTO Valuation Agreement နှင့် နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကုန်ပစ္စည်းတင်သွင်းခြင်း/တင်ပို့ခြင်း၊ ဖြတ်သန်းကုန်သွယ်ခြင်းလုပ်ငန်းများ ဓာဆင်ရွက်နေသည့် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့်အကောက်ခွန်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသူများ၊ စိတ်ပါဝင်စားသူများ သိရှိနားလည်သဘောပေါက်စေရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဒုတိယအကြိမ်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး သိရှိလိုသည်များအား နှောင်းစာရင်းစစ်ဆေးရေးဌာနစိတ်၊ စုံစမ်းစစ်ဆေးရေးဌာနခွဲ၊ အကောက်ခွန်ဦးစီးဌာန၊ အမှတ် ၂၀၅/၂၁၁၊ တတိယထပ်၊ မဟာဗန္ဓုလလမ်းနှင့် ၄၉လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပြီး ဆွေးနွေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**ကျင်းပမည့်ရက်** - ၂၅-၈-၂၀၁၇ရက်
**ကျင်းပမည့်အချိန်** - နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီ မွန်းလွဲ ၁နာရီမှ ညနေ၄နာရီအထိ
**ကျင်းပမည့်နေရာ** - မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ** - ၀၉-၄၄၄၇၆၇၅၄၁၊ ၀၉-၄၄၄၇၆၇၅၄၂၊ ၀၉-၄၄၄၇၆၇၅၄၃

# အီတလီတောင်ပိုင်း၌ ငလျင်လှုပ်ခတ်မှုကြောင့် နှစ်ဦးထက်မနည်းသေဆုံးပြီး အဆောက်အအုံများပျက်စီး

**ရောမ ဩဂုတ် ၂၂**

အီတလီနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်ရာဖြစ်သည့် အစ်ချီရာ အားလပ်ရက်အပန်းဖြေကျွန်းပေါ်တွင် ပြီးခဲ့သည့် တနင်္လာနေ့ညပိုင်းက ငလျင်လှုပ်ခတ်မှု တစ်ခုဖြစ်ပွားခဲ့ရာ လူနှစ်ဦး သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများစွာရှိခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်မှုအပြီးတွင် ညီအစ်ကိုနှစ်ဦးသည် အပျက်အစီးပုံများကြားထဲတွင် ပိတ်မိနေခဲ့သည်။ ငလျင်လှုပ်ပြီး နာရီပေါင်းများစွာအကြာတွင် ပြိုလဲကျသွားသော အဆောက်အအုံ၏ အပျက်အစီးများထဲ၌ ပတ်စကွာလီအမည်ရှိကလေးငယ်တစ်ဦးကို အသက်ရှင်လျက်တွေ့ရှိခဲ့သည်။



အီတလီနိုင်ငံတောင်ပိုင်း အစ်ချီယာကျွန်းတွင် ပြင်းအား ရစ်ချ်စတာစကေး ၄ ဒသမ ၀ အဆင့်ရှိ မြေငလျင်လှုပ်မှုကြောင့် နှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၀ ဦး ပျောက်ဆုံးလျက်ရှိကာ ၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း သတင်းမီဒီယာများတွင် ဖော်ပြသည်။

အဆိုပါငလျင်သည် ယင်းကျွန်းတွင် ယမန်နေ့ ဒေသစံတော်ချိန် ည ၈ နာရီ ၅၇ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မီးတောင်နှင့် မြေငလျင် တိုင်းတာရေးဆိုင်ရာ အီတလီအမျိုးသားသိပ္ပံဌာနက ကနဦးတွင် ငလျင်၏ပြင်းအားသည် ရစ်ချ်စတာစကေး ၃ ဒသမ ၆ အဆင့်ရှိကြောင်း ဖော်ပြခဲ့သော်လည်း နောက်ပိုင်းတွင် ငလျင်၏ပြင်းအားသည် ရစ်ချ်စတာစကေး ၄ ဒသမ ၀ အဆင့်ရှိကြောင်း အတည်ပြုခဲ့သည်။

ကက်ဆာမစ်စီအိုလာဒေသရှိ ဘုရားရှိခိုးကျောင်းပြိုကျမှုကြောင့် အသက်ကြီးအမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း အန်စာသတင်းအေဂျင်စီက ဒေသခံရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့သည်။

အခြားလူတစ်ဦးမှာ အပျက်အစီးများအောက်တွင် ပိမိနေကာ သေဆုံးဖွယ်ရှိကြောင်း နပလက်စ်ပြည်နယ်မီးသတ်ဌာန အရာရှိတစ်ဦးက အီတလီရုပ်သံလိုင်းတစ်ခုဖြစ်သော စကိုင်းတီဂျီ ၂၄ သို့ ပြောကြားခဲ့သည်။

ငလျင်လှုပ်ကာ မြေပြိုကျမှုဖြစ်စဉ်များကြောင့် ဩဂုတ် ၂၂ ရက် နေ့လယ်အထိ လူ ၁၀ ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ပျောက်ဆုံးသူ သူစာရင်းထဲတွင် ခုနစ်ဦးမှာ အပျက်အစီးများအောက်တွင် အသက်ရှင်လျက်ရှိနေသေးကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြောခဲ့သည်။

ဒဏ်ရာရရှိသူ နှစ်ဦးမှာလည်း ပြင်းထန်သော အခြေအနေရှိကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။ ငလျင်လှုပ်မှုကြောင့် အဆောက်အအုံအတော်များများပျက်စီးခဲ့ပြီး လျှပ်စစ်ဓာတ်အားလိုင်းများလည်း ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

ပြည်သူ့ကာကွယ်ရေးဌာနမှ အဖွဲ့ဝင်များသည် ငလျင်လှုပ်မှုဖြစ်ပွားရာ ကျွန်းပေါ်သို့ ရောက်ရှိနေပြီး အရေးပေါ်ကယ်ဆယ်ရေးများ ပြုလုပ်နေကြောင်း သိရသည်။ ငလျင်ဒဏ်ခံခဲ့ရသူများကိုလည်း ယာယီတဲစခန်းများ ကူညီပေးထားကြောင်း ဒေသတွင်းမီဒီယာက ပြောသည်။

အီတလီနိုင်ငံ တောင်ပိုင်း အစ်ချီယာကျွန်းသည် ခရီးသွားများ အဓိကလည်ပတ်ရာ နေရာတစ်ခုဖြစ်ပြီး နပလက်စ်ပင်လယ်ကွေ့တွင် တည်ရှိကာ နပလက်စ်နှင့် ၂၉ ကီလိုမီတာ ကွာဝေးကြောင်း သိရသည်။

**(ရိုက်တာ)**

## ဂျပန်နိုင်ငံမြောက်ပိုင်းရှိ လူနေအဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားရာ လူသုံးဦးသေဆုံး

**တိုကျို ဩဂုတ် ၂၂**

ဂျပန်နိုင်ငံမြောက်ပိုင်း အကီတစီရင်စုရှိ ယိုကိုတီမြို့လူနေအဆောက်အအုံတစ်လုံး၌ ဩဂုတ် ၂၂ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးခဲ့ပြီး နှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာ မီးသတ်နှင့် ရဲတပ်ဖွဲ့ဝင်များက ပြောကြားခဲ့သည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သော လူနေအဆောက်အအုံသည် အိမ်ခန်းပေါင်း ၂၅ ခန်းရှိကာ အကီတ စီရင်စု ယိုကိုတီမြို့၌ တည်ရှိကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုသည် ဒေသစံတော်ချိန် နံနက် ၁ နာရီတွင် ဖြစ်ပွားခြင်းဖြစ်သည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားနေစဉ် အဆောက်အအုံအတွင်းမှ လူ ၂၀ ခန့်ကို မီးသတ်သမားများက ချိတ်ဆက်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ ကယ်တင်ခဲ့သူများသည် အသက် ၄၀ မှ ၆၀ ကြားရှိသူများဖြစ်ကြောင်း သိရပြီး ၁၀ ဦးခန့်မှာ မီးလောင်ကျွမ်းမှုကြောင့် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောသည်။

မီးလောင်သောနေရာတွင် လူသေအလောင်းနှစ်လောင်းကို မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်းနှင့် အခြားတစ်ဦးမှာ ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။ မီးလောင်ကျွမ်းနေသော အဆောက်အအုံကို ငါးနာရီကြာမီးငြှိမ်းသတ်ခဲ့ရကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ဂျပန်နိုင်ငံ နာဂါဆာကီစီရင်စု၌ သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ လူသုံးဦးသေဆုံး

**တိုကျို ဩဂုတ် ၂၂**

ဂျပန်နိုင်ငံ နာဂါဆာကီစီရင်စု ဟီရာဒိုမြို့၌ ဩဂုတ် ၂၂ ရက်က သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ လူ သုံးဦးကို ကယ်တင်နိုင်ခဲ့ပြီး အခြားလူ သုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကားကာ ပြည်တွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

အဆိုပါသင်္ဘောသည် အလေးချိန် ၁၀ တန်ရှိပြီး အန္တရာယ်နှင့်ကြုံတွေ့နေရကြောင်း အချက်ပြပြီးနောက် ဒေသစံတော်ချိန် နံနက် ၃ နာရီ မိနစ် ၄၀ တွင် နစ်မြုပ်ခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားခဲ့သည်။ သင်္ဘောနစ်မြုပ်ချိန်တွင် ယင်းသင်္ဘောပေါ်တွင် သင်္ဘောသား ခြောက်ဦးလိုက်ပါလာခဲ့ကြောင်း သိရသည်။

သင်္ဘောနစ်မြုပ်မှုကြောင့် အရေးပေါ်ကယ်ဆယ်ခဲ့ရသော သင်္ဘောသားသုံးဦးမှာ စိုးရိမ်ရသောအခြေအနေမရှိကြောင်း သိရပြီး ပျောက်ဆုံးနေသူသုံးဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**




## တောင်ကိုရီးယားနှင့်ပူးတွဲစစ်ရေးလေ့ကျင့်ရန်ဆုံးဖြတ်ခဲ့သည့်အတွက် ပြန်လည်ပေးဆပ်ရလိမ့်မည်ဟု အမေရိကန်ကို မြောက်ကိုရီးယားခြိမ်းခြောက်

**ဝါရှင်တန် ဩဂုတ် ၂၂**

အမေရိကန်က တောင်ကိုရီးယားနှင့်နှစ်စဉ်ပြုလုပ်မြဲဖြစ်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဆက်လက်လုပ်ဆောင်သွားရန်ဆုံးဖြတ်ချက် ချလိုက်သည့်အတွက် ပြန်လည်ပေးဆပ်မှုများ ပြုလုပ်ရလိမ့်မည်ဟု မြောက်ကိုရီးယားတပ်မတော်က ခြိမ်းခြောက်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

Ulchi Freedom Guardian ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အမေရိကန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံက ပူးတွဲပြုလုပ်ခဲ့ပြီး တစ်ရက်အကြာတွင် ထိုသို့ခြိမ်းခြောက်သည့် သဘောထားဖော်ပြမှုကို မြောက်ကိုရီးယားပြည်သူ့တပ်မတော်က အင်္ဂါနေ့တွင် နိုင်ငံပိုင်သတင်းမီဒီယာမှ တစ်ဆင့်ဖော်ပြခဲ့သည်။

မှန်မှန်ကန်ကန်ရွေးချယ်မှုပြုလုပ်ရန် မြောက်ကိုရီးယား၏ သတိပေးခဲ့မှုများကို လျစ်လျူရှုခဲ့သည့်အတွက် အမေရိကန်အနေဖြင့် အပြစ်ပေးခံရလိမ့်မည်ဖြစ်သည်ဟု မြောက်ကိုရီးယားတပ်မတော်က ဖော်ပြထားသည်။ စစ်မက်လိုလားသည့် နမော်နမဲ့အပြုအမူကြောင့်၊ စစ်ရေးလေ့ကျင့်မှုများကြောင့် ဖြစ်လာမည့်ကပ်ဘေးဆိုက်ရောက်မှုအကျိုးဆက်များအတွက် အမေရိကန်နိုင်ငံ၌သာလျှင် တာဝန်ရှိကြောင်း မြောက်ကိုရီးယားက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ဖော်ပြခဲ့သည့်အကြောင်းအရာများသည် တောင်ကိုရီးယားနိုင်ငံသို့ရောက်ရှိနေသည့် အမေရိကန်ထိပ်တန်းတပ်မတော်အရာရှိနှစ်ဦးဖြစ်သည့် ရေတပ်ဗိုလ်ချုပ်ကြီး ဟယ်ရီဟာရစ်နှင့် မဟာဗျူဟာမြောက်စီမံကွပ်ကဲမှုအဖွဲ့၏ ဗိုလ်ချုပ်ဂျွန်ဟိုက်တင်တို့ကို ရည်ညွှန်းပြောဆိုလိုက်ခြင်းဖြစ်သည်ဟု သိရသည်။ ၎င်းတို့သည် စစ်တိုက်ရန်နှိုးဆွနေခြင်းဖြစ်သည်ဟု မြောက်ကိုရီးယားက စွပ်စွဲပြောဆိုခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## နိုင်ငံတကာ သတင်းတိုထွာ

### ကွန်ဂိုမြေပြိုမှု တရုတ်သမ္မတ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

**ပေကျင်း ဩဂုတ် ၂၂**

ကွန်ဂိုနိုင်ငံတွင် မကြာသေးမီကဖြစ်ပွားခဲ့သော မြေပြိုမှုကြောင့် လူ ၂၀၀ထက်မနည်းသေဆုံးခဲ့သည့်အတွက် တရုတ်သမ္မတ ရှီကျင့်ဖျင်က ကွန်ဂိုသမတထံ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ခဲ့ကြောင်း သိရသည်။

မြေပြိုမှုသည် ကွန်ဂိုနိုင်ငံ အရှေ့မြောက်ပိုင်းအီတူရီပြည်နယ်ရှိ ကျေးရွာသုံးရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မြေပြိုမှုကြောင့် လူပေါင်း ၂၀၀ ထက်မနည်းသေဆုံးခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

### အာဖဂန်၌တာလီဘန်တို့ ကလေးများနှင့် သက်ကြီးရွယ်အိုများကို သတ်ဖြတ်

**ကဘူးလ် ဩဂုတ် ၂၂**

ယခုလအစောပိုင်းတွင် အာဖဂန်မြောက်ပိုင်းရှိ ကျေးရွာတစ်ရွာတွင် တာလီဘန်တို့ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး အမျိုးသမီးများအပါအဝင် ကလေးငယ်များနှင့် သက်ကြီးရွယ်အို ၁၈ ဦးကို တာလီဘန်တို့ သတ်ဖြတ်ခဲ့ကြကြောင်း ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးအဖွဲ့များက ဖော်ထုတ်ခဲ့ကြသည်။

ကုလသမဂ္ဂအဖွဲ့နှင့် အာဖဂန်အစိုးရကပြောကြားသည်မှာ ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ အာဖဂန်မြောက်ပိုင်းဆာအီပူလ်ပြည်နယ်အတွင်းရှိကျေးရွာတစ်ရွာတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး တာလီဘန်အဖွဲ့က တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တာလီဘန်စစ်သွေးကြွများသည် လုံခြုံရေးနှင့် ရဲအရာရှိ ၃၆ ဦးကိုသာမက အရပ်သားများကိုပါ သတ်ဖြတ်ခဲ့ကြောင်း ကုလသမဂ္ဂ၏သတင်းပေးပို့မှုအရ သိရသည်။

**(အင်န်အိတ်ချ်ကေ)**

### တရုတ်နှင့်ထိုင်း နှစ်နိုင်ငံ တပ်မတော်ကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်

**ပေကျင်း ဩဂုတ် ၂၁**

တရုတ်ကာကွယ်ရေးဝန်ကြီး ချန်ဝမ်ကွမ်သည် ထိုင်းကာကွယ်ရေးဦးစီးချုပ် ဆူရာပွန်ဆုဝနာအက်ဒ်နှင့် တရုတ်နိုင်ငံပေကျင်းတွင် ဩဂုတ် ၂၁ ရက်က တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံတပ်မတော်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ချန်က တရုတ်နိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် တပ်မတော်ကဏ္ဍများတွင် ရှိရင်းစွဲ ဖြစ်ထွန်းတိုးတက်မှုများ ပိုမိုခိုင်မာလာအောင် ဆက်လက်ပူးပေါင်းဆောင်ရွက်လိုကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ဒေသတွင်း တည်ငြိမ်ရေးနှင့် အေးချမ်းမှုရှိရေးတို့ကို စောင့်ရှောက် ကာကွယ်သွားဖို့လိုကြောင်း ချန်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံနှင့် အလုံးစုံသောလုံခြုံမှုဆိုင်ရာများတွင် အတူတကွလက်တွဲဆောင်ရွက်ချင်ကြောင်း ဆူရာပွန်က ပြောခဲ့သည်။

**(ဆင်ဟွာ)**

# တွေ့ကြုံခံစားအာရှတစ်လွှား ရေဘေးဒုက္ခအန္တရာယ်များ

**တင်လင်းအောင်**




နှစ်စဉ်ကမ္ဘာတစ်ဝန်း၌ အထူးသဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် နီးကပ်သော နိုင်ငံများတွင် ရေဘေးဒုက္ခကို နှစ်စဉ်ခံစားကြရသည်။ ရေကြီးမှုဖြစ်စဉ်ကြောင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ဒေါ်လာ ၅၆ ဘီလီယံဆုံးရှုံးလျက်ရှိသည်။ လာမည့် ၂၀၃၀ ပြည့်နှစ်၌ တစ်နှစ်လျှင် အဆိုပါနိုင်ငံများတွင် ရေဘေးကြောင့် ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၅၂၂ ဘီလီယံ ဆုံးရှုံးမည်ဖြစ်ကြောင်း ကြိုတင်ခန့်မှန်းထားသည်။

သဘာဝဘေးအန္တရာယ် အများအပြားရှိသည့်အနက် ရေဘေးဒုက္ခကိုလူများပိုမိုခံစားကြရသည်။ လွန်ခဲ့သောစက်တင်ဘာ ၂၀၁၄ ခုနှစ်၌ အိန္ဒိယနှင့် ပါကစ္စတန်တို့တွင် မမျှော်လင့်ဘဲ ရေကြီးမှုနှင့် ရင်ဆိုင်ကြုံတွေ့ရသောကြောင့် လူ့အသက်ပေါင်း ၅၀၀ ကျော်သေဆုံးခဲ့ရသည်။ မြစ်ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးမှုတွင် ထိပ်ဆုံးမှပါဝင်သည့် ၁၅ နိုင်ငံမှ လူဦးရေ ၈၀ ရာခိုင်နှုန်းကျော်ရေဘေးဒုက္ခကိုနှစ်စဉ် ခံစားကြရသည်။ ယင်းနိုင်ငံများသည် ဖွံ့ဖြိုးမှုနည်းသောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြသည်။

ကမ္ဘာတစ်ဝန်း ရေလွှမ်းမိုးမှုအများဆုံးခံစားရသော ၁၅ နိုင်ငံမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ အင်ဒိုနီးရှား၊ အီဂျစ်၊ မြန်မာ၊ အာဖဂန်နစ္စတန်၊ နိုင်ဂျီးရီးယား၊ ဘရာဇီး၊ ထိုင်း၊ ကွန်ဂို၊ အီရတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ဖြစ်ကြသည်။



လာမည့် ၁၅ နှစ်အတွင်း အာဆီယံနိုင်ငံများသည် မြစ်ချောင်းများတစ်လျှောက် ရေကြီးမှုများမြင့်တက်လာမည့်အန္တရာယ်နှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ကမ္ဘာ့သဘာဝရင်းမြစ်များဆိုင်ရာ အင်စတီကျူ၏ လေ့လာမှုစစ်တမ်းသစ်အရ သိရသည်။

လူဦးရေထူထပ်သောနိုင်ငံ ၂၀ ရှိသည့်အနက် အာရှရှိ ၁၂ နိုင်ငံမှာ ရေဘေးဒုက္ခနှင့် ကြုံတွေ့နိုင်ဖွယ် အများဆုံးဖြစ်သည်။ ယင်းနိုင်ငံများသည် ကမ္ဘာ့လူဦးရေထူထပ်များပြားသော နိုင်ငံများဖြစ်ကြပြီး အဆိုပါနိုင်ငံများထဲတွင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံတို့ပါဝင်သည်။ ထို့အပြင် အရှေ့တောင်အာရှနှင့် အာရှတောင်ပိုင်းဒေသများရှိ နိုင်ငံအချို့သည် ရေဘေးဒုက္ခနှင့် ကြုံတွေ့နိုင်သည်။

အာဆီယံနိုင်ငံအများစုသည် ကမ္ဘာ့ပထဝီဝင်သဘောအရ ရေကြီးပြီး ရေလွှမ်းမိုးသောနေရာအများစုတွင် တည်ရှိနေသောကြောင့် ရေဘေးဒုက္ခနှင့် အများဆုံးကြုံတွေ့နိုင်သည်။

ရေကြီးခြင်း ဖြစ်ပွားရသည့် အကြောင်းရင်းများအနက် အရေးကြီးသော အကြောင်းရင်းတစ်ချက်မှာ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပြီး အခြားတစ်ချက်မှာ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကြောင့်ဖြစ်သည်။ ယင်းအချက်များကြောင့် ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည်။ ကမ္ဘာ့အနှံ့အပြားရှိ မြစ်ချောင်း၊ အင်းအိုင်များနှင့် နီးသောနေရာများရှိနိုင်ငံများ၌ နေထိုင်ကြသော လူဦးရေ ၅၄ သန်းမှာ နှစ်စဉ်ရေဘေးဒုက္ခကို ခံစားနေရသည်။

ကိုမန် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက်ပိုင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အာဆီယံတောင်ပိုင်းပြည်နယ်များတွင် လူရာပေါင်းများစွာသေဆုံးပြီး သန်းပေါင်းများစွာသော လူများကို ပြောင်းရွှေ့ပေးခဲ့ရသည်။

အိန္ဒိယနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အနောက်ဘင်္ဂလားပြည်နယ်၊ ဩဒစ္စ၊ မဏိပူရ်၊ ကာဂျစ္စတန်၊ နှင့် ဂူဂျာရတ်မြို့များအပါအဝင် အိန္ဒိယနိုင်ငံအရှေ့ပိုင်းပြည်နယ်တစ်ခုဖြစ်သော ဘီဟာတွင်လည်း ရေကြီးမှုများဖြစ်ပွားခဲ့ရုံမက အခြားပြည်နယ်ငါးခုရှိကျေးရွာပေါင်း ၂၈၂ ရွာတွင် ရေဘေးဒုက္ခကို အကြီးအကျယ်ခံစားခဲ့ရသည်။

အိန္ဒိယနိုင်ငံ၏ပြည်နယ်အတော်များများ၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ နောက်ဆက်တွဲအကျိုးဆက်များအဖြစ် မြေပြိုခြင်းများဖြစ်ပွားပြီး မဏိပူရ်တွင် လူ ၂၀ သေဆုံးခဲ့ရသည်။ အိန္ဒိယနိုင်ငံ၏ ပထဝီဝင်အနေအထားအရ ဂူဂျာရတ်နှင့် ကာဂျစ္စတန်ဒေသများတွင် ရေကြီးမှုဒဏ်ကို အလူးအလဲခံစားရသည်။ အိန္ဒိယနိုင်ငံ၏ နေရာအတော်များများ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းများ၊ ဆည်များ၊ မြစ်ချောင်းများ ရေလျှံမှုဖြစ်ပွားသောကြောင့် အနီးအနားရှိကျေးရွာများမှ လူများကိုဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ဆော်သြခဲ့ရသည်။ အိန္ဒိယနိုင်ငံ အရှေ့ပိုင်းပြည်နယ်တစ်ခုဖြစ်သော ဘီဟာ၌ရေကြီးမှု အခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့ပြီး လူပေါင်း ၁၀၀ ထက်မနည်းသေဆုံးခဲ့ကာ ဆယ်သန်းခန့်ရေဘေးဒုက္ခခံစားနေရကြောင်း အာဏာပိုင်များက မကြာသေးမီကပြောကြားခဲ့သည်။

အိန္ဒိယတစ်နိုင်ငံ လုံးအနေဖြင့် ခြုံကြည့်လျှင် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁ ရက်အထိ ရေဘေးဒုက္ခအပါအဝင် ရေဘေးနှင့်သက်ဆိုင်သော ဘေးဒုက္ခများကြောင့် လူပေါင်းရာချီသေဆုံးရပြီး လူဦးရေ ၁၀ သန်းကျော် ဒုက္ခပင်လယ်ဝေနေကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံတွင်လည်း ရေလွှမ်းမိုးမှုကြောင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၃ ရက်အထိ လူပေါင်းသန်းချီ ဒုက္ခပင်လယ်ဝေနေပြီး ရာကျော်သေဆုံးခဲ့ကြောင်း လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းက သတင်းထုတ်ပြန်ခဲ့သည်။

ပါကစ္စတန်နိုင်ငံ၏ ပြည်နယ်ငါးခုဖြစ်သော ပန်ဂျပ်၊ ခိုင်ဘာပက် တွန်ခါဝ၊ ဘယ်လိုချီစတန်၊ ဂယ်ဂစ်ဘယ်တစ်စတန်နှင့် ဆင့်ဒ်တို့တွင် ရေကြီးမှုအဆိုးရွားဆုံးဖြစ်ကာ ပန်ဂျပ်ပြည်နယ်တွင် အိမ် ၃၉ လုံးပျက်စီးခဲ့ပြီး ရေဘေးကယ်ဆယ်ရေးစခန်းပေါင်း ၁၂၀ ကိုဆောက်လုပ်ပေးခဲ့ရကာလူပေါင်း ၁၀၂၅၅ ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

ထို့အတူ အခြားဖော်ပြပါ ပြည်နယ်များတွင်လည်း သေဆုံး၊ ဒဏ်ရာရသူနှင့် ရေဘေးလွတ်ရာသို့ပြောင်းရွှေ့ပေးခဲ့ရသည့် ဒုက္ခသည်ပေါင်းရာကျော် ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ စစ်တကောင်း၊ ဘရစ္စဆပ်နှင့် ခူနာဒေသများတွင် လူနှစ်ဦးသေဆုံးကာ သုံးဦးပျောက်ဆုံးလျက်ရှိပြီး အိုးအိမ်ပေါင်းများစွာ ပျက်စီးခဲ့သည်။ ထို့အပြင် လူပေါင်း ၄၀၀၀၀ ကျော်ရေဘေးဒုက္ခခံစားလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင်လည်း ရေကြီးပြီးမြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လူအတော်များများသေဆုံးခဲ့ပြီး အိမ်အလုံးပေါင်း ထောင်ချီပျက်စီးခဲ့ကာ ကောက်ပဲသီးနှံများလည်း ပျက်စီးခဲ့သည်။ ထို့ကြောင့် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဒန်ကကာကွယ်ရေးနှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနကို မကြုံစဖူးထူးကဲသည့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသော ဒုက္ခသည်များကို ကူညီပေးရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။ ထို့အပြင် ဗီယက်နမ်နိုင်ငံ၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟာလောင်းပင်လယ်ကွေ့ဒေသ ရေဘေးကြောင့် ပျက်စီး ဆုံးရှုံးရမည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။

ထိုင်းနိုင်ငံတွင်လည်း ရေကြီးမှုများကြောင့် ချိုင်ဆန်နှင့် မယ်ဆိုင်ဒေသများသည် ရေလွှမ်းမိုးမှုအခံရဆုံး ဒေသများဖြစ်ပြီး နန်ခုန်ဖာနွန်ဒေသ၌ အိမ်ပေါင်းထောင်ချီကာရေနစ်မြုပ်ခဲ့ပြီး ကောက်ပဲသီးနှံအတော်များများပျက်စီးခဲ့သည်။

အရှေ့တောင်အာရှတစ်လွှား ရေကြီးမှုဖြစ်စဉ်များကြောင့်လူပေါင်း ၁၆ သန်းကျော် ဘေးဒုက္ခခံစားခဲ့ရကြောင်း ကယ်ဆယ်ရေးအရာရှိများက ပြောခဲ့သည်။ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံများတွင် ရေကြီးမှုများကြောင့် လူပေါင်း ၅၀၀ ထက်မနည်းသေဆုံးခဲ့ပြီး ပိုပြီးဆိုးရွားလာဖွယ်ရှိကြောင်း သိရသည်။

ရေကြီးမှုဖြစ်စဉ်များသည် လာမည့်နှစ်များတွင် အရှေ့တောင်အာရှ၌ ပိုမိုဆိုးရွားလာနိုင်သည့် လူသားချင်းဆိုင်ရာ ဘေးဒုက္ခတစ်ခု ဖြစ်လာနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့က ဆိုသည်။ ရေကြီးမှုဖြစ်စဉ်များနှင့်အတူ နောက်ဆက်တွဲအကျိုးများဖြစ်သည့် အစာရေစာပြတ်လပ်ခြင်းနှင့် ရောဂါဘယ ထူပြောလာခြင်းသည်လည်း နောင်လာမည့်နှစ်များအတွင်း စိုးရိမ်စရာကောင်းသော ကိစ္စရပ်တစ်ခု ဖြစ်လာနိုင်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နှင့် နီပေါရှိ လူဦးရေ၏ သုံးပုံတစ်ပုံခန့်သည် ရေကြီးမှုများခံစားခဲ့ရကြောင်း၊ ထို့အပြင် အိန္ဒိယနိုင်ငံအနောက် ပိုင်းပြည်နယ်လေးခုတွင်လည်း လူပေါင်း ၁၁ သန်းကျော် ရေဘေးဒုက္ခခံစားခဲ့ရကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့မှ ဒေသတွင်းအကြီးတန်း အရာရှိတစ်ဦးက ဆိုသည်။ ထို့အတူ ရေကြီးမှုဖြစ်စဉ်များကြောင့် လူပေါင်း ၁၀ သန်းကျော် ပြောင်းရွှေ့မှုများပြုလုပ်ခဲ့ရသည်။

နီပေါ၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယတစ်ခွင်တွင်လည်း ရေကြီးမှုများဖြစ်ပွားခဲ့ကာ ရေထုညစ်ညမ်းမှုများကြောင့် ဆိုးရွားသော အစာရေစာပြတ်လပ်ခြင်းနှင့် ရောဂါဘယများထူပြောခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်တွင်လည်း ရေကြီးမှုများမှာ ကျဆင်းသွားခြင်းမရှိသေးဘဲ အကယ်၍ အိန္ဒိယ၌ မြစ်ရေမြင့်တက်လာမည်ဆိုပါက ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း သိရသည်။

လူမှုကယ်ဆယ်ရေးအဖွဲ့ တစ်ဖွဲ့ဖြစ်သော Save The Children's India မှတာဝန်ရှိသူတစ်ဦးဖြစ်သူ မူရာလီကွန်ဒူရုက နှစ်စဉ်မိုးရာသီမှာ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်းယခုနှစ်တွင် အခြေအနေမှာ ပိုမိုဆိုးရွားခဲ့ကြောင်း ပြောခဲ့သည်။

ရေကြီးမှုဖြစ်စဉ်များကြောင့် ဦးချိုတစ်ခုပါ ရှားပါးကြံ့မျိုးစိတ်နွယ်ဝင် ကြံ့တစ်ကောင်လည်း နီပေါနယ်စပ်မှ တစ်ဆင့်အိန္ဒိယသို့ ရောက်လာကြောင်း သိရသည်။ အဆိုပါကြံ့ကို ကယ်ဆယ်မှုများပြုလုပ်ပြီး မူရင်းနေရာသို့ ပြန်ပို့လိုက်ရကြောင်း သိရသည်။ ဆိုလိုသည်မှာ ရေကြီးမှုများကြောင့် လူသားများသာမက သတ္တဝါများလည်း ဘေးဒုက္ခခံစားခဲ့ရခြင်းပင် ဖြစ်သည်။ တချို့သတ္တဝါများသည်လည်း ရေကြီးမှုဖြစ်စဉ်များတွင် သေဆုံးခဲ့ရကြောင်း ဝမ်းနည်းစွာဖြင့် ကြားနေ၊ မြင်နေ၊ သိနေရသည်။ အချုပ်အားဖြင့် ဆိုရသော်ရေကြီးခြင်းများသည် ရာသီဥတုဖောက်ပြန်ခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများ များပြားခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ် လွှတ်မှုများပြားခြင်းနှင့် ကမ္ဘာကြီးပူနွေးလာခြင်းတို့ကြောင့်ဖြစ်သည်။

လာမည့် ၂၀၃၀တွင် ပင်လယ်ကမ်းရိုးတန်းနှင့်နီးသောတိုင်းပြည်များ၌ လူပေါင်းနှစ်သန်းကျော် ရေလွှမ်းမိုးမှုဒဏ်ကို ပိုမိုခံစားရမည်ဖြစ်သည်။ ပင်လယ်ကမ်းရိုးတန်းနှင့် နီးသော ပါကစ္စတန်နိုင်ငံ၌ လူဦးရေ ၇၁၅၀၀၀ သည်ယနေ့တွင် သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်သည်။

နိုင်ငံတကာမှ ကရုဏာရှင်များကလည်း ရေဘေးဒုက္ခခံစားနေရသူများအား အကူအညီများပေးနေသည်ကို သတင်းများတွင် တွေ့နေ၊ မြင်နေ ကြားနေရသည်။ ပညာရှင်များ၏ ခန့်မှန်းမှုအရ ရှေးလာမည့်နှစ်များတွင် ရေဘေးဒုက္ခကို ပိုမိုခံစားရနိုင်သည်ဖြစ်ရာ ရေဘေးကာကွယ်ရေးများလည်း ကြိုတင်ပြုလုပ်ထားနိုင်ရန် လိုအပ်ပေသည်။ ထို့အတူ ကျွဲကူးရေပါ ဆိုသလို ရေကြီးမှုကြောင့် တွဲဖက်ပါလာနိုင်သည့် ရောဂါဘယများနှင့် အစာရေစာပြတ်လပ်မှုများကိုလည်း မည်သို့ဖြေရှင်းရမည် ဆိုသည်ကိုလည်း ကြိုတင်စဉ်းစားထားသင့်ပေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကို ဆိုသည်။

(ង) **ဝန်ကြီး**ဆိုသည်မှာဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုဆိုသည်။

(ဈ) **ဦးစီးဌာန**ဆိုသည်မှာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနကိုဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက ထပ်မံဖွဲ့စည်းမည့် ဦးစီးဌာနများလည်း ပါဝင်သည်။

(ဋ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ခရီးသွားလာရေးလုပ်ငန်းများကို စစ်ဆေးနိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(ဌ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသောအမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဆိုသည်။

(ဒ) **ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ကို ဆိုသည်။

(ဓ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ကို ဆိုသည်။

(န) **ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ကိုဆိုသည်။

(ပ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စု အစိုးရအဖွဲ့က အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အမိန့်ကြော်ငြာစာထုတ်ပြန်၍သတ်မှတ်သည့် ဝန်ကြီးဌာနများကို ဆိုသည်။

(ဖ) **ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေအရခရီးသွားလာရေးလုပ်ငန်းဝန်ဆောင်မှုကို လိုင်စင်ဖြင့် ဆောင်ရွက်သော ပုဂ္ဂလိက ခရီးသွားလုပ်ငန်းကဏ္ဍကို ကိုယ်စားပြုသည့် ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ခရီးသွားလာရေးလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ အခြေခံ ဥပဒေသများအတိုင်း လိုက်နာဆောင်ရွက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးစံများကို လေးစားလိုက်နာသော တာဝန်သိခရီးသွားလာရေးလုပ်ငန်းတစ်ရပ်ပေါ်ပေါက်လာစေရေးအတွက်နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရန်၊

(ခ) မြန်မာနိုင်ငံကိုခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာစေရေးအတွက်ထိရောက်သော ပြည်တွင်း ပြည်ပဈေးကွက်မြှင့်တင်မှုများ ဆောင်ရွက်ခြင်းဖြင့် အထောက်အကူဖြစ်စေရန်၊

(ဂ) ခရီးသွားလာရေးလုပ်ငန်း ဆောင်ရွက်သူနှင့် ခရီးသည်တို့၏ အခွင့်အရေးကိုကာကွယ်ပေးရန်နှင့် ယင်းတို့၏ တာဝန်ဝတ္တရားများကို သိရှိလိုက်နာစေရန်၊

(ဃ) ခရီးသွားလာရေးလုပ်ငန်းဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် ပြည့်စုံခိုင်မာမှုကို အာမခံနိုင်ရန်၊

(င) ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန်၊

(စ) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ပညာရပ်များ တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊

(ဆ) သဘာဝအခြေခံခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရန်။

## အခန်း (၃)
## အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည်အောက်ပါပုဂ္ဂိုလ်များပါဝင်သော အမျိုးသားခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည် -

(၁) ဒုတိယသမ္မတ — ဥက္ကဋ္ဌ
(၂) ခရီးသွားလာရေးလုပ်ငန်းနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများ — အဖွဲ့ဝင်များ
(၃) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ — အဖွဲ့ဝင်များ
(၄) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ
(၅) ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
(၆) ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သူတစ်ဦး သို့မဟုတ် အမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး(၁)
(၇) ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး(၂)

(ခ) လိုအပ်လျှင် အမျိုးသားခရီးသွားလာရေး လုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ကိစ္စရပ်များကို ဝန်ကြီးဌာနများ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) မြန်မာနိုင်ငံအတွင်းဖွံ့ဖြိုးတိုးတက်မှုအားနည်းသောဒေသများတွင် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာလိုအပ်သော အတိုင်းအတာများနှင့် အစီအစဉ်များ လုပ်ကိုင်ဆောင်ရွက်ပြီး ခရီးသွားလုပ်ငန်းဖြင့် ထိုဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုမြှင့်တင်စေရေးအတွက် လိုအပ်သော လမ်းညွှန်မှုများ ပြုလုပ်ခြင်း၊

(ဂ) ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့နှင့် လက်အောက်ခံအဖွဲ့အစည်းများက ဆုံးဖြတ်နိုင်ခြင်း မရှိသောကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဃ) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ပင်မစီမံကိန်းများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံကိန်းများရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ရေး လမ်းညွှန်ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အသိပညာများနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်ရာတွင် ပြည်ပအဖွဲ့အစည်းများမှ နည်းပညာအကူအညီနှင့် အခြားသော အကူအညီရရှိစေရေးတို့ကို ဆောင်ရွက်ရာတွင် လိုအပ်သော မူဝါဒများချမှတ်ခြင်း။

## အခန်း (၄)
## ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ဖွဲ့စည်းခြင်း

၆။ ဗဟိုကော်မတီသည် -

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော ခရီးသွားလာရေး လုပ်ငန်း အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
(၂) နေပြည်တော်ကောင်စီမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
(၃) တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ
(၄) ဥက္ကဋ္ဌကတာဝန်ပေးအပ်သူ — အတွင်းရေးမှူး

(ခ) လိုအပ်လျှင်ခရီးသွား လာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့တွင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

(ဂ) လိုအပ်လျှင် ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကော်မတီက ချမှတ်သည့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာမူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာအဆောက်အအုံတစ်ခုခု ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့အတွက် ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်းကို ခွင့်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့၊ ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဃ) မြန်မာနိုင်ငံ၏ ရေမြေသဘာဝအလှအပများ၊ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးအတွက် ခရီးသွားလုပ်ငန်းနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၏ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း (၅)
## ခရီးသွားလာရေးလုပ်ငန်းအမျိုးအစား သတ်မှတ်ခြင်း၊ လိုင်စင်ကြေးများ သတ်မှတ်ခြင်းနှင့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း

၈။ ဝန်ကြီးဌာနသည် -

(က) ခရီးသွားလာရေးလုပ်ငန်း အမျိုးအစားများနှင့် လုပ်ငန်းလိုအပ်ချက်များကို သတ်မှတ်ရမည်။

(ခ) လိုင်စင်ကြေးများ၊ လိုင်စင်အသစ်လဲလှယ်ကြေးများ၊ လိုင်စင်ဒဏ်ကြေးများနှင့် ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်ကြေးများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

(ဂ) ခရီးသွားလာရေးလုပ်ငန်းများကိုအဆင့်အတန်း သတ်မှတ်ပေးခြင်း၊အရည်အသွေးကောင်းမွန်သူများကို ချီးမြှင့်ခြင်းနှင့် သတ်မှတ်အရည်အချင်း မပြည့်မီသူများအား ပညာပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဃ) ခရီးသွားလာရေးလုပ်ငန်းများ သတ်မှတ်ထားသည့် အရည်အသွေး ပြည့်မီခြင်း ရှိ မရှိ စစ်ဆေးနိုင်ရန် စစ်ဆေးရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။

(င) အများပြည်သူ သွားလာလည်ပတ်နိုင်သော ခရီးစဉ်များ သတ်မှတ်ရမည်။

## အခန်း (၆)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၉။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဗဟိုကော်မတီက ချမှတ်သည့် ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ မူဝါဒများ၊ ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်းစနစ်တကျ တိုးတက်လာစေရန် ပြည်တွင်း၊ ပြည်ပတွင် လေ့ကျင့်ပညာပေးခြင်း၊ သင်တန်းပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊

(ဂ) ခရီးသွားလာရေးလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) လိုင်စင်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(င) ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများ၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ဟိုတယ်များက နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများပေးနိုင်စေရေးအတွက် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဆ) ခရီးသွားလာရေးလုပ်ငန်းကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) လုပ်ငန်းဆောင်ရွက်ချက်များကို ဝန်ကြီးဌာနသို့ သုံးသပ်တင်ပြခြင်းနှင့် အစီရင်ခံတင်ပြခြင်း၊

(ဈ) ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် သုတေသနပြုလုပ်ခြင်း၊ လေ့လာခြင်း၊ စာတမ်းပြုစုခြင်း။

## အခန်း (၇)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ဖွဲ့စည်းခြင်း

၁၀။ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သည် -

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေး လုပ်ငန်း အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်-

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် — ဥက္ကဋ္ဌ
(၂) သက်ဆိုင်ရာ အစိုးရဌာနမှ သင့်လျော်သော ပုဂ္ဂိုလ်များ — အဖွဲ့ဝင်များ
(၃) ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းမှကိုယ်စားလှယ်များ — အဖွဲ့ဝင်များ
(၄) ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ရုံးခွဲတာဝန်ခံ — အတွင်းရေးမှူး

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို အဖွဲ့ဝင်များအနက်မှ ရွေးချယ်တာဝန်ပေးအပ်နိုင်သည်။

(ဂ) လိုအပ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၈)
## ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ဖွဲ့စည်းခြင်း

၁၁။ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့သည် -

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်း အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်-

(၁) နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကတာဝန်ပေးအပ်သူ — ဥက္ကဋ္ဌ
(၂) သက်ဆိုင်ရာအစိုးရဌာနမှ သင့်လျော်သော ပုဂ္ဂိုလ်များ — အဖွဲ့ဝင်များ
(၃) ပုဂ္ဂလိက ခရီးသွားလုပ်ငန်း အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ
(၄) ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ တာဝန်ပေးအပ်သူ — အတွင်းရေးမှူး

(ခ) ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို အဖွဲ့ဝင်များအနက်မှ ရွေးချယ်တာဝန်ပေးအပ်နိုင်သည်။

(ဂ) လိုအပ်လျှင် ပြည်ထောင်စုနယ်မြေခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၉)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့နှင့်ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့တို့၏လုပ်ငန်းတာဝန်များ

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ ခရီးသွားလာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဗဟိုကော်မတီမှ ချမှတ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) လိုင်စင်လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရန် လိုင်စင်စိစစ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

## မြဝတီမြို့၌ လောင်းကစားမှုများကို ထိရောက်စွာ ဖမ်းဆီးအရေးယူမည်

**မြဝတီ ဩဂုတ် ၂၂**
မြဝတီမြို့၌ လောင်းကစားမှုများ လျော့နည်းပပျောက်ရေးအတွက် လောင်းကစားရုံဖွင့်နေသူများအား အသိပညာပေးမှုနှင့် သတိပေးမှုများ ပြုလုပ်ပြီးဖြစ်၍ ဆက်လက်ဖွင့်လှစ်သော လောင်းကစားရုံများ၊ လောင်းကစားမှုလက်ခံသော အိမ်များကို ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း မြဝတီမြို့မရဲစခန်းမှူးက ပြောကြားသည်။

မြဝတီမြို့မရဲစခန်းမှူး ဒုရဲမှူးကိုကိုနိုင်က "မြဝတီမြို့မှာ လက်နက်ကိုင်အချို့က ငြိမ်းချမ်းရေးကိုခုတုံးလုပ်ပြီး ပြည်သူတချို့ကိုငွေပေးပြီး လောင်းကစားရုံတွေဖွင့်နေကြတယ်။ မြို့တွင်းမှာ အကျင့်စာရိတ္တတွေ ပျက်လာတာနဲ့အမျှ ဒုစရိုက်မှုတွေ များလာတယ်။ ဒီတော့ ပြည်သူက မခံမရပ်နိုင်ဖြစ်လာပြီး တိုင်တန်းမှုတွေဖြစ်လာတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ ၃၀ ရက်နေ့က လောင်းကစားအိမ်ငှားလုပ်သူတွေကိုခေါ်ပြီး လောင်းကစားမှုတွေမပြုလုပ်ဖို့ အသိပညာပေးပြီး သတိပေးခဲ့ပြီးပါပြီ။ အခု လောင်းကစားပပျောက်ရေး ဗီနိုင်းပိုစတာတွေကိုလည်း မြို့ပေါ်ရပ်ကွက်တွေနဲ့ လူစည်ကားတဲ့နေရာတွေမှာ လိုက်လံစိုက်ထူပြီး သတိပေးမှုတွေ ဒုတိယအဆင့် ပြုလုပ်တာပါ။ အဲဒီလိုတွေ ပြုလုပ်ထားပါလျက်နဲ့ လောင်းကစားရုံတွေ ဖွင့်နေဦးမယ်ဆိုရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရယ်၊ ပြည်သူလူထုရယ်၊ ခရိုင်နဲ့မြို့နယ်က အုပ်ချုပ်ရေးအဖွဲ့တွေရယ် ထောင့်သုံးထောင့်ပူးပေါင်းပြီး ဖမ်းဆီးအရေးယူသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။



လောင်းကစားမှုပပျောက်ရေး ပညာပေး ဗီနိုင်းပိုစတာများကိုလည်း မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးအောင်နိုင်ထွန်းကိုယ်တိုင် ဦးဆောင်ပြီး ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နေပြည်သူများနှင့် ရပ်မိရပ်ဖများ စုပေါင်းပါဝင်၍ မြဝတီမြို့တွင်း လူစည်ကားရာနေရာများ၌ ဩဂုတ် ၂၀ ရက်က လိုက်လံစိုက်ထူခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## လိုင်စင်မဲ့ယာဉ်နှင့် ဆိုင်ကယ်များ မောင်းနှင်သုံးစွဲခြင်းကို အရေးယူမည်ဖြစ်ကြောင်း အသိပညာပေးပိုစတာစိုက်ထူ

**မိုးညှင်း ဩဂုတ် ၂၂**
ကချင်ပြည်နယ်အတွင်း လိုင်စင်မဲ့ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ မောင်းနှင်သုံးစွဲ သွားလာခွင့်မပြုကြောင်းနှင့် အရေးယူသွားမည်ဖြစ်ကြောင်း အသိပညာပေးဆိုင်းဘုတ် ပိုစတာကို မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာရဲကင်း၌ ဩဂုတ် ၂၀ ရက်က စိုက်ထူခဲ့သည်။

အဆိုပါဆိုင်းဘုတ်ကို မော်ဟန်နယ်မြေရဲစခန်းမှူး ရဲအုပ်စိုးဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များက ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ရဲကင်းစခန်းရှေ့တွင် စိုက်ထူခဲ့ခြင်းဖြစ်သည်။

ကချင်ပြည်နယ်အတွင်း ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးသည် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကြား အဓိက ကုန်စည်စီးဆင်းရာ အရေးပါသောလမ်းမကြီး ဖြစ်သကဲ့သို့ လိုင်ဇာ-ဝိုင်းမော်-မြစ်ကြီးနားလမ်းနှင့် ကန်ပိုက်တီး-ဝိုင်းမော်-မြစ်ကြီးနား ဗျူဟာလမ်းများမှာလည်း ကချင်ပြည်နယ်၏ အရေးပါသောလမ်းများဖြစ်ကာ ထိုလမ်းများမှတစ်ဆင့် ကချင်ပြည်နယ်အတွင်းသို့ ကုန်စည်များစီးဆင်းရာတွင် ကုန်စည်များနှင့်အတူ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များမှာလည်း နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်မှုရှိနေ၍ ထိုသို့ဝင်ရောက်မှုများကို စနစ်တကျ တားဆီးပိတ်ပင်ကာ နည်းစနစ်မှန်ကန်စွာ အရေးယူဆောင်ရွက်နိုင်ရန်အတွက် ကချင်ပြည်နယ်အစိုးရက ဆောင်ရွက်လျက်ရှိကြောင်းသိရသည် ။

တရားမဝင်ကုန်စည်စီးဆင်းမှုနှင့်အတူ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ ဖြတ်ကျော်သွားလာမှုများကို အရေးယူဆောင်ရွက်နိုင်ရန်အတွက် ကချင်ပြည်နယ်နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်စခန်းကိုလည်း ဖေဖော်ဝါရီလဆန်းက စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး တရားမဝင်ကုန်စည်စီးဆင်းမှုများနှင့် လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးမှုကို ထိရောက်စွာဆောင်ရွက်လျက်ရှိသည်။

(ဝ၆၇)

## ပဲပုပ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု ကွင်းပြပွဲကျင်းပ

**ကလော ဩဂုတ် ၂၂**
ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အောင်ပန်းမြို့ စိုက်ပျိုးရေးသုတေသနခြံ၌ ပဲပုပ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု ကွင်းပြပွဲကို ဩဂုတ်လဒုတိယပတ်က အဆိုပါခြံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တောင်ကြီးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထွန်းက အမှာစကားပြောကြားပြီး အောင်ပန်းမြို့စိုက်ပျိုးရေးသုတေသနခြံမှ ဦးစီးမှူး ဒေါက်တာ ဝင်းဝင်းနွယ်က သုတေသနခြံ၏ ရည်ရွယ်ချက်များနှင့် သုတေသနဆောင်ရွက်ထားရှိမှု လုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ (AVSI) အီတလီအဖွဲ့မှ တာဝန်ခံအရာရှိ ဒေါ်နန်းဆွေဆွေအေးက ပဲပုပ်သီးနှံနှင့် အဆင့်မြင့်နည်းပညာသုံး စိုက်ပျိုးထုတ်လုပ်မှု ပညာပေးတောင်သူ သင်တန်းကျောင်းဖွင့်လှစ်ရခြင်း၏ ရည်ရွက်ချက်များနှင့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် (AVSI) အီတလီအဖွဲ့တို့ပူးပေါင်းဆောင်ရွက်သည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်မှ ပဲပုပ်သီးနှံအဆင့်မြင့်ခေတ်မီနည်းပညာသုံး စိုက်ပျိုးထုတ်လုပ်မှု ပညာပေးတောင်သူသင်တန်းကျောင်းမှ သင်တန်းသားများ တက်ရောက်ခဲ့ကြပြီး အောင်ပန်းမြို့ စိုက်ပျိုးရေးသုတေသနခြံ ပြခန်းများ၊ ပဲပုပ်သီးနှံစံပြစိုက်ပျိုးခင်းများနှင့် ပဲပုပ်မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းပြပွဲကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့တွင် ပရဟိတအသင်းနှစ်သင်းစုပေါင်း၍ သွေးလှူဒါန်းပွဲကျင်းပ



**ပြင်ဦးလွင် ဩဂုတ် ၂၂**
ပြင်ဦးလွင်မြို့ရှိ နှလုံးလုကြယ်စင် သွေးနှင့် မသန်စွမ်းသူများ ထောက်ပံ့ရေးအသင်း၏ ကိုးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် အသင်းဝင်များနှင့် နောင်ချိုမေတ္တာ လူငယ်ပရဟိတအသင်းမှ အသင်းဝင်များ ပူးပေါင်း၍ စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၂၀ ရက်က ပြင်ဦးလွင်မြို့ YMBA ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် နှလုံးလှုကြယ်စင် သွေးနှင့် မသန်စွမ်းသူများ ထောက်ပံ့ရေးအသင်းနှင့် နောင်ချိုမေတ္တာလူငယ်ပရဟိတအသင်းတို့မှ တာဝန်ရှိသူများနှင့် အသင်းဝင်များအား ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးကာ စုပေါင်းသွေးလှူခဲ့ကြရာ သွေးပုလင်း ၁၄၀ ကို လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

သွေးလှူဒါန်းခြင်းဖြင့် အနာဂတ်လူငယ်မောင်မယ်များ စိတ်ထားကောင်း မွေးမြူလာနိုင်ရန်၊ အများအကျိုးကူညီပေးလိုစိတ် ရှိလာရန်၊ မိမိကိုယ်မိမိ ကျန်းမာအောင်နေထိုင်တတ်ရန်နှင့် ရည်ရွယ်ချက်ကြီးမားသော ပရဟိတခေါင်းဆောင်များ မြို့/ရွာ မကျန် ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် သွေးလှူဒါန်းပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း သွေးသည် အသက်ဟူသော ဆောင်ပုဒ်နှင့်အညီ နှလုံးလှုကြယ်စင် သွေးနှင့် မသန်စွမ်းသူများ ထောက်ပံ့ရေးအသင်းနှင့် နောင်ချိုမေတ္တာ လူငယ်ပရဟိတအသင်းတို့ ပူးပေါင်း၍ သွေးလှူဒါန်းပွဲများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မျိုးထိုက် ( ပြင်ဦးလွင်)**

## စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပုံပြစာစီစာကုံးပြိုင်ပွဲကျင်းပ



**ဘုတ်သီးတောင် ဩဂုတ် ၂၂**
ဘုတ်သီးတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန် မြှင့်တင်ရေး အစီအစဉ်တစ်ရပ်အဖြစ် ပုံပြစာစီစာကုံးပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်က ပြန်/ဆက် ဦးစီးဌာန Community Center ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲကို ကျောင်းသား ကျောင်းသူများ စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို သိရှိစေရန်အတွက် စာဖတ်ကြစို့ ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အထက(၁)၊ အထက(၂)၊ လက်ဝဲဒက်ပုဇွန်ချောင်းကျောင်းနှင့် သပြေကုန်းအလက ကျောင်းတို့မှ အလယ်တန်းကျောင်းသားကျောင်းသူ ၄၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## အသက်(၁၈)နှစ်အောက် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ ဆိပ်ဖြူမြို့၌ကျင်းပ

**ဆိပ်ဖြူ ဩဂုတ် ၂၂**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ၂၀၁၇ ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အခြေခံပညာ ကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် ပြေး၊ ခုန်၊ ပစ် အားကစားပြိုင်ပွဲများကို မြို့နယ်အားကစားကွင်း၌ ဩဂုတ် ၂၀ရက်က ကျင်းပခဲ့သည်။

အားကစား ယှဉ်ပြိုင်ခြင်းဖြင့် လူငယ်များ အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်များဖြစ်ပေါ်လာစေရန်၊ ပြေး၊ ခုန်၊ ပစ် အားကစားအဆင့်အတန်း မြင့်မားတိုးတက်လာစေရန်နှင့် မြို့နယ်အဆင့်မှ တိုင်းဒေသကြီးအဆင့်၊ နိုင်ငံအဆင့် လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် အားကစားပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲများတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက်(၁၈)နှစ်အောက် ကျောင်းသား ကျောင်းသူများက အားကစားနည်း ၁၂ မျိုးကို ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသော ကျောင်းသားကျောင်းသူများအား မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်စန်းမြရီ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမျိုးမြင့်အောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းဌေးနှင့် ဒုတိယပညာရေးမှူး၊ အခြေခံ ပညာကျောင်းများမှ ကျောင်းအုပ် ဆရာကြီးများက ဆုများချီးမြှင့်ပေးခဲ့သည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**





# ရုပ်ရှင်ဇာတ်ကားကြီးနှစ်ကား လက်လွှတ်လိုက်ရသူ သရုပ်ဆောင် ဝင့်ယမုံလှိုင်

**ဝေလင်း**

MRTV -4 Channel တွင် ထုတ်လွှင့်ပြသသည့် ရုပ်ရှင်ဇာတ်လမ်းတွဲပေါင်းများစွာတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင် သရုပ်ဆောင်ခဲ့သူ ဝင့်ယမုံလှိုင်က အနုပညာနှင့်ပတ်သက်၍ သင်ယူစရာများစွာရှိနေသေးသည်ဟု ပြောကြားသည်။ ယခုလတ်တလော ထုတ်လွှင့်ပြသနေသည့် "ချစ်သူထွင်တဲ့အက္ခရာ" နှင့် "သံစဉ်များများဖြင့် ဖွဲ့သီသော" ရုပ်သံဇာတ်လမ်းတွဲများတွင် ပါဝင် သရုပ်ဆောင်ထားပြီး ပရိသတ်အားပေးမှုကို ရရှိထားသည့် ဝင့်ယမုံလှိုင်၏ အနုပညာလှုပ်ရှားမှု အချို့နှင့် စကားသံများကို ကြား သိရသည်။

"ကားကြီးနှစ်ကားကို ရိုက်ကူးဖို့အတွက် လာပြီးကမ်းလှမ်းထားတာရှိပါတယ်။ ပထမတစ်ကားက ဦးမင်းဦးနဲ့ ရိုက်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ကားကတော့ ဦးထွန်းအောင်ကျော်ရိုက်မယ့် ရုံတင်ကားကြီး နှစ်ကားပါ။ ဒါပေမယ့် ဇာတ်လမ်းတွဲတွေ ရိုက်ကူး နေရတဲ့အတွက် အခက်အခဲတွေအများကြီး ရှိနေတယ်။ ဇာတ်လမ်းတော့ သေချာမသိခဲ့ရဘူး။ ကျွန်မတို့လို သရုပ်ဆောင်အသစ်တွေအတွက် ဇာတ်ကားကြီးတွေ ရိုက်ကူးဖို့ ကမ်းလှမ်းခံရတယ်ဆိုတာ အခွင့်အရေးပေါ့။ ဒါပေမယ့် လက်လွှတ်လိုက်ရတယ်။ ဇာတ်လမ်းတွဲတွေ ပြတ်မှပဲ ရိုက်ကူးတော့မယ်" ဟု ဝင့်ယမုံလှိုင်က ပြောကြားသည်။ သရုပ်ဆောင်သစ်များအတွက် ဇာတ်လမ်းတွဲများက အထောက်အကူပြုသော်လည်း နောက်ဇာတ်လမ်းတွဲများအတွက် စာချုပ်များ ချုပ်ဆိုထားရသဖြင့် အခြားကမ်းလှမ်းမှုများအတွက် အခွင့်အရေးမရတော့ကြောင်း သိရသည်။

"ကျွန်မက ရုပ်သံနဲ့လည်း စာချုပ်ချုပ်ထားတော့ အခြားဇာတ်ကားရိုက်ကူးဖို့ ဘယ်လိုမှ ရိုက်ရက်ညှိလို့ မရခဲ့ဘူး။ ရုပ်ရှင်ဇာတ်ကားကြီးရိုက်ကူးဖို့ ကံမပါသေးတာဖြစ်ပါလိမ့်မယ်။ ဖြစ်နိုင်ရင်ပေါ့၊ မာနကြီးတာမျိုး ကာရိုက်တာကို ရိုက်ရတာ သဘောကျတယ်။ အခု ပျော်ရွှင်ခြင်းဝိညာဉ်များမှာ မာနကြီးတဲ့ မင်းသမီး ကာရိုက်တာလေးရိုက်ဖြစ်တယ်"ဟု ဝင့်ယမုံလှိုင်က ပြောသည်။

မျက်နှာသစ်အနုပညာရှင်တစ်ဦးအနေဖြင့် ကာရိုက်တာစုံကို ရိုက်လိုပြီး ကားကြီးရိုက်ကူးမှု အတွေ့အကြုံကိုလည်း အခွင့်အရေးရမည်ဆိုက ကြိုးစားလိုကြောင်း ဝင့်ယမုံလှိုင်ကပြောကြားပြီး ကာရိုက်တာအတွက် ရဲမေကဲ့သို့သော အက်ရှင်အကြမ်းနှင့် ဟာသဇာတ်ရုပ်များကိုလည်း ရိုက်ကူးလိုကြောင်း ပြောကြားသည်။ ။

# ရွှေမန်းချမ်းသာ သဘင်သက်တမ်း နှစ် ၄၀ပြည့် အမှတ်တရအနုပညာဖျော်ဖြေပွဲကျင်းပမည်

**ကိုလင်း**

အလင်္ကာကျော်စွာရွှေမန်းတင်မောင်၏ သားထွေးဖြစ်သူ သစ္စာ၊ မေတ္တာ ရွှေမန်းချမ်းသဘင် ရွှေမန်းချမ်းသာ၏ သဘင်သက်တမ်း နှစ် ၄၀ပြည့် အမှတ်တရအနုပညာဖျော်ဖြေပွဲကို စက်တင်ဘာ ၈ ရက် နှင့် ၉ ရက် နှစ်ရက်တိုင်တိုင် အမျိုးသားဇာတ်ရုံတွင် ကပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

"နှစ်ပေါင်းလေးဆယ်လုံးလုံး ကျွန်တော်တို့ကြိုးစားခဲ့၊ တင်ဆက်ခဲ့တဲ့ အဆိုအကတွေ၊ သီချင်းတွေ အားလုံးထဲက ပြည်သူတွေ ကြိုက်နှစ်သက်ခဲ့ကြတဲ့ ပြဇာတ်ကောင်းတွေကိုစုစည်းပြီး ဒီလိုပွဲကြီး ဖြစ်လာခဲ့ရပါတယ်။ နှစ်ရက်တာ ကပြဖျော်ဖြေမှာဖြစ်တဲ့အတွက် ဒီနှစ်ရက်လုံးမှာ တင်ဆက်မှုတွေကို မတူညီဘဲနဲ့ ဆန်းသစ်အောင် ဆောင်ရွက်ထားပါတယ်။ ဒီပွဲထဲမှာ ကျွန်တော့်ရဲ့ မိဘ၊ ဆရာ သမားတွေ၊ ညီအစ်ကို မောင်နှမတွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ ရေးစပ်ထားတဲ့သူတွေနဲ့ တင်ဆက်ပေးမှာပါ။ ကျွန်တော်တို့က မောင်နှမ ခုနစ်ယောက်ရှိပါတယ်။ ကျွန်တော်ဖျော်ဖြေပွဲမှာ သူတို့ကိုလည်း ကျေးဇူးတင်တဲ့အကြောင်း ဖော်ပြသွားမှာပါ"ဟု ဦးချမ်းသာက ပြောကြားသည်။

အဆိုပါနှစ်ရက်တာအတွင်း ပြဇာတ်မှာ တစ်ရက်လျှင် လေးပုဒ်ခန့် ကပြမည်ဖြစ်ပြီး နှစ်ရက်အတွက် ရှစ်ပုဒ်ကိုလည်းကောင်း၊ အကပဒေသာများကိုလည်း တင်ဆက်မည်ဖြစ်ပြီး အနုပညာရှင်များနှင့် သဘင်ပညာရှင်များလည်း ပါဝင်ကြမည်ဖြစ်သည်။

အဆိုပါပွဲတွင် ရွှေမန်းချမ်းသာနှင့်အတူ ညွန့်ဝင်း၊ ဆန်းဝင်း၊ ဝင်းမောင်၊ ကျော်ကျော်ဗိုလ်၊ တင်မောင်ဆန်းမင်းဝင်း၊ သူရဗိုလ်၊ မင်းရွှေရောင်တင်၊ မေတင်မောင်ဆန်းဝင်းတို့ ပါဝင်ဖျော်ဖြေမည်ဖြစ်ပြီး ဧည့်သည်အနုပညာရှင်များအဖြစ် ရွှေမန်းဦးကံ၊ ဇော်ဝင်းမောင်၊ ဖိုးချစ်၊ ဟန်ဇာမိုးဝင်း၊ ဇံဟိန်း၊ စွမ်းဇာနည်၊ ဂျေနီ၊ ခိုင်နှင်းဝေတို့ ပါဝင်မည်ဖြစ်ပြီးအနုပညာရှင်များကလည်း ဝင်ရောက်ဖြေဖျော် ပေးကြမည်ဖြစ်ကြောင်း သိရသည်။ ။






**ကိုလင်း**

# ထိုင်းမင်းသမီးနှင့် အားပြိုင်သရုပ်ဆောင်ခဲ့ကြသည့် မြန်မာအနုပညာရှင်များ ပါဝင်သည့် "ဥပါယ်တံမျဉ်"

၂၀၁၆ မေလက ရိုက်ကူးပြီးစီးခဲ့သော Deception (ဥပါယ်တံမျဉ်) ရုပ်ရှင်ဇာတ်ကားကို မကြာမီရုံတင်ပြသမည်ဟု သိရသည်။ အဆိုပါဇာတ်ကားသည် လက်ရှိတွင် ရုံတင်ပြသမှုမရှိသေးသော်လည်း ပရိသတ်အကြား လူကြိုက်များကာ နာမည်ကျော်လျက်ရှိသည့် ဇာတ်ကားတစ်ကား ဖြစ်သည်။

ယင်းဇာတ်ကားကို Central Base Productions မှ ထုတ်လုပ်ရိုက်ကူးပြီး ဇာတ်လမ်းနှင့်ဇာတ်ညွှန်း ဇမ်းခီး၊ ဒါရိုက်တာအဖြစ် ခရစ္စတီးနားခီးက ရိုက်ကူးပြီး ခေါင်းဆောင်မင်းသားအဖြစ် ဇဏ်ခီ၊ ထပ်ဆင့်အကယ်ဒမီသက်မွန်မြင့်၊ အောင်မြင့်မြတ်၊ အကယ်ဒမီမင်းဦး၊ ထိုင်းမင်းသမီး Kaew Korravee၊ ခြူးစစ်ဟန်နှင့် ကျော်ကိုကိုဝေတို့ ပါဝင်သရုပ်ဆောင်ထားကြောင်းနှင့် ဇာတ်လမ်းအမျိုးအစားကတော့ Suspense Drama ဟု သိရသည်။ "ဒီဇာတ်ကားကို သုံးလကြာ ရန်ကုန်၊ ငပလီနဲ့ကလောတို့မှာ သွားရောက်ရိုက်ကူးခဲ့ပြီး တစ်နှစ်ကျော်အချိန်ယူတည်းဖြတ်ထားပါတယ်။ မကြာမီရုံတင်နိုင်ဖို့ကြိုးစားနေပါတယ်။ စောင့်မျှော်အားပေးကြပါဦးနော်။ Central Base Productions ကနေ ကျွန်တော်တို့ မြန်မာရုပ်ရှင်ချစ်ပရိသတ်တွေရှေ့မှောက်ကိုအရောက် ချပြလိုက်တဲ့ ရုပ်ရှင်ကောင်းလေးတစ်ခုပါ"ဟု ဒါရိုက်တာက ပြောသည်။

ပျော်ရွှင်သာယာနေသည့် အိမ်ထောင်လေးတစ်ခု၊ ကြည်နူးဖွယ်ရိပ်မြုံလေးတစ်ခုကနေ ကြေကွဲစရာ၊ နာကြည်းစရာ ဖြစ်ရပ်များရောက်ရှိလာခြင်း၊ တဒင်္ဂစိတ်ဆန္ဒ၏ သာယာမှုတစ်ခုနောက်သို့ လိုက်မိသည့် အချိန်နှင့် ဂုဏ်၊ အဆင့်အတန်းအပါအဝင် အရှက်သိက္ခာများကို ငွေကြေးဖြင့် လဲလှယ်ရတော့မည့်ခဏ၊ အိမ်ထောင်တစ်ခု လူနှစ်ယောက်ကြားထဲက နားလည်ခွင့်လွှတ်မှုများ၊ မတော်လောဘများနှင့် အပြင်လောကမှာပါ ကြုံတွေ့နေရသည့် Online ပေါ်က မမြင်ရသည့် အန္တရာယ်များကို ရိုက်ကူးထားခြင်းဖြစ်သည်။ "ကင်မရာရိုက်ချက်ကောင်းကောင်းသုံးထားသလို ပြည်တွင်းရော ပြည်ပက သမ္မာရင့် သရုပ်ဆောင်တွေ အပါအဝင် တက်သစ်စ သရုပ်ဆောင်တွေနဲ့ ရိုက်ကူးပုံဖော်ထားတဲ့ပညာပေးပုံစံ ဇာတ်ကားကောင်းလေးတစ်ခုပါ။ ဒီဇာတ်ကားမှာတော့သရုပ်ဆောင်အနေနဲ့ ထူးထူးခြားခြားအဖြစ် Road to Mandalay ဇာတ်ကားထဲက ထိုင်းသရုပ်ဆောင် မင်းသမီးခရာဇီကို သုံးထားပါတယ်။ သရုပ်ဆောင်တွေရဲ့ Talent တွေကို ပေါင်းစပ်လိုက်တဲ့အချိန်မှာတော့ Deception ရဲ့ ရုပ်လုံးက ပိုပြီးအသက်ဝင်လာခဲ့တယ်" ဟု ဒါရိုက်တာက ဆိုသည်။ အချို့သော ဇာတ်ဝင်ခန်းများသည် မြန်မာဇာတ်ကားချစ်သူများအတွက် အသစ်အဆန်းဖြစ်နိုင်သော်လည်း အမှန်တကယ်တွင် လူငယ်သဘာဝ ပြင်ပလောကအတွင်း ဖြစ်ပျက်သည်များကို ဇာတ်လမ်းဇာတ်အိမ်ဖွဲ့စည်းထားရာ လူတိုင်းကြိုက်နှစ်သက်မည်ဟု ခန့်မှန်းကြောင်း ခရစ္စတီးနားခီးက ပြောကြားသည်။ အဆိုပါ ဇာတ်ကားသည် ဒုတိယမြောက်ဇာတ်ကားဖြစ်ပြီး "မုဒြာ"အမည်ရ ရုပ်ရှင်ဇာတ်ကားနှင့်လည်း အောင်မြင်မှုများရရှိထားကြောင်း သိရသည်။ ။

# လူကြိုက်များခဲ့သူနှင့် ဒုတိယဆုရရှိသူများဖြင့် မြန်မာအဆိုတော်များ အာဆီယံအဆင့်ယှဉ်ပြိုင်ခဲ့

**နေလင်း**

အာဆီယံနှင့် နိုင်ငံသုံးနိုင်ငံ ပေါင်းစုံသီချင်းဆိုပြိုင်ပွဲတွင် လူကြိုက်အများဆုံးဆုကို အောင်ထက်က ရရှိခဲ့ပြီး ပြိုင်ပွဲ၏ ဒုတိယဆုကို နီနီခင်ဇော်က ရရှိခဲ့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို ဩဂုတ် ၂၀ရက် ညတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ကျင်းပခဲ့ခြင်း ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ အောင်ထက်နှင့် နီနီခင်ဇော်တို့နှစ်ဦး သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်ထက်က အဆိုတော် စန္ဒရားလှထွဋ်၏ အချစ်ဘယ်ကစ သီချင်းဖြင့် ပါဝင်ယှဉ်ပြိုင်ရင်း ပရိသတ်လူကြိုက်အများဆုံး ဆုကိုရရှိခဲ့သည်။

နီနီခင်ဇော်မှာ ဆောင်းဦးလှိုင်ရေးသားပြီး ၎င်း၏အအောင်မြင်ဆုံးသီချင်းဟုလည်း ပြောနိုင်သော မျှော်လင့်ချက်တစ်စုံတစ်ရာ သီချင်းဖြင့်ယှဉ်ပြိုင်ရင်း ဒုတိယဆုကို ဆွတ်ခူးသွားနိုင်ခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံက တေးသံရှင်ပေါင်း ၂၄ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး၊ Voice of Vietnam(VOV) ရေဒီယိုအသံလွှင့်ဌာနရဲ့အာဆီယံအဖွဲ့ကြီး တည်ထောင်မှုနှစ် (၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပရခြင်း ဖြစ်သည်။ ။



## နိုင်ငံတကာအနုပညာမှတ်စုသတင်းပဒေသာ

### မိသားစုဓာတ်ပုံကိုလူမှုမီဒီယာပေါ်တင်ခဲ့တဲ့မက်ဒေါနား

ချြုး



မက်ဒေါနားဟာ သူရဲ့ (၅၉) နှစ်မြောက် မွေးနေ့မှာ မိသားစုစုံစုံညီညီနဲ့ ရိုက်ကူးထားတဲ့ ရှားပါးဓာတ်ပုံကို လူမှုမီဒီယာပေါ်မှာ ပြသခဲ့ပါတယ်။ မက်ဒေါနားကတော့ အသက် ၅၉ နှစ်ဆိုတာနဲ့ မလိုက်အောင် အရွယ်တင်နုပျိုလို့နေပါတယ်။ မွေးနေ့ပွဲကိုတော့ အီတလီမှာ ကျင်းပခဲ့တာဖြစ်ပြီး ဓာတ်ပုံထဲမှာ သူ့ရဲ့ကလေးခြောက်ဦးစလုံး ပါဝင်ပါတယ်။ မက်ဒေါနားကလည်း သားသမီးတွေ စုံစုံညီညီနဲ့ဓာတ်ပုံရိုက်ကူးရတာကို ပျော်နေပုံရပါတယ်။ မကြာသေးမီကမှ မက်ဒေါနားမွေးစားထားတဲ့ အက်စသာနဲ့ စတယ်လာဟာ အခုအခါမှာ အသက် (၄နှစ်)ရှိပြီဖြစ်ပြီး ဓာတ်ပုံရိုက်ကူးတဲ့နေရာမှာ သူတို့လည်း ပါဝင်ခဲ့ပါတယ်။ မက်ဒေါနားရဲ့ပရိသတ်တွေအားလုံးကတော့ ဒီဓာတ်ပုံကို သဘောကျကြပြီး မိသားစုကြီးလို့ ပျော်ရွှင်ဖွယ်ရာမှတ်ချက်တွေပေးခဲ့ကြပါတယ်။ လက်ရှိမှာတော့ မက်ဒေါနားဟာ ကလေးခြောက်ယောက်မိခင်ပဲဖြစ်ပါတယ်။ လတ်တလော အလုပ်အနေနဲ့ကတော့ မက်ဒေါနားဟာ စက်တင်ဘာလအတွင်းမှာ သူထုတ်လုပ်ရောင်းချတဲ့ အသားအရေထိန်းသိမ်းမှုအလှကုန်ပစ္စည်းကို အမေရိကန်မှာ မိတ်ဆက်ရောင်းချနိုင်အောင် ပြင်ဆင်မှုတွေ လုပ်နေပါတယ်။ ဂျပန်မှာတော့ သူ့ရဲ့အလှကုန်ပစ္စည်းကို ရောင်းချနေပါပြီ။ တန်ဖိုးကတော့ ၃၉ ပေါင်ကနေ ၄၆၅ ပေါင်အတွင်း ရှိပါတယ်။ မက်ဒေါနားကတော့ သူရောင်းချတဲ့ပစ္စည်းကို လူတွေနှစ်ခြိုက်စွာ သုံးစွဲနိုင်ဖို့ မျှော်လင့်ပါတယ်။ မက်ဒေါနားဟာ ဇူလိုင်လအတွင်းကလည်း မာစီဂျိန်းမ်လို့ အမည်ပေးထားတဲ့ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးစင်တာကို ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်က အာဖရိကန်နိုင်ငံတစ်ခုက အသက် ၁၁ နှစ်အရွယ် မာစီလို့ခေါ်တဲ့ သမီးလေးတစ်ယောက်ကို မွေးစားပြီးတဲ့နောက် ဒီစင်တာကို မာစီဂျိန်းမ်လို့ အမည်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။

**ဟယ်လို**

### အမေရိကန်စာရေးဆရာနဲ့ ဟာသသရုပ်ဆောင် ဒစ်ဂရီဂိုရီ ကွယ်လွန်

ချြုး



အမေရိကန်စာရေးဆရာ၊ သရုပ်ဆောင်နဲ့ နိုင်ငံသားအခွင့်အရေး တက်ကြွလှုပ်ရှားသူ ဒစ်ဂရီဂိုရီဟာ အသက် ၈၄ နှစ်မှာ သေဆုံးသွားပါပြီ။ ဝါရှင်တန်ဒီစီမှာရှိတဲ့ ဆေးရုံပေါ်မှာ သေဆုံးခဲ့တာဖြစ်ပြီး သူ့ရဲ့ မိသားစုက သူသေဆုံးသွားကြောင်းကို လူမှုမီဒီယာပေါ် တင်ခဲ့ပါတယ်။ ၁၉၆၀ ပြည့်နှစ်တွေတုန်းက ဒစ်ဂရီဂိုရီဟာ လူမျိုးရေးခွဲခြားတာကို သရော်ခဲ့ပါတယ်။ သူဟာ ပထမဦးဆုံး လူဖြူပရိသတ်တွေ နှစ်ခြိုက်တဲ့ အမေရိကန်လူမည်းဟာသ သရုပ်ဆောင်ဖြစ်ပါတယ်။ အခုချိန်မှာတော့ သူရဲ့မိသားစုဟာ အလွန်ပဲ ဝမ်းနည်းကြေကွဲနေရတယ်လို့ သားဖြစ်သူ ခရစ်စတင်က ပြောပါတယ်။ ဒီလိုခက်ခဲတဲ့အချိန်မျိုးမှာ သူတို့မိသားစုရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို လေးစားပေးဖို့လည်း သူက တောင်းဆိုခဲ့ပါတယ်။ ဒစ်ဂရီဂိုရီလိုပဲ နောက်ထပ်အမေရိကန်နိုင်ငံသားအခွင့်အရေး တက်ကြွလှုပ်ရှားသူ ဂျက်စီဂျက်ဆန်ဟာလည်း ဒစ်ဂရီဂိုရီသေဆုံးမှုနဲ့ပတ်သက်ပြီး ဝမ်းနည်းစကားဆိုခဲ့ပါတယ်။ ဒစ်ဂရီဂိုရီဟာ ကျွန်တော်တို့ကို ဘယ်လိုပျော်ပျော်နေရမယ်၊ ဘယ်လိုတိုက်ပွဲဝင်ရမယ်၊ ဘဝမှာ ဘယ်လိုရပ်တည်ရမယ်ဆိုတာကို သင်ပေးခဲ့ပါတယ်။ အခုတော့ သူမရှိတော့ပါဘူးလို့ ဂျက်ဆန်က ပြောပါတယ်။ ဒစ်ဂရီဂိုရီသည် ၁၉၆၀ပြည့်နှစ်က နိုင်ငံသားအခွင့်အရေး တက်ကြွလှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့ပါတယ်။ ဒါ့အပြင် ဗီယက်နမ်စစ်ပွဲဆန့်ကျင်ရေးနဲ့ပတ်သက်ပြီးလည်း ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

**ဘီဘီစီ**

### ခန္ဓာကိုယ်အစိတ်အပိုင်းများကို လှူဒါန်းသည့် မင်းသမီး



ဝေလင်း

အနုပညာလောကထဲကို ၂၀၀၁ ခုနှစ်က စတင်ကာ Photo Model အဖြစ်နှင့် ဝင်ရောက်လာပြီး သရုပ်ဆောင်ပြိုင်ပွဲများမှတစ်ဆင့် ပရိသတ်သတိထားမိလာသူ မန္တလေးသူ သရုပ်ဆောင် ရွှေစင်က သူ၏မွေးနေ့အလှူအဖြစ် ဩဂုတ် ၂၁ရက်က သဃ်န်းကျွန်းမြို့နယ် ဓမ္မဝိဟာရကျောင်းတွင် ပြုလုပ်ခဲ့သည်။ အဆိုပါ အလှူတွင် ရှင် (၁၀၈) ပါး သိက္ခာထပ်အလှူသိမ်ဆင်းတစ်ပါး ချင်းစီ သက်န်း၊ ဖိနပ်၊ တဘက်၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ ဝတ္ထုငွေများ လောင်းလှူခဲ့ကြောင်း သိရသည်။ သိက္ခာထပ်အလှူနှင့်အတူ ဓမ္မဝိဟာရကျောင်းရှိသံဃာအားလုံးကို နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ပြီး ကလေး ၃၅၀ အား အာဟာရဒါနတစ်ရက်စာ လှူဒါန်းခဲ့ကြောင်း၊ ကလေး ၃၅၀အတွက် စာအုပ်၊ ဘောလ်ပင်၊ ခဲတံ၊ ခဲဖျက်၊ မုန့်တို့ကိုလည်း တစ်ဦးချင်းစီစာ ထပ်ဝေပေးခဲ့ကြောင်း သိရသည်။

အလှူရှင် ရွှေစင်ကလည်း "ညီမမျက်ကြည်လွှာနဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေ လှူဖို့ စီစဉ်ထားတာလေးက စင့်ကိုချစ်တဲ့သူတချို့ခွင့်မပြုလို့ မွေးနေ့မှာတော့ မလှူဖြစ်ခဲ့ပေမယ့် နောက်နေ့ကို သွားလှူမှာပါ၊ ညီမ အသက်ရှင်နေတယ်ဆိုတာ ကောင်းမှုတွေလုပ်ဖို့နဲ့ အများအကျိုးကို သယ်ပိုးဖို့ ဘုရားရှင်က ဖန်ဆင်းပေးထားတဲ့ လူသားတစ်ယောက်ဖြစ်တာကြောင့် ဘုရားရှင်ဟောတဲ့ တရားတော်တွေအတိုင်း နေထိုင်ကျင့်ကြံတယ်၊ ကိုယ်ချင်းစာတရားထားပြီး အားလုံးကို တတ်နိုင်သမျှ ညီမကူညီမှာပါ၊ အလှူတွေဆိုလည်း အမြဲလိုလို ပုံမှန်လုပ်ဖြစ်တယ်၊ ကိုယ့်ဘဝက နောက်ဆုံးပါရင် ဒါနလေးတွေပဲ ပါသွားမှာမို့ပါ"ဟုပြောသည်။ ယခုနှစ်မကုန်မီ SKY NET Channel အသစ်ထပ်မံထုတ်လွှင့်မည့် Channel မှ ပြသမည့် ရုပ်သံဇာတ်လမ်းတွဲတစ်ခုတွင် သရုပ်ဆောင်သွားရန်ရှိပြီး Sky Net မှ ဦးအောင်ကျော်စိုး၏ ကမ်းလှမ်းမှုကြောင့် ရိုက်ကူးရမည်ဖြစ်ပြီး ဟာသသရုပ်ဆောင်ပွင့်နှင့်အတူ တွဲဖက်သရုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ကာရိုက်တာအနေဖြင့် မင်းသမီးရူး ရူးနေသည့် ကောင်မလေးအဖြစ် ပါဝင်ရမည်ဖြစ်ပြီး ဩဂုတ်လကုန်တွင် စတင်ရိုက်ကူးသွားမည်ဟု သိရသည်။

# ဝမ်းတွင်းမြို့နယ် နေပူကုန်းအနောက်ရိုးကန်ကြီး ပြန်လည်တူးဖော်ပေး၍ ဒေသခံများပျော်ရွှင်နေ



**ဝမ်းတွင်း ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် နေပူကုန်ကျေးရွာ အနောက်ရိုးကန်ကြီးကို တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ပြန်လည်တူးဖော်ပေးသည့်အတွက် ဒေသခံတောင်သူများ ပျော်ရွှင်နေကြကြောင်း သိရသည်။

အနောက်ရိုးကန်ကြီးသည် အလျား ပေ ၂၄၀၀ ရှိ၍ ယခင်က နှစ်စဉ် နေပူကုန်းကျေးရွာ နယ်မြေအတွင်းရှိ စပါးဧက ၂၀၀ ကျော်ကို ရေပေးစိုက်ပျိုးနိုင်သည့်အပြင် ပိုလျှံရေများကို ကြိုးကြာကန်၊ ဆပ်ပြာကျင်းကန်တို့မှတစ်ဆင့် နေပူကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်းရှိ မြေသားကန်များကိုလည်း သောက်သုံးရေအတွက် ရေပေးဝေနိုင်ခဲ့သည်။

ကန်ကိုပြုပြင်ခြင်းမရှိသည်မှာ ကြာမြင့်ပြီဖြစ်၍ နုန်းများမြင့်တက်လာကာ ရေသိုလှောင်မှုပမာဏ နည်းလာသည့်အတွက် ယခုအခါ စပါးဧက ၁၀၀ ခန့်သာ ရေပေးဝေစိုက်ပျိုးနိုင်ခဲ့သည်။ နွေရာသီတွင် တိရစ္ဆာန်သောက်သုံးရေပါ အခက်အခဲကြုံတွေ့နေရသောကြောင့် တောင်သူများက သက်ဆိုင်ရာသို့တင်ပြခဲ့၍ ယခုလို အနောက်ရိုးကန်ကြီးကို ပြန်လည်တူးဖော်ပေးခြင်းဖြစ်ကြောင်း နေပူကုန်းကျေးရွာနေ ဦးညွန့်ဝင်းက ပြောသည်။

ကန်ကြီး၏ ရေဝင်အနေထားမှာ ကျင်းရွာကျေးရွာအနီးရှိ ကျောင်းကန်ကြီးမှတစ်ဆင့် ပြည့်ဝဘုရားအနီး ကြပ်ပြင်မှစီးဝင်သော ရေများဖြစ်ပြီး တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၅၀ ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးမြစိုးကျော်က တာဝန်ယူ၍ ဇူလိုင် ၁၉ ရက်မှစတင်ပြီး လုပ်ငန်းများဆောင်ရွက်နေကြောင်း၊ အနောက်ရိုးကန်ကြီးကို ကန်ပေါင် အလျား ပေ ၂၄၀၀ ၊ အမြင့် ၁၂ ပေ၊ အောက်ခြေထု ပေ ၆၀ အနေအထားဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကန်ကြီး၏ ရေပိုလွှဲမှ စီးဝင်လာသောရေသည် သဲကန်၊ ဂျားကန်၊ တောင်ကန်၊ ရိုးကန်လေး၊ ဇီးပင်ကန်၊ ဘော်ကန်တွင်း၊ ခတ္တာကန်၊ ဦးကြွက်ကန်၊ ကန်ငယ်၊ လယ်အိုင်ကန်များ ရေပြည့်ပါက စပါးဧက ၄၀၀ ကျော်ကို စိုက်ပျိုးနိုင်မည်ဖြစ်သည်။

နေပူကုန်းကျေးရွာ အနေဖြင့် ဝမ်းတွင်းမြို့နှင့် လည်းကောင်း၊ ပတ်ဝန်းကျင်ကျေးရွာများနှင့် လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အပြင် အနောက်ရိုးကန်ကြီး ပြန်လည်ပြီးစီးပါက မူလလျာထားချက်အတိုင်း စပါးအပြည့်အဝစိုက်ပျိုးနိုင်ခြင်း၊ မွေးမြူရေးလုပ်ငန်းများ ကျယ်ပြန့်စွာ လုပ်ကိုင်နိုင်ခြင်းတို့ကြောင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။**ဌေးလှိုင်(ဝမ်းတွင်း)**

# ကသာမြို့တွင် မြေငလျင်လှုပ်ရှားမှုကိုတိုင်းတာနိုင်ရန် မြေငလျင်တိုင်းစက်များ တပ်ဆင်ထား

**ကသာ ဩဂုတ် ၂၂**

ကသာမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက်၊ ဒေသအတွင်း ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးစနစ်ဗဟိုဌာန (Regional Integrated Multi – hazard Early Warning System ) တို့ပူးပေါင်း၍ မြန်မာနိုင်ငံ၏ မြေငလျင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေငလျင်တိုင်းစက်များကို ကသာ၊ ညောင်ဦး၊ တောင်ကြီး၊ စစ်တွေမြို့များ၌ တပ်ဆင်မည်ဖြစ်ပြီး



ကသာမြို့တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ရုံးဝင်းအတွင်း တပ်ဆင်ထားရှိသည်။

မြေငလျင်တိုင်းစက်များကို အင်ဒိုအရှေ့တောင်အာရှဒေသ အပေါ်ယံကျောက်သားမြေမျက်နှာသွင်ပြင်ပုံသဏ္ဌာန် ပြောင်းလဲမှုတိုင်းတာရေးနှင့် မြေငလျင်လှုပ်ရှားမှု လေ့လာစောင့်ကြည့်ရေးစီမံကိန်းအရ တပ်ဆင်ခြင်းဖြစ်ပြီး ကသာမြို့တွင် အဆောက်အအုံကို ဇူလိုင် ၂၀ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ဩဂုတ်လ ၁၄ ရက်တွင် မြေငလျင်တိုင်းစက်များကို နိုင်ငံခြားပညာရှင်နှစ်ဦးတို့က လာရောက်တပ်ဆင်ပေးခဲ့သည်။ မြေငလျင်တိုင်းစက်ကို အင်အားနည်းမြေငလျင်နှင့် အင်အားပြင်းမြေငလျင် တိုင်းတာသောစက်ဟူ၍ နှစ်မျိုးတပ်ဆင်ထားသည်။

"ကသာမြို့က မြေငလျင်ကြောသိပ်မကျပါဘူး။ ဒါပေမယ့် ဘေးပတ်ဝန်းကျင်မှာ လှုပ်ခတ်တဲ့ မြေငလျင်ဒဏ်တွေကို ခံစားရပါတယ်။ မြေငလျင်က ကြိုတင်ခန့်မှန်းလို့ မရနိုင်ပေမယ့် ငလျင်ဖြစ်ပေါ်တဲ့နေရာတွေကို အတိအကျသိရှိနိုင်ပါတယ်"ဟု ကသာခရိုင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဦးလွင်က ပြောသည်။

ကသာခရိုင်အတွင်း၌ မြေငလျင်တိုင်းစက်များစွာ တပ်ဆင်သွားမည်ဖြစ်ပြီး ကသာမြို့တွင် အဆင့်မြင့်နည်းပညာများဖြင့် မြေငလျင်တိုင်းစက်များ ထပ်မံတပ်ဆင်ရန် ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ထရန်စဖော်မာအသစ် တိုးချဲ့တည်ဆောက်

**ဥသျှစ်ပင် ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဥသျှစ်ပင်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားကို ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ပြည်တော်သာရပ်ကွက် ပြည်တော်သာလမ်းတွင် ထရန်စဖော်မာအသစ်တစ်လုံး တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းလုပ်ငန်းကို မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးမင်း ဦးဆောင်သောလျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံးပြီးစီး၍ ဩဂုတ် ၁၇ ရက်မှစတင်ကာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

**မြင့်နိုင်(ပြည်)**

# သရက်မျိုးကူးစပ်ခြင်းနည်းပညာများ ကွင်းဆင်းလေ့လာ

**နေပြည်တော် ဩဂုတ် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန စက်မှုသီးနှံနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသုတေသနဌာနခွဲ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်သုတေသနဌာနစုသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဥယျာဉ်ခြံသီးနှံပညာနှင့် စိုက်ပျိုးရေးဇီဝပညာဌာန၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် စတုတ္ထနှစ်(ဒုတိယနှစ်ဝက်)ကျောင်းသားကျောင်းသူများသည် Fruit Science ဘာသာရပ်အတွက် သရက်မျိုးကိုင်းဆက်ခြင်း နည်းပညာသုတေသနလုပ်ငန်းများကို ဩဂုတ် ၁၈ ရက်က လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

အဆိုပါလေ့လာရေးအစီအစဉ်တွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်သုတေသနဌာနစုမှ သရက်မျိုးကူးစပ်ခြင်း သုတေသနကို အဓိကထားဆောင်ရွက်နေသော သုတေသနပညာရှင် ဒေါက်တာဝင်းနိုင်က သရက်သီးနှံနှင့် ပတ်သက်ပြီး စိန်တစ်လုံး သရက်မျိုးများကို ဈေးကွက်အခြေအနေပေါ်မူတည်၍ ပုံမှန်ရာသီထက် အပွင့်၊ အသီး စောစေရန်အတွက် လည်းကောင်း၊ အပွင့်မဖြစ်ထွန်းနိုင်သည့် သရက်ပင်အိုများအား ခုတ်လှဲပြီး မိခင်ပင်မှ ကိုင်းကူးခြင်းဖြင့် အပင်သစ်များ ပြန်လည်ရရှိအောင် လုပ်ဆောင်သည့် သုတေသနလုပ်ငန်းများနှင့် သရက်မျိုးကူးစပ်ရာတွင် ပြည်တွင်းသရက်မျိုးလိုင်းများနှင့် နိုင်ငံခြားသရက်မျိုးလိုင်းများကိုအသုံးပြု၍ သုတေသန ပြုလုပ်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။


**ကိုကိုရှုပ (နေပြည်တော်)**

# ရုပ်ကြွင်းလောင်စာအလွန် ကမ္ဘာ့အနာဂတ်စွမ်းအင်

မောင်ပါဝါ

*၁၈-၈-၂၀၁၇ ရက်နေ့မှ အဆက်*

ထွက်ရှိလျှပ်စစ်ဓာတ်အားများအနက်မှ ဘရာဇီးလ်နိုင်ငံသည် ၁၇ ရာခိုင်နှုန်းနှင့် ပါရာဂွေးနိုင်ငံသည် ၇၅ ရာခိုင်နှုန်း ခွဲဝေသုံးစွဲကြသည်။ ရေအားလျှပ်စစ်သည် သန့်ရှင်းပြီး ဈေးနှုန်းချိုသာ၍ ထိန်းသိမ်းလည်ပတ်မှု လွယ်ကူသော်လည်း အခြားတစ်ဖက်တွင် ကြီးမားသောသဘာဝပတ်ဝန်းကျင် ထိခိုက်မှုများရှိနေသည်။ သစ်တောများပြုန်းတီးခြင်း၊ သားရဲတိရစ္ဆာန်များ ကျက်စားရာနေရင်းဒေသများနှင့် စိုက်ပျိုးမြေများ ဆုံးရှုံးခြင်း၊ ရေကြီးရေလွှမ်းမိုးမှုဒဏ်ခံရခြင်း စသည်တို့ဖြစ်သည်။ ဥပမာ- Three Gorges Dam သည် ရေဝပ်ဧရိယာအရှည် (Fetch) ၆၀၀ ကီလိုမီတာရှိ၍ ရေမြုပ်ဧရိယာ (Reservoir Submergence) ၁၀၄၅ စတုရန်း ကီလိုမီတာ (၄၀၃ ဒသမ ၅ စတုရန်းမိုင်) ရှိသဖြင့် လူဦးရေ ၁ ဒသမ ၄ သန်းခန့် ရွှေ့ပြောင်းခံရပြီး သမိုင်းဝင်အဆောက်အအုံများ ရေနစ်မြုပ်ခြင်း စသည်တို့ ကြုံတွေ့ကြရသည်။ ပညာရှင်များ၏ ခန့်မှန်းချက်အရ ရေလှောင်တမံများ တည်ဆောက်မှုကြောင့် ကာဗွန်ထုတ်လွှတ်မှုမှာ 0.2 kg/kWh ၊ သဘာဝဓာတ်ငွေ့တွင် 0.5kg/kWh နှင့် ကျောက်မီး သွေးတွင် 1.0 kg/kWh အသီးသီးရှိကြကြောင်း လေ့လာဖော်ပြထားသည်။ ရေအားလျှပ်စစ်ကဏ္ဍသည် လက်ရှိကမ္ဘာ့လျှပ်စစ် ထုတ်ယူသုံးစွဲမှု၏ ၁၆ ရာခိုင်နှုန်း ရှိသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ရေအားလျှပ်စစ်ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၅၉ နိုင်ငံက ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလျက်ရှိကြောင်း သက်သေပြလျက်ရှိပါသည်။ ၂၀၅၀ ပြည့်နှစ်အရောက်တွင် ရေအားလျှပ်စစ်ကဏ္ဍသည် 2000 GW အထိ နှစ်ဆ တိုးတက်လာမည်ဖြစ်ကြောင်း IEA က ခန့်မှန်းထားပါသည်။




**ပုံ (၈) ကွန်ကရစ်နံရံပတ် ပင်လယ်ကမ်းခြေရေအိုင် (Lagoon) ဖြင့် ဒီရေ စွမ်းအင်ထုတ်လုပ်မှု**

ကွန်ဂိုနိုင်ငံ (Congo) ၏ မြစ်ချောင်းများ ကွန်ရက်သည် ရေအားလျှပ်စစ် အရင်းအမြစ် ပေါကြွယ်ဝသည်ဖြစ်ရာ နိုင်ငံသုံးစွဲနိုင်သည့်ပမာဏထက် ရေအားလျှပ်စစ်ကဏ္ဍမှ လျှပ်စစ် ၁၀ ဆမျှထုတ်ယူသုံးစွဲနိုင်ကြောင်း တွေ့ရှိရသည်။ နော်ဝေနိုင်ငံ (Norway) ၏ နိုင်ငံအနှံ့စီးဆင်းနေသော မြစ်များမှ လက်ရှိအချိန်တွင် ရေအားလျှပ်စစ်ကဏ္ဍအနေဖြင့် ၉၈ ရာခိုင်နှုန်း ထုတ်ယူသုံးစွဲလျက်ရှိသည်။ သို့ရာတွင် အင်္ဂလန်နိုင်ငံ (England) တွင် ရေအားလျှပ်စစ်ကဏ္ဍမှ ၃ ရာခိုင်နှုန်းကျော်သာလျှင် ထုတ်ယူသုံးစွဲနိုင်သည်။ ရေအားလျှပ်စစ်သမိုင်းကို အမေရိကန်နိုင်ငံ နိုင်ယာဂရာ ရေတံခွန် (Niagara Fall, USA) အသုံးချလျက် ၁၈၈၀ ပြည့်နှစ်တွင် စတင်ခဲ့သည်။

ယင်းအချိန်တွင် နယူးယောက်ပြည်နယ် (New York State) တစ်ခုလုံးသည် ရေအားလျှပ်စစ်ဖြင့် လျှပ်စစ်မီးဖြန့်ဖြူးပေးခဲ့ရသည်။ ရေအားလျှပ်စစ်ကို အမျိုးအစား ၃ မျိုးခွဲခြားနိုင်ပြီး ပထမအမျိုးအစားကို ရေလွှဲဆည်များ (Weirs)၊ ရေတံခါးတပ်ရေလွှဲဆည်များ (Barrages)၊ ရေအားနိမ့်တမံများ (Low-head Dams) စသည်ဖြင့်ရှိကြရာ ယင်းတို့အားလုံးသည် Run-of-the-river Power Plants ဓာတ်အားပေးစက်ရုံအမျိုးအစားအဖြစ်လည်းကောင်း၊ ဒုတိယ အမျိုးအစား ကို ရေလှောင်ကန်အမျိုးအစား ဓာတ်အားပေးစက်ရုံ (Reservoir Power Plant) အမျိုးအစားအဖြစ်လည်းကောင်း၊ တတိယအမျိုးအစားကို ပြန်လည်ရေစုပ်တင် သိုလှောင်ကန် ဓာတ်အားပေးစက်ရုံအမျိုးအစား (Pumped-storage Power Plant) အဖြစ်လည်းကောင်း သတ်မှတ်ထားကြသည်။

ပထမနှင့် ဒုတိယ အမျိုးအစားများကို အများသူငါ ထိတွေ့မှု ရှိကြမည်ဖြစ်၍ ရှင်းလင်းရန် လိုအပ်မည် မဟုတ်ပါ။ တတိယအမျိုးအစားမှာ အပေါ်ဘက်အမြင့်ပိုင်း ရေလှောင်ကန်နှင့် အောက်ဘက်အနိမ့်ပိုင်း ရေလှောင်ကန်နှစ်မျိုးရှိမည်ဖြစ်ပြီး ဓာတ်အားစနစ်၏ လိုအပ်ချက်အရ အပေါ်ဘက်အမြင့်ပိုင်းရေလှောင်ကန်မှ ဓာတ်အားထုတ်လုပ်ပြီးနောက် အောက်ဘက်ရေစုကန်တွင် သိုလှောင်ထားရှိရေကို လျှပ်စစ်အသုံးပြုဝန်အားနည်းချိန် (Off-peak hours) တွင် အပေါ်ဘက်အမြင့်ပိုင်းရှိ ရေလှောင်ကန်သို့ ပြန်လည်စုပ်တင်ဖြည့်တင်းပေးရသည့် စနစ်ဖြစ်သည်။

တစ်နည်းအားဖြင့် Pumped-storage Power Plant သည် လျှပ်စစ်သိုလှောင်ခြင်း (Energy Store) ဟု သတ်မှတ်နိုင်သည်။ ရေအားလျှပ်စစ်ရေလှောင်တမံကြီးများနှင့် Pumped-storage Project များ တည်ဆောက်ရာမှ ထွက်ပေါ်လာသည့် ဓာတ်အားပေးစက်ရုံများသည် လုပ်ငန်းပမာဏကြီးမားသည့်အလျောက် ကုန်ကျစရိတ်မှာလည်း မြင့်မားလှသည်။ တည်ဆောက်မှုကုန်ကျစရိတ် နှိုင်းယှဉ်ချက်အရ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ (Coal-fired Thermal Power Station) သည် အဆိုပါ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများထက် ဈေးနှုန်းသက်သာသော်လည်း ရေအားလျှပ်စစ်စက်ရုံများ ရှေ့ပိုင်းတွင် ကုန်ကျစရိတ်မြင့်မားစွာဖြင့် တည်ဆောက်ပြီးစီးသည့် နောက်ပိုင်းတွင် လည်ပတ်မောင်းနှင်ထိန်းသိမ်းမှု၊ ဓာတ်အားခ၊ ကုန်ကျစရိတ်များသည် ကျောက်မီးသွေးသုံးစက်ရုံများထက်သာမက အခြားနည်းစနစ်တစ်မျိုးမျိုးဖြင့် တည်ဆောက်သော ဓာတ်အားပေး စက်ရုံများထက် များစွာသက်သာကြောင်း နိုင်ငံတကာပညာရှင်များက သုံးသပ်ထားကြသည်။

**ဒီရေစွမ်းအင် (Tidal Energy)**

ဝေလပြည်နယ် Welsh Bay သည် ကမ္ဘာ့ဒုတိယအမြင့်မားဆုံး ဒီရေ အတက်အကျဖြစ်ပေါ်သော ဒေသဖြစ်ရာ ပုံ(၈) ဖြင့် ဖော်ပြထားသည့်အတိုင်း ဖန်တီးတည်ဆောက်ထားသော ကွန်ကရစ်နံရံပတ် ပင်လယ်ကမ်းခြေရေအိုင် (Artificial Lagoon) အား အသုံးချလျက် ဒီရေစွမ်းအင်ဖြင့် ဒေသရှိ နေအိမ် ၁၅၅၀၀၀ ကို လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်သည်။ ဝေလပြည်နယ် အနောက်ပိုင်း (West Wales) ဒေသရှိ Swansea Bay တွင် ဒီရေအတက်အကျ ၁၁ မီတာခန့်ရှိသဖြင့် ယင်းဒေသအတွက် လိုအပ်လျှပ်စစ်ကို ထုတ်လုပ်ဖြန့်ဖြူးရန် သဘာဝက အခြေအနေ ဖန်တီးပေးထားသည်။ ၂၀၁၅ ခုနှစ်တွင် ကွန်ကရစ်နံရံပတ် ပင်လယ်ကမ်းခြေ ရေအိုင်ကို ရေလှောင်ကန်ဧရိယာ ၁၁ ဒသမ ၅ စတုရန်း ကီလိုမီတာ (၂၈၄၁ ဧက) ရရှိစေရန် မြင့်မားသောကွန်ကရစ်နံရံပတ်၍ကာရံခဲ့ပြီး ယင်းနံရံတွင် ရေမြောင်း (Channel) ၁၆ ခု ထည့်သွင်းပါရှိရာ တစ်ခုလျှင် ၂၀ မဂ္ဂါဝပ်စီဖြင့် အဆိုပါ ပင်လယ်ကမ်းခြေရေအိုင်အတွင်းပိုင်း ရေမျက်နှာပြင်နိမ့်မြင့်မှတ်နှင့် ယင်း၏အပြင်ဘက် ပင်လယ်ရေမျက်နှာပြင် နိမ့်မြင့်မှတ်တို့ကို ဒီရေအတက်အကျအပေါ် မူတည်၍အလှည့်အပြောင်း ပြုလုပ်ခြင်းဖြင့် ဒီရေစွမ်းအင်အသုံးပြု လျှပ်စစ်ထုတ်ယူသည်။

**ရေအားလျှပ်စစ် နည်းစနစ်သစ်များ ထုတ်ဖော်လာမှု**

**ရေလှိုင်းစွမ်းအင် (Wave Energy)**

အခြားရေအားနည်းစနစ်တစ်မျိုးမှာ ရေလှိုင်းစွမ်းအင် (Wave Energy) ဖြစ်ရာ အမြင့်ဖိအား (High Pressure) နှင့် အနိမ့်ဖိအား (Low Pressure) တို့၏ ကွာခြားမှုမြင့်မားချက်၊ ကမ္ဘာမြေကြီးလည်ပတ်မှု (Earth's Rotation)၊ ပင်လယ်အတွင်းရေလှိုင်းပုံမှန်ရွေ့လျားလှုပ်ရှားခြင်းစသည်တို့၏ ပေါင်းစပ်ဖြစ်ထွန်းမှုဟု ဆိုရပေမည်။ ပုံ (၉) တွင် ဖော်ပြထားသည့် မျဉ်းကွေးပုံသဏ္ဌာန် အသေးစားရေလှိုင်းစွမ်းအင်စက်ရုံကို ပင်လယ်တွင် ပေါလောပေါ်နေစေရန် ချထား၍ ရေလှိုင်းဝင်ရောက်လာမှုကို ဖမ်းလျက် Hydraulic Piston မှတစ်ဆင့် လျှပ်စစ်ထုတ်ယူရရှိနိုင်သည်။ ရေလှိုင်းစွမ်းအင်ကို ကုန်းတွင်းပိုင်းမြို့ရွာများနှင့် ဝေးကွာ၍ ပင်လယ်ကမ်းရိုးတန်းနေ လူမှုအဖွဲ့အစည်းများ၏ လျှပ်စစ်နှင့်ဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်သည်။

**ပင်လယ်ရေအောက် ရေအားစက်ရုံ ဥယျာဉ်များ**

(Watermill Parks Beneath The Sea)

ပင်လယ်ရေအောက်ရေစီးကြောင်းနှင့် ဒီရေစွမ်းအား (Underwater Curr-



**ပုံ(၉)Cone-shape အသေးစားရေမျောရေလှိုင်းဓာတ်အားပေးစက်ရုံ**


ent and Tidal Power) တို့သည် နည်းပညာဖွံ့ဖြိုးတိုးတက်မှုအရ ကဏ္ဍသစ်တစ်ရပ်အဖြစ် ပေါ်ထွက်လာသည်မှာ မကြာသေးပါ။ သမားရိုးကျ ရေအားလျှပ်စစ်တမံအဆောက်အအုံများနှင့် လုံးဝကွဲပြားခြားနားသည့်အလျောက် ဤရေအားလျှပ်စစ်ထုတ်ယူမှု နည်းစနစ်နှစ်မျိုးကို သုတေသနပညာရှင်များအနေဖြင့် ပိုမိုလက်တွေ့ကျသော နည်းပညာဖန်တီးမှုများ စဉ်ဆက်မပြတ် ပြုလုပ်ရန်လိုအပ်ပါသည်။ ကမ္ဘာနှင့်အဝန်း ရေအားလျှပ်စစ်အင်ဂျင်နီယာများအနေဖြင့် ပင်လယ်ရေမျက်နှာပြင်အောက် ရေအားလျှပ်စစ်စက်ရုံများ ပင်လယ်ကြမ်းပြင်တွင် အုတ်မြစ်ချ၍ ဒီရေစွမ်းအင်ကို ဖမ်းယူထိန်းချုပ် ထုတ်ယူနိုင်ရန် ကြီးမားသောစီမံကိန်းများကို ပင်လယ်ရေအောက် ရေအားစက်ရုံဥယျာဉ်များ (Watermill Parks) အဖြစ် တည်ဆောက်အကောင်အထည်ဖော်ကြမည်ဖြစ်သည်။ ပုံ (၁၀) ဖြင့် ဖော်ပြထားပါသည်။ စီမံကိန်းဖော်ဆောင်မည့် ကုမ္ပဏီများသည် ဝေးလံခေါင်ဖျားဒေသရှိ ကျွန်းစုများနှင့် လက်ရှိဒီဇယ်ဆီ အသုံးပြုလျက်ရှိကြသော ကမ်းလွန်ကုမ္ပဏီအဖွဲ့အစည်းများသို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်ဖြစ်သည်။ ကမ္ဘာ့ပထမဦးဆုံး ရေအားတာဘိုင်စက်ကို စကော့တလန်နိုင်ငံ (Scotland) ကမ်းခြေပင်လယ်ကြမ်းပြင်တွင် ချထားနိုင်ပြီး ၂၀၂၂ ခုနှစ် တွင် ဒီရေစွမ်းအင် စက်တပ်ဆင်အင်အား ၆၄၀ မဂ္ဂါဝပ် ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။



**ပုံ(၁၀)ပင်လယ်ရေကြမ်းပြင် ဒီရေဖြင့် လည်ပတ်တာဘိုင်စက်**

**( င) အဏုမြူခေတ်သစ်ဆီသို့ ဦးတည်ခြင်း** (Towards A New Atomic Age)

စာရေးသူသည် **"နျူကလီးယားစွမ်းအင်နှင့် မြန်မာ့လျှပ်စစ်ရေ့ခရီး"** ခေါင်းစဉ်ဖြင့် ရေးသားခဲ့သော ဆောင်းပါးကိုရှေ့ပိုင်းတွင် ဖော်ပြပြီးဖြစ်ပါသည်။ သို့ဖြစ်၍ နျူကလီးယားစွမ်းအင်နှင့် ဆက်စပ်လျက် သိသင့်သိထိုက်သည်ဟု ယူဆသော မိမိ၏ တစေ့တစောင်းအမြင်ကို ၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့နှင့် ၉ ရက်နေ့များတွင် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့နှင့် နာဂါဆာကီမြို့များပေါ်သို့ ဖျက်အားပြင်းနျူကလီးယားဗုံးကြဲချမှုမှသည် ၁၉၈၆ ခုနှစ် ယူကရိန်းပြည်နယ် Chernobyl နျူကလီးယားဓာတ်အားပေးစက်ရုံ ပေါက်ကွဲမှုနှင့် ၂၀၁၀ ပြည့်နှစ် ဂျပန်နိုင်ငံ Fukushima Daiichi နျူကလီးယားစက်ရုံ ယိုစိမ့်မှုများအဆုံး ဖော်ပြခဲ့ပြီးဖြစ်သဖြင့် ယခုအသေးစိတ်ပြန်လည်တင်ပြခြင်း မပြုလိုပါ။ သို့ရာတွင် နျူကလီးယားစွမ်းအင်သည် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကဲ့သို့ လူနှင့်သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိဟုဆိုခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှု မရှိခြင်း၊ ရေအားလျှပ်စစ်စက်ရုံကြီးများကဲ့သို့ လူမှုစီးပွားဘဝ ကြီးမားစွာထိခိုက်နစ်နာမှုမရှိခြင်းတို့ စသည့် ဂုဏ်ပုဒ်များဖော်ညွှန်းလျက်ရှိကြသော်လည်း၊ မိမိနိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ နည်းပညာရပ်ပိုင်းဆိုင်ရာ ကိုင်တွယ်ဖြေရှင်းနိုင်မှု၊ ဘဏ္ဍာငွေကြေးခိုင်မာတောင့်တင်းမှု၊ အထူးသဖြင့် အန္တရာယ်ကြီးမားသော နျူကလီးယားစွန့်ပစ်ပစ္စည်း (Radio-active Nuclear Waste) ထိန်းသိမ်းဖျက်ဆီးနိုင်မှု အခြေအနေ၊ လျှပ်စစ်ထုတ်ယူရရှိ ရွေးချယ်နိုင်မှုအခွင့်အလမ်းများ ရှိ/မရှိ စသည့် အကျိုး




**ပုံ(၁၂) Olkiluoto နျူကလီးယားစက်ရုံ(ဖင်လန်) စွန့်ပစ်ပစ္စည်းသိုလှောင်မှု မြေအောက်ဥမင်လိုဏ်စနစ်ပုံ**

နှင့်အပြစ် ကွင်းဆက်များကို ခရေစေ့တွင်းကျ ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာသုံးသပ်ရန် လိုအပ်ပါသည်။ ဤဆောင်းပါးတွင် စာဖတ်သူများ ဗဟုသုတရရှိရန်အလို့ငှာ ယခင်ဆောင်းပါးတွင် အသေးစိတ်မဖော်ပြခဲ့သည်များကိုသာ အကျဉ်းချုပ်ဖော်ပြပါသည်။

**ယူရေနီယံသတ္တုအစားထိုး ဒြပ်စင်သစ်**

(A New Element To Replace Uranium)

လက်ရှိအဏုမြူစွမ်းအင်ကမ္ဘာ၏ နျူကလီးယားဓာတ်ပေါင်းဖိုများတွင် ယူရေနီယံသတ္တု အစားထိုး ဓာတ်စင်သစ်များကို ရှာဖွေသုတေသနပြုလုပ်ခဲ့ရာ Thorium ၂၃၂ ကို Uranium ၂၃၂ အဖြစ် ပြောင်းလဲနိုင်ကြောင်း တွေ့ရှိရသည်။ ကမ္ဘာ Thorium သတ္တုသိုက်သည် လေ့လာတွေ့ရှိချက်များအရ ယူရေနီယံသတ္တုသိုက်၏ သုံးဆမှ လေးဆအထိ ပိုမိုများပြားကြောင်း ဖော်ပြထားသည်။ သို့ဖြစ်၍ ကမ္ဘာ့လူသားများအား အကျိုးပြုမှုအတွက် Thorium သတ္တုသိုက်သည် အလုံအလောက်ရှိကြောင်းနှင့် နှစ်ပေါင်းထောင်ချီ၍ သုံးစွဲနိုင်ကြောင်း သုံးသပ်ကြသည်။

**အာရှတိုက်၏ နျူကလီးယားစွမ်းအင်ရည်မှန်းချက်**

(Asia's Focus On Nuclear Power)

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် Thorium သတ္တုသိုက် ဒုတိယ ပေါကြွယ်ဝဆုံးသော နိုင်ငံဖြစ်သည်။ ၁၉၉၆ ခုနှစ်မှစ၍ သုတေသနပြု နျူကလီးယား ဓာတ်ပေါင်းဖိုများသည် Thorium (Neutron Irradiation) မှ ပြောင်းလဲလာသော Uranium ၂၃၂ အဖြစ် အသုံးပြုဆောင်ရွက်လာခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံသည် ၃၀ မဂ္ဂါဝပ်ရှိ ဓာတ်ပေါင်းဖိုကို Thorium ဖြင့် လည်ပတ်၍ ၆၀ ရာခိုင်နှုန်းလျှပ်စစ်ကို ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**ရေဒီယိုသတ္တိကြွ နျူကလီးယားစွန့်ပစ်ပစ္စည်း မြေအောက်သိုလှောင်ခြင်း**

(Underground Storage Of Radio-active Wastes)

နှစ်ပေါင်း ၃၀ ခန့်အကြာ လေ့လာသုတေသနပြုမှု မှတ်တမ်းများအရ ဖင်လန်နိုင်ငံ အနောက်ပိုင်း (Western Finland) ရှိ Olkiluoto Island ကျွန်းပေါ်တွင် နျူကလီးယားဓာတ်ပေါင်းဖိုအဟောင်းနှင့် အသစ်စုစုပေါင်း သုံးခုတည်ဆောက်ထားသည်။ အဆိုပါ နျူကလီးယားဓာတ်အားပေးစက်ရုံမှ ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်းများကို မြေပြင်အောက် ၅၀၀ မီတာအနက်တွင် ကြေးနီဖြင့် ပြုလုပ်ထားသော သိုလှောင်ကုန်သေတ္တာများ (Copper Containers) အတွင်း ထည့်သွင်း၍ ရွှံ့ဖြင့် လိုင်နင်ပြုလုပ်ထားသည့် ဥမင်လိုဏ်များ (Clay-lined Tunnels) တွင် သိုလှောင်ထားသည်။ အဆိုပါဥမင်လိုဏ်သည် တည်ငြိမ်ကြံ့ခိုင်သော နှမ်းဖတ်ကျောက် (Granite) ကျောက်သားထုလွှာအတွင်း ဖောက်လုပ်ရမည်ဖြစ်သည်။ ပုံ (၁၂) ဖြင့် ဖော်ပြထားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# စွန့်လွှတ်စွန့်စားသူတို့၏ကွန်းခိုရာ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ

မြင့်စိုး(နတလ)

ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ။ စွန့်လွှတ်စွန့်စားသူတို့၏ ကွန်းခိုရာနေရာတစ်ခု။ နေပြည်တော်မှ ရန်ကုန်သို့ ပြန်သည့်အခါတိုင်း ထိုဘိုးဘွားရိပ်သာဘေးမှဖြတ်ပြီး Toll Gate သို့ သွားခဲ့သည်။ ထိုသို့သွားသည့်အခါတိုင်း ရိပ်သာဝင်ပေါက်မုခ်ဦး အနီးရှိ သံသရာငြိမ်းအေးစေတီတော်အား လှမ်း၍ဖူးတွေ့ရစမြဲ။ စိတ်ထဲမတော့ မိမိမိသားစုနှင့်အတူ ထိုရိပ်သာရှိ ဘိုးဘွားများအတွက် အလှူဒါန ပြုလုပ်ခွင့်ရလိမ့်မည်။ ထိုစေတီအား ဖူးမြော်ခွင့်ရလိမ့်မည်ဟု မှတ်ယူကြံရွယ်ခဲ့မိသည်။ သို့သော် တကယ်တမ်းလှူဖြစ်ခဲ့သည်ကတော့ ပြီးခဲ့သည့် ဇွန်လ ၆ ရက်နေ့။ ဇနီးသည်ကွယ်လွန်ခြင်း တစ်နှစ်ပြည့်အလှူပြုလုပ်သည့်နေ့ ဖြစ်သွားခဲ့ပါသည်။

**ဘိုးဘွားရိပ်သာတည်နေရာ**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြတ်မင်္ဂလာလမ်းနှင့် ရွှေကြာပင်လမ်းထောင့်တွင်တည်ရှိကာ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်က မြေသန့်မင်္ဂလာစတင်ပြုလုပ်၍ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဘိုးဘွားများ စတင်လက်ခံခဲ့သည်။ စတင်ဖွင့်လှစ်သည့်နေ့၌ပင် အဘိုး ၂၉ ဦး၊ အဘွား ခုနစ်ဦး လက်ခံနိုင်ခဲ့ကာ ယခုအခါ အဘိုး ၁၀၉ ဦး၊ အဘွား ၃၄ ဦး စုစုပေါင်း ၁၄၃ ဦးကို ပြုစုစောင့်ရှောက်လျက်ရှိသည်။ တစ်လလျှင် အဘိုးအဘွား ၂၀ ခန့် တိုးတက်ရောက် ရှိလာကြောင်း သိရသည်။

**ဘိုးဘွားရိပ်သာဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်**

နိုင်ငံတော်အတွက် နှစ်ရှည်လများ သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် စစ်သည်များနှင့် မိသားစုများ၊ ယင်းကဲ့သို့ တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများ၏ ဘဝရှေ့ရေး စိတ်အေးရစေရန်နှင့် နိုင်ငံတော်နှင့် လူမျိုးအတွက် နောက်ဆံမတင်းပဲ စွန့်စွန့်စားစား တာဝန်ထမ်းဆောင်မည့် သူများ တိုးပွားလာစေရန်ဖြစ်သည်။

**ဆောက်လုပ်ပြီးအဆောက်အအုံများ**

ဆောက်လုပ်ခွင့်ပြုခဲ့သော မြေအကျယ်အဝန်းပေါ်တွင် သံသရာငြိမ်းအေး စေတီတော်မြတ်တစ်ဆူ၊ ဓမ္မာရုံကြီးတစ်ခု၊ အဘိုးများအတွက် အဆောင်ကိုးဆောင်၊ အဘွားများအတွက် အဆောင်ခြောက်ဆောင်၊ အဘိုးအဘွား စုံတွဲအဆောင် (၂) ဆောင်၊ စွန့်လွှတ်သူမိသားစုများအတွက် လေးခန်းတွဲ သုံးထပ်တိုက် ခြောက်လုံး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီရုံး တစ်ရုံး၊ အုပ်ချုပ်ရေးမှူးရုံး တစ်ရုံး၊ စားရိပ်သာတစ်ခု၊ အပန်းဖြေရိပ်သာ တစ်ခု၊ လျှော်ဖွပ်ဆောင် တစ်ဆောင်၊ ဆေးခန်းတစ်ခု၊ စတိုတစ်လုံး၊ ပျိုးဥယျာဉ်တစ်ခု၊ ရေစက်နှင့် ရေသိုလှောင်ကန်များ စသည်တို့ကို စနစ်တကျ အကွက်အကွင်းကျကျ ဆောက်လုပ်ထားပြီး ဆက်လက်၍လည်း ဆေးရုံတစ်ရုံနှင့် ဝန်ထမ်းအိမ်ရာများကို တိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်သည်။

**ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးဗဟိုအဖွဲ့**

ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးဗဟိုအဖွဲ့တွင် နာယကများအဖြစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း/ရေ/လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ စစ်ရေးချုပ်နှင့် စစ်ထောက်ချုပ်တို့က တာဝန်ယူဆောင်ရွက်လျက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဥက္ကဋ္ဌ၊ ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ် တာဝန်ယူထားကြပြီး အဖွဲ့ဝင် ခြောက်ဦး ပါဝင်ဖွဲ့စည်းထားသည်။

**ဗဟိုအလုပ်အမှုဆောင် ကော်မတီ**

ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)၊ ဗိုလ်ချုပ်သိန်းထွန်း(ငြိမ်း)၊ ဗိုလ်မှူးကြီးသိန်းညွှန့်(ငြိမ်း)တို့က ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း တာဝန်ယူခဲ့ကြပြီး အဖွဲ့ဝင် ၁၀ ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး တစ်ဦး စုစုပေါင်း ၁၆ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

**အကျုံးဝင်သော အဘိုးအဘွားများ**

ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတွင် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီသည့် ဘိုးဘွားများနှင့် စစ်သည်မိသားစုများ၊ ဝန်ထမ်းမိသားစုများအား လက်ခံပြုစုစောင့်ရှောက်လျက်ရှိသည်။

(က) တပ်မတော်တွင်နှစ်ရှည်လများ သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ကျော် အငြိမ်းစား စစ်သည်တော်ကြီးများ၊

(ခ) ပင်စင်ခံစားလျက်ရှိသည့် စစ်သည်များ၏ အသက်(၆၀)ကျော် တရားဝင်ဇနီးများ၊

(ဂ) ကျဆုံးစစ်သည်များ၏ဇနီးများနှင့် ၎င်းတို့၏မိသားစုဝင် လူမမယ်ကလေးများ၊

(ဃ) စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မသန်စွမ်းစစ်သည်များ၊ ၎င်းတို့၏ ဇနီးများနှင့် မိသားစုဝင် လူမမယ်ကလေးများ၊

(င) တပ်မတော်နှင့်အတူလက်တွဲ၍ တာဝန်ထမ်းဆောင်ခဲ့ကြသည့် စစ်မှုထမ်းမဟုတ်သော ပြည်သူ့စစ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အပါအဝင် တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ နိုင်ငံသူနိုင်ငံသားများကိုလည်း လက်ခံစောင့်ရှောက်လျက်ရှိသည်။

လက်ခံမည့်သူများကို ကရုဏာကမ္ဘာဘိုးဘွားရိပ်သာမှ စိစစ်လက်ခံ၍ စစ်ရေးချုပ်ရုံးမှလည်း အတည်ပြု စိစစ်လက်ခံပေးခဲ့သည်။ တိုးချဲ့အဆောင်များ မဆောက်လုပ်မီ လက်ရှိဘိုးဘွားဆောင်များ၊ ဝန်ထမ်းအိမ်ရာများတွင် အဘိုး ၁၈၀၊ အဘွား ၁၂၀၊ ဘိုးဘွားစုံတွဲ ၅၆ ဦး၊ စွန့်လွှတ်သူမိသားစုများ ၇၂ စုတို့ကို လတ်တလော လက်ခံစောင့်ရှောက်နိုင်ကြောင်းလည်း သိရသည်။

**ဘိုးဘွားများအတွက် အစီအစဉ်**

နေ့စဉ် ညစဉ် ဝတ်ရွတ်ခြင်းနှင့် ဘုရားရှိခိုးခြင်း၊ တရားဓမ္မများနာယူခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်း၊ သံသရာငြိမ်းအေးစေတီနှင့် ပြင်ပရှိ ဘုရားပုထိုးများကို ဖူးမြော်စေခြင်း၊ ဘာသာရေးအခမ်းအနားများ တက်ရောက်စေခြင်း၊ နေ့စဉ် ကျွေးမွေးပြုစုခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လျှော်ဖွတ်သန့်စင်မှုများ ဆောင်ရွက်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှုများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးကိုမထိခိုက်စေသော နေရာဒေသများသို့ အခါအားလျော်စွာ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်း၊ မိမိတို့၏ ဆွေမျိုးသားသမီးများနှင့် ပြန်လည်တွေ့ဆုံခွင့်ရစေရန် တစ်နှစ်တစ်ခါ ခွင့်ပြန်သည့်အစီအစဉ်များ ပြုလုပ်ပေးခြင်းတို့ဖြစ်သည်။

**အထွေထွေစည်းကမ်းများ**

ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတွင် တာဝန်ရှိသူများက ကျွေးမွေးရေးဆပ်ကော်မတီ၊ ပြုစုစောင့်ရှောက်ရေးဆပ်ကော်မတီ၊ စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ လူမှုရေးဆပ်ကော်မတီ၊ ဝန်ထမ်းရေးရာဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ စိမ်းလန်းစိုပြည်သာယာလှပရေးဆပ်ကော်မတီ၊ ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ စသည်ဖြင့် ဆပ်ကော်မတီအသီးသီးကို ဖွဲ့စည်းစောင့်ရှောက်နေသကဲ့သို့ ဘိုးဘွားများနှင့် စွန့်လွှတ်သူမိသားစုများက လိုက်နာရမည့်စည်းကမ်းများ၊ ဝန်ထမ်းများလိုက်နာရန်စည်းကမ်းများ၊ ချက်ပြုတ်ရေးဝန်ထမ်းများ လိုက်နာရန်စည်းကမ်းများ၊ စားရိပ်သာ စည်းကမ်းများ၊ အိပ်ဆောင်နေဝန်ထမ်းများအတွက် စည်းကမ်းများကို စနစ်တကျ ရေးဆွဲထုတ်ပြန်ထားသည်။

**အလှူဒါနပြုကြသူငှာ ဘိုးဘွားရိပ်သာမှာ**

စွန့်လွှတ်စွန့်စားသူတို့၏ကွန်းခိုရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတွင် နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဘိုးဘွားများ၊ စွန့်လွှတ်စွန့်စားသူ မိသားစုဝင်များ၊ နိုင်ငံ့ဝန်ထမ်းထဲမှ အကြုံးဝင်သူ သက်ကြီးရွယ်အိုများ စသည့်ပုဂ္ဂိုလ်များအတွက် တစ်နေ့တာ အာဟာရများကို မိမိတို့၏မွေးနေ့၊ အမှတ်တရနေ့များ၌ လာရောက်လှူဒါန်း ကျွေးမွေးနိုင်ကြပါသည်။ တစ်နေ့တာ (နံနက်စာ၊ နေ့လယ်စာ၊ ညစာ)အတွက် အလှူငွေ ကျပ်ငါးသိန်း၊ တစ်နပ်စာအတွက် ကျပ်နှစ်သိန်းငါးသောင်း သတ်မှတ်ထားပြီး သက်ဆိုင်ရာဖုန်းနံပါတ်များဖြစ်သော ၀၆၇-၈၁၀၂၈၈၈၊ ၀၉-၂၁၃၃၁၄၂၊ ၀၉-၉၇၄၃၀၆၀၅၃၊ ဖက်စ် ၀၆၇-၈၁၀၂၅၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ရင်း ခြေလက်အင်္ဂါ စွန့်လွှတ်ခဲ့ရသူများ၊ မျက်စိကွယ်နေသူများ အပါအဝင် စောင့်ရှောက်မှုလိုအပ်နေသော သက်ကြီးရွယ်အိုဘိုးဘွားများ၊ တိုက်ပွဲကျ စစ်သည်မိသားစုများအနေဖြင့် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတွင် နှလုံး စိတ်ဝမ်းချမ်းမြေ့စွာ ကွန်းခိုနိုင်ရေးအတွက် မိမိတို့၏ မေတ္တာစေတနာများဝန်းရံလျက် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီ စောင့်ရှောက်နိုင်ကြပါစေကြောင်း စေတနာရှေ့ထား၍ တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။



သံသရာငြိမ်းအေး စေတီတော်မြတ်



ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ အဝင်မုခ်ဦး

**တပ်မတော်နှင့်အတူလက်တွဲ၍ တာဝန်ထမ်းဆောင်ခဲ့ကြသည့် စစ်မှုထမ်းမဟုတ်သော ပြည်သူ့စစ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အပါအဝင် တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ နိုင်ငံသူနိုင်ငံသားများကိုလည်း လက်ခံစောင့်ရှောက်လျက်ရှိသည်။ လက်ခံမည့်သူများကို ကရုဏာကမ္ဘာဘိုးဘွားရိပ်သာမှ စိစစ်လက်ခံ၍ စစ်ရေးချုပ်ရုံးမှလည်း အတည်ပြု စိစစ်လက်ခံပေးခဲ့သည်။ တိုးချဲ့အဆောင်များ မဆောက်လုပ်မီ လက်ရှိဘိုးဘွားဆောင်များ၊ ဝန်ထမ်းအိမ်ရာများတွင် အဘိုး ၁၈၀၊ အဘွား ၁၂၀၊ ဘိုးဘွားစုံတွဲ ၅၆ ဦး၊ စွန့်လွှတ်သူမိသားစုများ ၇၂ စုတို့ကို လတ်တလော လက်ခံစောင့်ရှောက်နိုင်ကြောင်းလည်း သိရသည်။**

## သာစည်မြို့နယ်မှ မိုးစပါး ဧက ၅၂၀၀ ကျော်အတွက် စိုက်ပျိုးရေ အခက်အခဲ ကြုံတွေ့နေ

**သာစည် ဩဂုတ် ၂၂**

သာစည်မြို့နယ်အတွင်းရှိ ညောင်ရမ်း-မင်းလှကန်တွင် စိုက်ပျိုးရေလုံလောက်စွာမရှိသဖြင့် ညောင်ရမ်းတိုက်နယ်အတွင်းမှ ကျေးရွာများတွင် စိုက်ပျိုးမည့် မိုးစပါး ဧက ၅၂၀၀ ကျော်အတွက် စိုက်ပျိုးရေအခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။ ညောင်ရမ်း-မင်းလှကန်၏ နံပါတ်(၄)ရေသောက်မြောင်းမှရေကို ရယူစိုက်ပျိုးနေသော ကျေးရွာများဖြစ်သည့် နွားထိုး၊ ဥသျှစ်ကုန်း၊ ကွမ်းခြံတော၊ အင်းကုန်းနှင့် ကန့်ဖြူစသည့် ညောင်ရမ်းတိုက်နယ်အတွင်း ကျေးရွာများမှ တောင်သူများ စိုက်ပျိုးရေ အခက်အခဲနှင့် ကြုံတွေ့နေကြရခြင်းဖြစ်သည်။

"ကျွန်တော်က ဥသျှစ်ကုန်းကျေးရွာကပါ။ ယခုနှစ် မိုးဦးမှာ မုန်တိုင်းမိုးကြောင့် ပျိုးထောင်ရေရခဲ့ပါတယ်။ အခု ပျိုးပင်တွေက စိုက်ရမယ့်အချိန်ရောက်နေပေမယ့် ညောင်ရမ်း-မင်းလှကန်မှာ ရေမရှိတော့ အခုထိ မစိုက်ရသေးပါဘူး။ ကျွန်တော်တို့မှာ စိုက်ပျိုးရေအခက်အခဲဖြစ်နေပါတယ်။ ကန်မှာရေမရှိတော့ မိုးရွာမယ့်ရက်ကိုပဲ မျှော်နေကြရပါတယ်"ဟု ညောင်ရမ်းတိုက်နယ် ဥသျှစ်ကုန်းကျေးရွာမှ တောင်သူဦးကျော်ဆွေက ပြောသည်။

သာစည်မြို့နယ်၌ ၂၀၁၇-၂၀၁၈ မိုးစပါးစိုက်ရာသီအတွင်း ကန်ရေဆည်ရေတို့ဖြင့် မိုးစပါး ၂၆၄၄၃ ဧကနှင့် မိုးရေဖြင့် ၂၂၁၂၇ ဧကတို့ကို စိုက်ပျိုးသွားရန် လျာထားလျက်ရှိရာ ညောင်ရမ်းတိုက်နယ်အနေဖြင့် ညောင်ရမ်း-မင်းလှကန်မှ ရေဖြင့် ဧက ၅၂၄၀ ကို စိုက်ပျိုးကြမည်ဖြစ်သည်။ သို့ရာတွင် လက်ရှိအချိန်၌ ညောင်ရမ်းကန်တွင် ရေမရှိသဖြင့် ကန်ရေသောက်စိုက်ပျိုးကြရမည့် တောင်သူများ အခက်တွေ့နေကြခြင်းဖြစ်ကာ မြို့နယ်အတွက် လျာထားသော မိုးစပါးသတ်မှတ်ဧကကို ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ညောင်ရမ်း-မင်းလှကန်မှတစ်ဆင့် တောင်သူများအား စိုက်ပျိုးရေ အလုံအလောက်ပေးနိုင်အောင် သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်းလည်း ဒေသခံတောင်သူများက ပြောဆိုလျက်ရှိသည်။

မောင်ကို(သာစည်)

# ရေစကြိုမြို့နယ်တွင် ကြက်သွန်နီအထွက်နည်းခဲ့၍ ဈေးနှုန်းမြင့်တက်လျက်ရှိ

**ရေစကြို ဩဂုတ် ၂၂**
ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ကြက်သွန်နီအထွက်နည်းခဲ့၍ လက်ရှိအချိန်တွင် ဒေသထွက် ကြက်သွန်နီအဟောင်းများ ဈေးမြင့်တက်လျက်ရှိကြောင်းနှင့် ဒေသထွက်ကြက်သွန်နီများ ဈေးမြင့်နေမှုကြောင့် တရုတ်ကြက်သွန်နီများလည်း ဝင်ရောက်လာလျက်ရှိကြောင်း သိရသည်။

ရေစကြိုမြို့နယ်၌ ယခုနှစ်အတွင်းတွင် ကြက်သွန်စိုက်ပျိုးချိန်က မိုးရွာသွန်းခဲ့သဖြင့် ကြက်သွန်နီစိုက်ခင်းများတွင် မိုးရေဝပ်ကာ ပျက်စီးဆုံးရှုံးမှုများ ကြုံခဲ့ရသလို တောင်သူများကလည်း ကြက်သွန်နီစိုက်ပျိုးမှုနည်းခဲ့၍ ဒေသတွင်း ကြက်သွန်နီအထွက်နှုန်းလျော့နည်းကာ ကြက်သွန်နီဈေးမြင့်တက်နေခြင်းဖြစ်သည်။

“အရင်နှစ်ကအရှုံးပေါ်တော့ ဒီနှစ် ကြက်သွန်နီသိပ်မစိုက်ကြဘူး။ စိုက်တဲ့အခင်းကျတော့လည်း ဖြိုလထဲတုန်းက မိုးရွာတော့ ကြက်သွန်နီတွေ ရေနာကုန်တာနဲ့ အထွက်နှုန်းမကောင်းကြဘူး။ ပွဲရုံကိုဝင်လာတဲ့ မိုးစိုကြက်သွန်တွေကိုလည်း ဦးတို့က ပွဲရုံမှာ လှောင်မထားဘူး။ အမြန်ရောင်းပစ်လိုက်ကြတယ်။ ရေစို ကြက်သွန်နီတွေဆိုတော့ တောင်သူကလည်း လှောင်မထားဘူး။ ပွဲရုံကို အမြန်လာရောင်းကြတာပဲ။ အဲဒီတော့ လှောင်ထားတဲ့ပစ္စည်း လက်ကျန်မရှိဘူး။ နှစ်တိုင်း ဒီအချိန်က ဈေးတက်လေ့မရှိဘူး။ မနှစ်က ဒီအချိန်မှာ ကြက်သွန်နီတစ်ပိဿာ ကျပ် ၇၀၀ လောက်ပဲ ဈေးရှိတယ်။ ဒီနှစ်မှာတော့ အခုလောလောဆယ် လက်ကားဈေး ကျပ် ၁၃၀၀ ကနေ ၁၅၀၀အတွင်း ရှိတယ်။ ပုံမှန်က ၉လပိုင်းလောက်မှ ဈေးတက်နေကြ။ ၂၀၁၅ ခုနှစ်တုန်းကတော့ တစ်ပိဿာ နှစ်ထောင်ကျော်အထိ ဈေးတက်ဖူးတယ်”ဟု ရေစကြိုမြို့မှ ကြက်သွန်နီပွဲရုံပိုင်ရှင်တစ်ဦးဖြစ်သူ ဦးစန်းယုက ပြောသည်။

ရေစကြိုမြို့ရှိ ဈေးကြီးဈေးလေးများတွင် ဒေသထွက် မြန်မာကြက်သွန်နီဈေးမှာ တစ်ပိဿာလျှင် လက်လီဈေး ကျပ်နှစ်ထောင် အထိမြင့်ကာ ရောင်းချကြလျက်ရှိကြောင်း သိရသည်။ ကြက်သွန်နီဈေးမြင့်နေမှုကြောင့် ပခုက္ကူနှင့် မန္တလေးဘက်တို့မှ တစ်ဆင့် တရုတ်ကြက်သွန်နီဥကြီးများလည်း ဝင်ရောက်လာလျက်ရှိသည်။ တရုတ်ကြက်သွန်နီများမှာ ဒေသထွက်ကြက်သွန်နီများထက် ဈေးနှုန်းချိုသာသော်လည်း ဝယ်ယူစားသုံးသူ နည်းပါးပြီး ရောင်းချသူများအတွက်လည်း ကြာရှည်အထားမခံသောကြောင့် တရုတ်ကြက်သွန်နီရောင်းချသူများမှာ အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

တရုတ်ကြက်သွန်တွေဝင်လာလို့ မြန်မာကြက်သွန် ဈေးကွက်ပျက်တယ်။ မြန်မာကြက်သွန်နီဈေးကတော့ ၁၀ လပိုင်းလောက်မှာ ဒီထက်ပိုတက်မယ်လို့ ခန့်မှန်းတယ်။ ကြက်သွန်နီကလည်း လှောင်ထားတဲ့လက်ကျန် မရှိကြတော့ဘူး။ အသစ်လည်း မထွက်သေးဘူး။ ၁၀ လပိုင်းလောက်ဆိုရင် ပစ္စည်းအတော်ရှားတော့ ဈေးထပ်တက်အုံးမယ်ထင်တယ်”ဟု ကြက်သွန်နီပွဲရုံပိုင်ရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။ **အိမွန်ဆွေ(ရေစကြို)**



# ကရင်ရိုးရာအမွေအနှစ် ဒုံးအကဖြစ်ပေါ်လာရေး ညှိနှိုင်းဆွေးနွေးပြီး လေ့ကျင့်သင်ကြားပေး

**ဖာပွန် ဩဂုတ် ၂၂**
ကရင်ပြည်နယ် ဖာပွန်မြို့နယ်၌ ကရင်ရိုးရာအမွေအနှစ် ဒုံးအကဖြစ်ပေါ်လာရေး ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၀ရက်က အမှတ်(၂)ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်းပညာရတနာခန်းမ၌ ကျင်းပခဲ့ပြီး ဒေသခံကရင်တိုင်းရင်းသား ကလေးငယ်များကိုလည်း ဒုံးအကများ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ ဆရာမ ဒေါ်စန်းစန်းအေးက ဒုံးအကလေ့ကျင့်သင်ကြားပေးခြင်း ရည်ရွယ်ချက်နှင့် ကရင်ရိုးရာ ဒုံးအက မပျောက်ပျက်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်သောအနေဖြင့် သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ဖာပွန်မြို့နယ်အနေနှင့်လည်း ဒုံးအဖွဲ့တစ်ဖွဲ့ရှိသင့်ကြောင်း ရှင်းလင်းပြောကြားပြီး ဖာပွန်မြို့ ရပ်မိရပ်ဖများနှင့် ဒေသခံကရင်တိုင်းရင်းသားများက ပြန်လည်အကြံပြုညှိနှိုင်းဆွေးနွေးကြသည်။



ထို့နောက် ဒုံးအကသင်တန်းကို ဒေသခံကရင်တိုင်းရင်းသား ကလေးငယ် ၃၀ ဖြင့် စတင်ဖွင့်လှစ်ပြီး လေ့ကျင့်ရေးဆရာ စောထွန်းအေးက သင်ကြားပို့ချခဲ့သည်။

သင်တန်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်းဖွင့်လှစ်ပြီး ဒုံးအကကို ဟိလားအောကုံ ဖာပုံဒုံ (ကရင်လူမျိုး တစ်စုတစ်တည်းရှိတဲ့ ဖာပွန်မြို့)သီချင်းခေါင်းစဉ်ဖြင့် သရုပ်ပြလေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**အောင်မျိုးလွင်(ပြန်/ဆက်)**

# ရေးမြို့နယ် ပြည်သူ့ဆေးရုံတွင် ခွဲစိတ်လူနာများအတွက် မေ့ဆေးဆရာဝန် လိုအပ်နေဟုဆို

**ရေး ဩဂုတ် ၂၂**
မွန်ပြည်နယ် ရေးမြို့နယ် ပြည်သူ့ဆေးရုံ ခုတင် ၁၀၀ ဆံ့ ဆေးရုံ၌ ခွဲစိတ်မည့် လူနာများအတွက် ခွဲစိတ်ခန်းအတွင်း ဦးဆောင်မည့် မေ့ဆေးဆရာဝန်တစ်ဦး လိုအပ်နေကြောင်း သိရသည်။

ရေးပြည်သူ့ဆေးရုံ၌ မေ့ဆေးဆရာဝန်မရှိသည်မှာ လေးလခန့် ရှိနေပြီး ခွဲစိတ်မည့်လူနာများ အရေးပေါ်ဖြစ်လာပါက မေ့ဆေးဆရာဝန်မရှိသည့်အတွက် ခွဲစိတ်ဆရာဝန်ကြီးများ ခွဲစိတ်ရာတွင် အခက်အခဲရှိမှုကြောင့် မော်လမြိုင်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးအပ်ရခြင်းများရှိကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောသည်။



ရေးပြည်သူ့ဆေးရုံသည် ယခင်က ခုတင် ၅၀ ဆံ့ဆေးရုံမှ ယခု ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ အဆင့်မြှင့်တင်လိုက်ပြီးနောက်ပိုင်း ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ယခင်ထက် ပိုမိုကောင်းမွန်လာခဲ့ကြောင်း မြို့ခံများက သုံးသပ်ထားသည်။

ယခုလက်ရှိ ခွဲစိတ်လူနာနှင့် ဆက်စပ်နေသော ရောဂါများထဲမှ အထွေထွေခွဲစိတ်ဆရာဝန်ကြီးတစ်ဦး၊ သားဖွားနှင့် မီးယပ်ခွဲစိတ်ဆရာဝန်ကြီး တစ်ဦးနှင့် အရိုးအကြောခွဲစိတ်ဆရာဝန် တစ်ဦးတို့က ခွဲစိတ်လူနာများအတွက် ကုသပေးလျက်ရှိကြောင်း သိရသည်။

ယခင်ကထက် အခုနောက်ပိုင်း ရေးပြည်သူ့ဆေးရုံတွင်သာ ပိုမိုအားကိုး ကုသသူ များပြားလျက်ရှိကာ အစိုးရအနေဖြင့်လည်း ယခင်ကထက် ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုလုပ်ဆောင်လာခဲ့ကြောင်း သိရသည်။ **နေမျိုးထွဋ် (ရေး)**

# အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ် အသိပညာပေး

**နေပြည်တော် ဩဂုတ် ၂၂**
မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ် ကျော်သက် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၀ ရက်နံနက်က ထီးလင်းမြို့ အမှတ်(၂)ရပ်ကွက်ရှိ ပြည်သူများအား မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေးများကို အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်ဖြင့် လိုက်လံအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

အလားတူ ရေမျက်နီရဲကင်းစခန်းမှ ဒုရဲအုပ် စောမင်းထွန်းဦးစီးသည့် တပ်ဖွဲ့ဝင်များသည် စင်းဇယ်ကျေးရွာရှိ ပြည်သူများအား မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေးတို့အား အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်ဖြင့် လိုက်လံအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။
**ကိုရဲ**

# လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းသင်တန်းဖွင့်

**ဗန်းမော် ဩဂုတ် ၂၂**
ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ ကျေးရွာများတွင် လယ်ယာသုံးစက်ကိရိယာများ ကိုင်ကွယ်မောင်းနှင်နေသာ တောင်သူလယ်သမားများအနေဖြင့် လယ်ယာလုပ်ငန်းခွင်တွင် အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းကို ဩဂုတ် ၂၀ ရက်က ဗန်းမော်မြို့ရှိ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉၀)စက်မှုလယ်ယာစခန်း၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဗန်းမော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးထွေးမြင့်က အမှာစကားပြောကြားပြီး ဗန်းမော်ခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်မင်းအောင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်နှင့် သင်တန်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းတွင် ဗန်းမော်ခရိုင်အတွင်းရှိ ကျေးရွာများမှ တောင်သူလယ်သမား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ နှစ်ပတ်ကြာမြင့်ကာ နည်းပြ ငါးဦးက စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေး

**နွားထိုးကြီး ဩဂုတ် ၂၂**
နွားထိုးကြီးမြို့နယ် ထန်းဇင်တောင်ကျေးရွာ၌ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောပွဲကို ကျေးရွာ ဆယ်လ်မားအူးအွန်ဒုန် စီမံကိန်းနှင့် မြို့နယ်လျှပ်စစ်တို့ပူးပေါင်း၍ ဩဂုတ်ဒုတိယပတ်အတွင်းက ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဆန်းတိုးက လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအချက် ခုနစ်ချက်ကို အသေးစိတ် ရှင်းလင်းဟောပြောပြီး ကျေးရွာနေပြည်သူများ လျှပ်စစ်သုံးစွဲရာတွင် အရည်သွေးကောင်းဝိုင်ယာကြိုးများကိုသာ သုံးစွဲရန်၊ ဆင့်ပွားသွယ်တန်း၍ မီးမပေးရန်၊ မီးခလုတ်၊ ပလပ်ကြိုးခေါင်းများပျက်လျှင် ကျွမ်းကျင်သူများဖြင့်သာ ပြင်ဆင်ရန်၊ Braker များ တပ်ဆင်သုံးစွဲရန်နှင့် ကျေးရွာမီးလင်းရေးကော်မတီအနေဖြင့်လည်း ပုံမှန်ထိန်းသိမ်းရေးလုပ်ရာတွင် ၄၀၀ ဗို့ခာတ်အားလိုင်းကြိုး နိမ့်ကျခြင်း၊ သစ်ပင်သစ်ကိုင်းများနှင့် ထိနေခြင်းများကို တွေ့ရှိပါက မြို့နယ်လျှပ်စစ်မန်နေဂျာရုံးသို့ အကြောင်းကြားပြီးမှ ပြုပြင်ရန်၊ လျှပ်စစ်ဝန်ထမ်းများမှလွဲပြီး မည်သူမျှ ဓာတ်တိုင်ပေါ်မတက်ရန် စသည်တို့ကို ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ကျေးရွာနေပြည်သူ ၁၀၀ ကျော် တက်ရောက်ခဲ့ပြီး ဟောပြောပွဲအပြီးတွင် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးက ကျေးရွာနေပြည်သူများအား လျှပ်စစ်အန္တရာယ်အကြောင်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**ခင်ဇာမွန်မြင့်(ဥပဒေ)**

# ရခိုင်ပြည်နယ်မှ ကလေးများကို အထူးအလေးထားပြီး ပိုလီယိုကာကွယ်ဆေး ဘာကြောင့်တိုက်ပေး၊ ထိုးပေးနေရတာလဲ

**တွေ့ဆုံမေးမြန်း စုစည်းတင်ပြသူ - လေးဝတီထွန်းစောခိုင်**

ပိုလီယိုရောဂါသည် ဗိုင်းရပ်စ်ပိုးကူးစက်ခံရခြင်းကြောင့်ဖြစ်ပြီး အလွန်ကူးစက်ပျံ့နှံ့လွယ်ကြောင်း သိရသည်။ ပိုလီယိုရောဂါပိုးရှိသူ၏ မစင်မှတစ်ဆင့် အခြားလူများသို့ ရေနှင့် အစားအစာများကို အကြောင်းပြုပြီး ကူးစက်တတ်သည်။ ပိုလီယို အကြောသေရောဂါပိုးကြောင့် ပိုလီယိုအကြောသေ ကလေးလူနာတစ်ဦး ဖြစ်ပွားလျှင် ၎င်းကလေး၏ပတ်ဝန်းကျင်တွင် နေထိုင်သော ကလေးငယ် ၂၀၀ မှ ၁၀၀၀ အထိ ရောဂါလက္ခဏာမပြဘဲ ပိုလီယိုရောဂါပိုး ကူးစက်ခံရနေပြီဖြစ်သည်။ ပိုလီယိုရောဂါဖြစ်ပွားပါက အလွန်ပြင်းထန်လျှင် အသက်သေဆုံးသည်အထိ ဖြစ်တတ်ပြီး မပြင်းထန်ပါကလည်း အကြောသေသွားကာ လူ့ဘဝတစ်လျှောက်လုံး လူလုံးမလုဒုက္ခိတအဖြစ်သို့ ရောက်သွားစေသည်။ ပိုလီယိုဗိုင်းရပ်ကြောင့် အကြောသေခြင်းကို ကုသရန် နည်းလမ်းမရှိဘဲ ကာကွယ်ဆေးများဖြင့်သာ ကာကွယ်ပေးနိုင်ကြောင်း လေ့လာသိရှိရသည်။ သို့အတွက်ကြောင့် ပိုလီယိုရောဂါဆိုးကြီးကို ကမ္ဘာကြီးမှ လုံးဝကင်းစင်သွားအောင် ကမ္ဘာ့နိုင်ငံအသီးသီးက ဆောင်ရွက်နေကြသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့်လည်း ပိုလီယိုလုံးဝပပျောက်ရေးလုပ်ငန်း မဟာဗျူဟာစီမံကိန်း(၂၀၁၃ မှ ၂၀၁၈) (Polio Eradication End Game Strategic Plan 2013-2018)ကို ရေးဆွဲပြီး ရည်မှန်းချက်လေးရပ်ချမှတ်ကာ ဆောင်ရွက်နေကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အစိုးရနှင့် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့နှင့် ပူးပေါင်းကာ ရခိုင်ပြည်နယ်ရှိ မွေးစမှ အသက်ငါးနှစ်အောက် ကလေးပေါင်း ၃၄၀၀၀၀ ကျော်ကို ပိုလီယိုကာကွယ်ဆေး ပထမအကြိမ်အဖြစ် ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ ဆေးတိုက်ရက်သတ်မှတ်ကာ တိုက်ကျွေးပေးခဲ့ပြီးဖြစ်သည်။ ဩဂုတ် ၂၁ ရက် မှ ၂၅ ရက်တို့တွင် ဒုတိယအကြိမ်အဖြစ် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေးမည်ဖြစ်ကြောင်း သိရှိရပြီး ပိုလီယိုကာကွယ်ဆေးထိုးဆေးကိုပါ တွဲပြီး ထိုးပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ မြန်မာတစ်နိုင်ငံလုံးရှိ မွေးစမှ အသက်ငါးနှစ်အောက် ကလေးများထဲမှ ရခိုင်ပြည်နယ်ရှိ ကလေးများကို အထူးအလေးထားပြီး ကာကွယ်ဆေးတိုက်နေ့များ သတ်မှတ်ကာ ဘာကြောင့် ဆေးတိုက်ပေး၊ ထိုးပေးနေရတာလဲဟု လူထုက စိတ်ဝင်စားနေကြသည်။ ပြည်သူတို့သိရှိစေလိုသော အကြောင်းအချက်များကို ပွင့်လင်းမြင်သာစွာ တင်ပြပေးနိုင်ရေးအတွက် ၎င်းလုပ်ငန်းတွင် ရခိုင်ပြည်နယ်မှ တာဝန်အရှိဆုံးဖြစ်သော ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်အား တွေ့ဆုံမေးမြန်းပြီး စုစည်းတင်ပြလိုက်ရပါသည်။



ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကြည်လွင်

**မေး။** မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ကလေးတွေထက် ရခိုင်ပြည်နယ်မှာရှိတဲ့ မွေးစမှ အသက်ငါးနှစ်အောက်ကလေးတွေကို အထူးအလေးထားပြီး ပိုလီယိုကာကွယ်ဆေး ဘာကြောင့်တိုက်နေရတာပါလဲ။

**ဖြေ။** ပိုလီယိုရောဂါဟာ ယခင်တုန်းက တော်တော်အဖြစ်များခဲ့ပါတယ်။ ကလေး ၂၀၀ မှာ တစ်ယောက်နှုန်းအထိဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ငယ်ငယ်ကဆို သူငယ်ချင်းတွေမှာလည်း ဖြစ်တာ တွေ့ခဲ့ဖူးပါတယ်။ နောက်ပိုင်းမှာ ပိုလီယိုကာကွယ်ဆေးတွေတိုက်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးက ဝိုင်းဝန်းတိုက်ဖျက်လာကြတော့ တဖြည်းဖြည်းနဲ့ ရောဂါဖြစ်နှုန်း ကျဆင်းလာတာ တွေ့ရပါတယ်။ ပိုလီယိုရောဂါက ကာကွယ်ဆေးနဲ့သာ တားဆီးလို့ရတဲ့ရောဂါပါ။ မြန်မာနိုင်ငံအနေနဲ့လည်း ၂၀၁၅ ခုနှစ် မတ် ၂၇ ရက်မှာ ပိုလီယိုကင်းစင်ကြောင်း ကမ္ဘာကိုကြေညာနိုင်ခဲ့ပါပြီ။ ကမ္ဘာကိုကြေညာပြီးတော့ များမကြာမီ ၂၀၁၅ ခုနှစ် ဧပြီလနဲ့ အောက်တိုဘာလတွင်းမှာ ကျွန်တော်တို့ရဲ့ရခိုင်ပြည်နယ် မောင်တောဒေသအတွင်းမှာ အသွင်ပြောင်းပိုလီယိုရောဂါပိုး (Vaccine Drived Polio Virus-VDPV Type II)ကို တွေ့ရှိခဲ့ရပါတယ်။ ဆိုတော့ ပိုလီယိုမကင်းစင် ဖြစ်သွားတာပေါ့။ ဒါကြောင့် ဒီနှစ်တွေမှာလည်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အမျိုးသားကာကွယ်ဆေးတိုက်နေ့တွေ၊ ရခိုင်ပြည်နယ်အတွက်ဆို ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့တွေ၊ ကောက်သင်းကောက် ပိုလီယိုကာကွယ် ဆေးလုပ်ငန်းတွေဆိုပြီးတော့ အခုလိုပဲ အုပ်စုလိုက်ကာကွယ်ဆေးတိုက်ပေးတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့လ ၂၁ ရက်မှ ၂၅ ရက်အထိတိုင်အောင် ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့ပါပြီ။ အခုလာမယ့် ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိမှာလည်း မွေးစမှ အသက်ငါးနှစ်အောက်ကလေးတွေကို ပိုလီယိုကာကွယ်ဆေးတိုက်ပေးမှာပါ။ ဆေးတိုက်တဲ့အခါမှာလည်း ပိုလီယိုကာကွယ်ဆေးထိုးဆေးကိုပါ ထိုးပေးသွားမှာပါ။ ရခိုင်ပြည်နယ် ပိုလီယိုရောဂါဖြစ်စဉ်နဲ့ကြည့်ရင် မြန်မာနိုင်ငံမှာ ဂရုစိုက်ရမယ့်ဒေသဖြစ်နေလို့ အခုလို ဆောင်ရွက်ပေးရတာပါ။ တစ်ဖက်မှာလည်း ၂၀၁၈ ပိုလီယိုရောဂါကို တစ်ကမ္ဘာလုံးကင်းစင်ကြောင်း ကြေညာဖို့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားပါတယ်။ အဲဒီရည်မှန်းချက်တွေ အောင်မြင်အောင် ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံအနေနဲ့လည်း ကြိုးပမ်းသွားရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွင်းက ပိုလီယိုပိုးကို နောက်ဆုံးတွေ့ရှိရတဲ့ ရခိုင်ပြည်နယ်ကို အထူး အလေးထားပြီး ဆောင်ရွက်တာပါ။

**မေး။** မြန်မာနိုင်ငံအနေနဲ့ ၁၉၉၉ ခုနှစ်မှာ ပိုလီယိုအရိုင်းပိုးကို ရခိုင်ပြည်နယ်မှာ စတင်တွေ့ရှိတယ်လို့ သိရပါတယ်။ နောက်ဆုံး ၂၀၁၅ ခုနှစ်မှာ မောင်တောမြို့နယ်မှာ အသွင်ပြောင်းပိုလီယိုပိုးကို ထပ်တွေ့ရတော့ ဒီဟာတွေကို ဆရာကြီးအနေနဲ့ ဘယ်လိုရှုမြင်ပါသလဲ။

**ဖြေ။** ရခိုင်ပြည်နယ်အတွင်းမှာ ၁၉၉၉ ခုနှစ်က ပိုလီယိုအရိုင်းပိုးကို စတွေ့ရသလို တခြားနှစ်တွေမှာလည်း တွေ့ရတဲ့ မှတ်တမ်းတွေရှိပါတယ်။ ဒါကို ကျန်းမာရေးဝန်ထမ်းတွေရဲ့လစဉ်ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးမှုတွေမှာပါတဲ့ ပိုလီယိုကာကွယ်ဆေးတိုက်ပေးမှုတွေနဲ့ ကာကွယ်ပေးခဲ့သလို ကျွန်တော်စောစောကပြောခဲ့တဲ့ အုပ်စုလိုက်ကာကွယ်ဆေးတိုက်မှုတွေကို ဆေးတိုက်ရက်တွေသတ်မှတ်ပြီးတော့ တိုက်ပေးခဲ့ပါတယ်။ ကာကွယ်ဆေးနဲ့ ကာကွယ်တာမှာ အဓိက လွှမ်းခြုံမှုရရှိဖို့လိုပါတယ်။ မောင်တောမြို့နယ်မှာ ၂၀၁၅ ခုနှစ် အသွင်ပြောင်း ပိုလီယိုပိုးတွေ့ရတာကလည်း ကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းလို့ ဖြစ်ရတာပါ။ ၂၀၁၂ ခုနှစ်မှာ ရခိုင်မှာ လူမှုရေးပဋိပက္ခတွေ ဖြစ်ခဲ့တယ်။ ဒါကြောင့် နေရာတကာကို ကာကွယ်ဆေးလွှမ်းခြုံမှု မပေးနိုင်ခဲ့ပါဘူး။ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ဆောင်ရွက်ခဲ့ပေမယ့် အချို့နေရာတွေဆိုရင် မအောင်မြင်ခဲ့ပါဘူး။ တစ်ဖက်ကလည်း မောင်တောဒေသဟာ နယ်စပ်ဒေသဖြစ်နေတာကြောင့် တစ်ဖက်နိုင်ငံနဲ့ ဝင်ထွက်မှုတွေ အမြဲရှိနေတာတွေ့ရပါတယ်။ ဒါတွေကြောင့်လည်း ကာကွယ်ဆေးလွှမ်းခြုံမှုတွေ အားနည်းပြီးတော့ ပိုလီယိုပိုးတွေကို တွေ့ရှိခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုလိုဂရုစိုက်ပြီးတော့ ဆောင်ရွက်ပေးနေတာပါ။

**မေး။** ဒုတိယအကြိမ်မှာ ပိုလီယိုကာကွယ်ဆေး ထိုးဆေးကို ဘယ်လိုပုံစံနဲ့ ထိုးနှံပေးသွားမှာပါလဲ။

**ဖြေ။** ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေး တိုက်တဲ့နေရာမှာ ထိုးဆေးကိုတော့ အသက်နှစ်လပြည့်(ရက် ၆၀ ပြည့်)ကနေ သုံးနှစ်အထိ ကလေးတွေကို ထိုးနှံပေးမှာပါ။ ဒါကလည်း ရခိုင်တစ်ပြည်နယ်လုံး ကလေးတွေမပါပါဘူး။ ပိုလီယိုရောဂါဖြစ်နိုင်ခြေရှိတဲ့နယ်မြေ (High Risk Area)လို့ သတ်မှတ်တဲ့ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်နဲ့ စစ်တွေမြို့နယ်မှာသာ ထိုးပေးမှာပါ။ ကျန်ကလေးတွေကိုတော့ ယခင်တိုက်နေကျဖြစ်သကဲ့သို့ ပိုလီယိုကာကွယ်ဆေး သောက်ဆေး (OPV)ကို တိုက်ကျွေးပေးသွားမှာပါ။

**မေး။** ရခိုင်ပြည်နယ်အနေနဲ့ မောင်တောဒေသမှာ လုံခြုံရေးအရ အားနည်းချက်တွေရှိနေတော့ အဲဒီနယ်မြေတွေနဲ့ အခြားလုံခြုံရေးအရ စိတ်မချရတဲ့ မြေတွေကို ကာကွယ်ဆေးတိုက်၊ ဆေးထိုးအဖွဲ့တွေအနေနဲ့ လုပ်ငန်းဆောင်ရွက်ရေးအတွက် ဘယ်လိုစီစဉ်ထားပါသလဲ။

**ဖြေ။** လုံခြုံရေးအပိုင်းကတော့ ရခိုင်ပြည်နယ်အစိုးရက တာဝန်ယူဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ အစိုးရအနေနဲ့လည်း သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ စီစဉ်ထားသလို ရဲတပ်ဖွဲ့နဲ့လည်း လုံခြုံရေးပိုင်းကို တာဝန်ယူပေးဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ခွဲခြားမှုမရှိဘဲ အားလုံးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားမှာပါ။

**မေး။** ယခင် ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ ပိုလီယိုကာကွယ်ဆေးတိုက်ပေးခဲ့မှုနဲ့ ပတ်သက်ပြီး အားရကျေနပ်မှုရှိပါသလား။

**ဖြေ။** ကာကွယ်ဆေးတိုက်မှုနဲ့ ပတ်သက်ပြီးတော့ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွေရှိသလို ၂၀၀၅ ခုနှစ် မောင်တောမြို့နယ်မှာ အသွင်ပြောင်းပိုလီယိုပိုးတွေ့ရပြီးနောက်ပိုင်း ခုလိုပဲ အစုလိုက်ကာကွယ်ဆေးတိုက်၊ ဆေးထိုးမှုတွေကို လေးကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့ပါပြီ။ ပြီးခဲ့တဲ့လက တစ်ကြိမ်နဲ့ဆိုရင်တော့ ငါးကြိမ်ရှိပြီပေါ့။ ပြီးခဲ့တဲ့လကလည်း ရည်မှန်းကလေး ၃၇၂၈၃၃ ဦးမှာ ၃၄၉၃၂၂ ဦးကို ဆေးတိုက်ပေးနိုင်ခဲ့တော့ ၉၃ ဒသမ ၉၆ ရာခိုင်နှုန်း လွှမ်းခြုံမိတာကြောင့် ကျေနပ်မှုရှိပါတယ်။

**မေး။** ပိုလီယိုအရိုင်းပိုးနဲ့ အသွင်ပြောင်းပိုလီယိုပိုးရဲ့အန္တရာယ်က ဘယ်လိုကွာခြားပါသလဲ။

**ဖြေ။** ပိုလီယိုအရိုင်းပိုးပဲဖြစ်ဖြစ်၊ အသွင်ပြောင်းပိုလီယိုပဲဖြစ်ဖြစ် ကူးစက်ခံရ၊ ပိုလီယိုရောဂါဖြစ်ပွားရင် အကြောသေတာပါပဲ။ ရောဂါပြင်းထန်မှုကတော့ အရိုင်းပိုးက များပြီးတော့ အသွင်ပြောင်းပိုးက သူ့လောက်မပြင်းထန်ပါဘူး။ ဒါပေမယ့် ပိုလီယိုအရိုင်းပိုး၊ အသွင်ပြောင်းပိုလီယိုပိုးအဖြစ်ကတော့ ခွတ်ခွဲခန်း အဖြေနဲ့သာ ဆုံးဖြတ်ရပါတယ်။

**မေး။** ယခုပြုလုပ်မယ့် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးခြင်း၊ ထိုးနှံပေးခြင်းနဲ့ပတ်သက်လို့ ဆရာကြီးအနေနဲ့ ပြည်သူကို ဘာများပြောချင်ပါသလဲ။

**ဖြေ။** ပိုလီယိုရောဂါဟာ ကလေးငယ်များသာ အဖြစ်များတယ်ဆိုပေမယ့် လူကြီးတွေလည်း ဖြစ်တတ်ပါတယ်။ ရောဂါကူးစက်တာက လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာမရွေးဖြစ်တတ်တာကြောင့် အားလုံးအတွက် အရေးကြီးပါတယ်။ တစ်နည်းအားဖြင့် တစ်ကမ္ဘာလုံးရဲ့ရန်သူပါပဲ။ အဲဒီရန်သူကို အနာဂတ် ကျွန်တော်တို့ရဲ့မျိုးဆက်တွေအတွက် အမွေမထားခဲ့ကြပါနဲ့။ အခုကပဲ အမြစ်ပြတ်ချေမှုန်းကြပါလို့ ပြောလိုပါတယ်။ ဒါကြောင့် ဆေးမတိုက်လိုက်ရတဲ့ ကလေးတွေ မကျန်ရအောင် မိမိတို့တတ်နိုင်တဲ့ဘက်က ကူညီပေးကြပါလို့ တိုက်တွန်းပါတယ်။

ပိုလီယိုရောဂါသည် လူသားမျိုးနွယ်တစ်ရပ်လုံး၏ အန္တရာယ်ဖြစ်ခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်း ပိုလီယိုကာကွယ်ဆေးတိုက်၊ ဆေးထိုးခြင်း အောင်မြင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါစို့။ ။

**ပိုလီယိုရောဂါဟာ ကလေးငယ်များသာ အဖြစ်များတယ်ဆိုပေမယ့် လူကြီးတွေလည်း ဖြစ်တတ်ပါတယ်။ ရောဂါကူးစက်တာက လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာမရွေးဖြစ်တတ်တာကြောင့် အားလုံးအတွက် အရေးကြီးပါတယ်။ တစ်နည်းအားဖြင့် တစ်ကမ္ဘာလုံးရဲ့ ရန်သူပါပဲ။ အဲဒီရန်သူကို အနာဂတ် ကျွန်တော်တို့ရဲ့ မျိုးဆက်တွေအတွက် အမွေမထားခဲ့ကြပါနဲ့။ အခုကပဲ အမြစ်ပြတ်ချေမှုန်းကြပါလို့ ပြောလိုပါတယ်။ ဒါကြောင့် ဆေးမတိုက်လိုက်ရတဲ့ ကလေးတွေ မကျန်ရအောင် မိမိတို့တတ်နိုင်တဲ့ဘက်က ကူညီပေးကြပါလို့ တိုက်တွန်းပါတယ်**

# နိုင်ငံတကာဈေးကွက်သို့ ခရီးဆန့်နေသည့် မြန်မာ့ငါးမုတ်ငါး

**အောင်ဝင်း(ဖျာပုံ)**

မြန်မာ့ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ငါးမုတ်ငါးများ၏ အဓိကဈေးကွက်သည် တရုတ်၊ စင်ကာပူ၊ အိန္ဒိယနှင့် ဆော်ဒီအာရေဗျနိုင်ငံများဖြစ်ပြီး ယခင်ကထက် မြန်မာ့ပင်လယ်ပြင်တွင် ငါးများ အမိအရနည်းသွားသော်လည်း နိုင်ငံတကာဈေးကွက်များတွင် ဈေးကောင်းရရှိနေ၍ ငါးဖမ်းဆီးသူနှင့် ရောင်းဝယ်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။


မိုးတွင်းကာလ ဇူလိုင်လနှင့်ဩဂုတ်လများတွင် ငါးမုတ်ငါးများကို အမိအရများပြီး ပြည်ပနိုင်ငံများတွင်လည်း ရောင်းလိုအားထက် ဝယ်လိုအားက ပိုကောင်းလျက်ရှိသည်ဟု ရေလုပ်ငန်းရှင်များထံမှ သိရသည်။

ဖျာပုံမြို့ရှိ ပင်လယ်ငါးအဝယ်ဒိုင်များတွင် ဩဂုတ်လ ဒုတိယပတ်အတွင်း ငါးမုတ်ဈေးနှုန်းများမှာ တစ်ကောင်လျှင် ဂရမ် ၄၀၀(၂၅ကျပ်သား)အထက် အရွယ်အစားက တစ်ပိဿာလျှင် လေးသောင်းကျပ်ခန့်ရှိကြောင်း သိရသည်။ ထိုဈေးနှုန်းအရ ၂၅ ကျပ်သားအရွယ် ငါးမုတ်ငါးတစ်ကောင်သည် ကျပ်တစ်သောင်းခန့် ဈေးရှိနေ၍ အခြေခံလူတန်းစားတို့အနေဖြင့် ငါးမုတ်ငါးကို စားသုံးနိုင်ရန်ပင် မလွယ်ကြောင်း စဉ်းစားမိသည်။ ချဉ်သီးပင်အောက် ချဉ်သီးရှားနေသည်ဟု ဆိုရမည်ဖြစ်သည်။

လုပ်ငန်းရှင်တို့ကလည်း ပြည်တွင်းဈေးကွက်ထက် ပြည်ပဈေးကွက်ကိုသာ အဓိကအားထားကြသည်။ ငါးမုတ်များကို ပြည်ပနိုင်ငံများက ဝယ်ယူရာတွင် ထိခိုက်ဒဏ်ရာရထားသည့်ငါးများကို ဝယ်ယူခြင်းမပြုသဖြင့် ပြည်တွင်းစားသုံးသူဈေးကွက်တွင် ဈေးလျှော့၍ရောင်းချရကြောင်း ရေလုပ်ငန်းရှင်တစ်ဦးကပြောသည်။ အလေးချိန် ဂရမ် ၆၀ နှင့် ၁၀၀ ကြားအရွယ်ရှိ အကောင်သေး ငါးမုတ်များမှာမူ တစ်ပိဿာလျှင် ၂၀၀၀၀ ကျပ်ခန့် ဈေးနှုန်းရှိနေသည်။

ယခုရက်ပိုင်းတွင် မြန်မာ့ပင်လယ်ပြင်အတွင်း ငါးမုတ်များ အတက်များ၍ ဖျာပုံမြို့နယ်တွင် ဖမ်းဆီးရမိမှုများနေကြောင်း သိရသည်။ ဖမ်းမိသောငါးများကို ညနေပိုင်းတွင် တစ်ပုံးလျှင် ငါးပိဿာချိန် ၇၀ ခန့်ဆံ့ ပလတ်စတစ်ပုံးများဖြင့် ထည့်သွင်းပြီး ကုန်တင်ကားကြီးများဖြင့် ရန်ကုန်သို့ တင်ပို့လျက်ရှိရာ ဖျာပုံမြို့မှ ငါးမုတ်ပိဿာချိန် ၅၀၀၀၀ ကျော်ခန့်ကို ရန်ကုန်သို့ နေ့စဉ်တင်ပို့လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်အတွက်



ပြည်ပဝင်ငွေများရှာပေးရာတွင် တတိယအဆင့်တွင်ရှိနေပြီး ဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စာရင်းအရ ၂၀၁၇ ခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း ရေထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၇၀ ရရှိထားကြောင်း သိရသည်။

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ဦး
### (C.D.P သွားဘက်ဆိုင်ရာ)
### အသက်(၈၈)နှစ်

ရမည်းသင်းခရိုင်တရားရုံးမှ ဒုခရိုင်တရားသူကြီး ဒေါ်တင့်တင့်စန်း၏ဖခင် ဦးတင်ဦး(C.D.P သွားဘက်ဆိုင်ရာ)သည် ၁၉-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရမည်းသင်းခရိုင် တရားသူကြီး၊**
**မြို့နယ်တရားသူကြီးများနှင့် တရားရေးမိသားစုများ**
**ရမည်းသင်းခရိုင်နှင့်မြို့နယ်ရှိရှေ့နေများ**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်မြင့် (ဥက္ကံ)
### ကြေးမုံသတင်းထောက်
### မြန်မာနိုင်ငံသတင်းစာဆရာအသင်း
### သက်ကြီးကန်တော့ခံပညာရှင်
### အသက်(၈၅)နှစ်

မန္တလေးမြို့နေ ဆရာဦးကြည်လွင်မြင့်(မုဒြာ)-ဒေါ်ကြည်ကြည်သန်း (မုဒြာ-တိုင်းရင်းဆေးကုခန်း၊ မန္တလေးမြို့)တို့၏ဖခင်ကြီး အဘဦးကျော်မြင့်သည် ၂၀-၈-၂၀၁၇ရက် ညနေ ၄း၂၅နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလင်းသစ်စာပေတိုက်နှင့်**
**လွတ်မြောက်လမ်းဝန်ဆောင်မှုကုမ္ပဏီလီမိတက်မိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ရီ
### အသက်(၇၃)နှစ်

ဦးစိုင်းဟန်စင်-ဒေါ်ချောစုလှိုင်(ဦးစီးအရာရှိ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)၏မိခင် ဒေါ်ခင်ရီ အသက်(၇၃)နှစ်သည် ၂၁-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစိန်အောင် (တန့်ဆည်မြို့)
### B.Ag (1970 Batch)
### မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးချုပ်
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကြေးတိုင်စု ၁လမ်း၊ အမှတ် ၁၀၆၁နေ (ဦးခင်မောင်-ဒေါ်လှပြုံး)တို့၏သား၊ (ဒေါ်ငွေငွေမြိုင်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခိုင်သန္တာအောင်၊ ကိုကျော်သူရအောင်-မသန္တာအေး၊ ကိုသန်းထိုက်အောင်-မစောစန္ဒာအောင်၊ ကိုလွင်ကိုကိုမြင့်-မဖြူပြာစိန်အောင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ဘိုးဘိုးကြီး ဦးစိန်အောင်(မန်နေဂျာ-ငြိမ်း၊စီမံ/ဘဏ္ဍာဌာန၊ စိုက်ပျိုးရေးရုံးချုပ်)သည် ၂၂-၈-၂၀၁၇ရက် နံနက် ၈း၃၇နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၇ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဦးလင်း
### IHC (Holland)
### အသက်(၆၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၄၆(င)နေ ဒုတိယဗိုလ်မှူးကြီးလင်းသိန်းမောင်(ငြိမ်း၊ တပ်မတော်ရေ)-(ဒေါ်တင်တင်သော်)တို့၏တစ်ဦးတည်းသောသား၊ (ဦးတင်လှ-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဒေါ်တင်စန္ဒာ၏ချစ်လှစွာသောခင်ပွန်း၊ Captain မြင့်ဇော်မင်း-ဒေါ်ခိုင်ခိုင်လင်းတို့၏ချစ်လှစွာသောအစ်ကို၊ ဗိုလ်ကြီးရန်လင်းမောင်-ဒေါ်မြတ်စန္ဒီလင်း၊ ဒေါ်ရတနာလင်းတို့၏ချစ်လှစွာသောဖခင်၊ ဒေါက်တာခိုင်သဉ္ဇာမောင်၊ ဦးလွင်မောင်မောင်၊ ဦးဇော်ဝင်းရှိန်-ဒေါ်ရွှေယင်းမာတို့၏ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၂-၈-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၃း၅၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၇ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(သင်္ဂြိုဟ်မည့်အချိန်အား ထပ်မံကြေညာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဦးလင်း
### IHC (Holland)
### အသက်(၆၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၄၆(င)နေ ဒုတိယဗိုလ်မှူးကြီးလင်းသိန်းမောင်(ငြိမ်း၊ တပ်မတော်ရေ)-(ဒေါ်တင်တင်သော်)တို့၏တစ်ဦးတည်းသောသား၊ (ဦးတင်လှ-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဒေါ်တင်စန္ဒာ၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှအောင်-ဒေါ်ရွှေကြည်၊ ဒေါ်အိုင်ရင်းတင်လှ၊ (ဦးတင်ဇော်အေး)-ဒေါ်နီလာဝင်းမြင့်၊ ဦးဆွေဝင်း-ဒေါ်ရှယ်လီ၊ ဒေါ်တင်မာလာတို့၏ညီ/မောင်၊ ဦးကိုလေး-ဒေါ်တင်သူဇာတို့၏အစ်ကို၊ ဗိုလ်ကြီးရန်လင်းမောင်-ဒေါ်မြတ်စန္ဒီလင်း၊ ဒေါ်ရတနာလင်းတို့၏ချစ်လှစွာသောဖခင်၊ တူ၊ တူမ ၁၁ယောက်တို့၏ဦးလေးသည် ၂၂-၈-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃း၅၀နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၇ရက်တွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်အချိန်အားထပ်မံကြေညာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်နွဲ့အေး
### [ B.A (Ed), B.A, B.Ed. M.Ed ]
### အထက(၁)တာမွေ၊ အထက(၁)တောင်ဥက္ကလာ
### အထက်တန်းပြ(ငြိမ်း)
### ကထိက၊ ပညာရေးတက္ကသိုလ်၊ ရန်ကုန်
### အသက်(၉၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်း (မြောက်ခြမ်း)၊ အမှတ် ၂၄နေ ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)၏ ဇနီး၊ ဦးအေးမောင်-ဒေါ်မြတင်တို့၏သမီး၊ ဒုတိယဗိုလ်မှူးကြီးဘုန်းမြင့်(ငြိမ်း)-ဒေါ်ခင်မွေး၊ ဦးမျိုးအောင်-ဒေါ်သန်းသန်းရီ၊ ဦးမြင့်ကျော်-ဒေါ်ကြည်ကြည်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ် ၁၀ယောက်တို့၏အဘွားသည် ၂၂-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၃း၄၅နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၌ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်း
### အသက်(၈၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နေ(ဦးမောင်ဝါ-ဒေါ်အေးရင်)တို့၏သမီး၊ ပုသိမ်မြို့နေ (ဦးထွန်းကြွယ်-ဒေါ်ကြင်)တို့၏သမီးချွေးမ၊ (ဦးသိန်းလှိုင်-ဒေါ်မြနု)တို့၏ညီမ၊ ဦးသိန်းကြိုင်-ဒေါ်အုန်းသန်းတို့၏အစ်မ၊ ဦးထွန်းငွေ-ဒေါ်နန်းလွင်လွင်ချို(တိုင်းရင်းဆေး)တို့၏မိခင်၊ (ဦးတင်မောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ အခြေခံပညာဦးစီးဌာန)၏ဇနီးသည် ၂၂-၈-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၇ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၇ရက်(တနင်္လာနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ အမှတ်(၁၄၉/ဂ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မမလွင် (UNDP)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကန်ရိပ်သာလမ်း၊ အမှတ်(၁၁/က)နေ [ဦးစိုးလွင်(တိုင်းဆက်သွယ်ရေးမှူး၊ ငြိမ်း)-ဒေါ်ခင်ခင်ဝင်း]တို့၏သမီး၊ ဦးကျော်မြင့်ထွန်း(Captain)၏ချစ်လှစွာသောဇနီး၊ ဒေါ်ကေသီကျော်ထွန်း၊ ဦးကျော်မင်းထွန်း၊ ဦးအောင်နိုင်ထွန်းတို့၏ချစ်လှစွာသောမိခင်၊ မပွင့်ဇမ္ဗူအောင်၏ အဘွားသည် ၂၁-၈-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၅၀နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မမလွင် (UNDP)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကန်ရိပ်သာလမ်း၊ အမှတ်(၁၁/က)နေ ဦးကျော်မင်းထွန်း(Managing Director) Anawah Gabar Holding Co.,Ltd ၏ချစ်လှစွာသောမိခင် ဒေါ်ခင်မမလွင်(UNDP)အသက်(၆၇)နှစ်သည်၂၁-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Anawah Gabar Holding Co.,Ltd. မိသားစု**

---

## ဒေါ်လှမြင့်
### အသက်(၆၇)နှစ်

ရန်ကုန်မြို့နေ(ဦးတယ်လ်ချွေး-ဒေါ်သန်းစိန်)တို့၏သမီး၊ ဦးလှိုင်ဦး-ဒေါက်တာညွှန့်ညွှန့်ဝင်း၊ အမှတ်(၃/၁၀၀)တပ်မတော်ဆေးရုံ အင်းတိုင်နေ တပ်ကြပ်ကြီးသိန်းဇော်လတ်-ဒေါ်လှလှထွေးတို့၏ ချစ်လှစွာသောမိခင်၊ မောင်ဇေပိုင်စိုး၊ မောင်သုတ၊ မစုလတ်ရွှေရည်တို့၏အဘွား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ရာဇာဓိရာဇ်(၃)လမ်းသွယ်၊ (၁၄/၈)ရပ်ကွက်၊ အမှတ်(၁၁၀၉)နေ အရာခံဗိုလ်မြင့်ရွှေ(ငြိမ်း)၏ချစ်လှစွာသောဇနီးသည် ၂၂-၈-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၈-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးညီညီ
### ငွေစာရင်းကိုင်အုပ်(ငြိမ်း)
### တိုင်း/ဆောက်(၁၀)
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### အသက်(၇၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ညောင်ရမ်းမြို့မရပ်နေ (ဦးဘိုးမြ-ဒေါ်လှရင်)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ရတနာလမ်း၊တိုက် ၁၈၊ အခန်း ၁၃၊ မလိခအိမ်ရာနေ (ဒေါ်ညွှန့်ညွှန့်ရင်)၏ခင်ပွန်း၊ ဦးမင်းသန့်ဆွေ-ဒေါ်စုရတနာ၊မငွေရတနာ၊မောင်နိုင်ရာဇာတို့၏ဖခင်၊မောင်စွမ်းသစ်မင်း၊ မောင်နေ့သစ်မင်းတို့၏ အဘိုးသည် ၂၁-၈-၂၀၁၇ရက် (တနင်္လာနေ့) ည ၁၁း၂၆နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသန်းထွန်းဇော်
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ရွှေငါးခြံ၊ စက်မှုလယ်ယာဝင်း၊ သပြေလမ်း၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးသန်းမောင်-ဒေါ်သန်းစိန်)တို့၏သား၊ ဒေါ်ခင်မာငွေ(စက်မှုလယ်ယာဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးလင်းထက်နောင်-မရည်မွန်သန့်၊ မဇင်မီမီဇော်(KBZ Bank)တို့၏ဖခင်သည် ၂၁-၈-၂၀၁၇ရက် (တနင်္လာနေ့) ည ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ တရားတော်နာပြီး ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### မြေပုံမြို့နယ်အသင်း(ရန်ကုန်)
## ဦးသာထွန်းအေး
### (ရာသက်ပန်အသင်းဝင်)
### အသက်(၁၀၀)

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်နေ(ဦးညိုလှဦး-ဒေါ်ရွှေမြ)တို့၏သား၊ (ဒေါ်အောင်ကြာညို)၏ခင်ပွန်း၊ (ဦးဖြူစိန်ဦး)-ဒေါ်ဦးရွှေစော၊ ဒေါ်နုအေးခင်-ဦးမောင်သာထွန်း၊ ဦးစိန်ဝင်း-ဒေါ်လှမိုးသူ၊ဦးသန်းညွှန့်-ဒေါ်ခင်ခင်သိန်း၊ဦးလှဝင်း-ဒေါ်ခင်ခင်ထွေးတို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏ အဘိုးရင်၊ မြစ် ၁၇ယောက်တို့၏အဖီးရင်သည် ၂၁-၈-၂၀၁၇ရက် ည ၇း၃၀နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၅လမ်း၊ အမှတ် ၆၅၊ မြေညီထပ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၁၇ရက် ညနေ ၃း၅၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အသင်းသူ/သားများ လိုက်ပါပို့ဆောင်ပါရန်။) (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

---

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဦးခင်မောင်သွင်
### ကန်တော့ခံပုဂ္ဂိုလ်
### အသင်းဝင်အမှတ်-၁၄၃၂
### အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၃)၊ ဗိုလ်ဇင်ယော်လမ်း၊ အမှတ် (ထ/၂၇)နေ ဒေါ်အေးကြူ၏ခင်ပွန်းသည် ၂၁-၈-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အသင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

## ဒေါ်ခင်ဝင်းမာ
### (တောင်ကြီးမြို့)
### B.Sc (chem)
### အသက်(၅၈)နှစ်

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်နေ (ဦးဘကြင်-ဒေါ်သန်းကြည်)တို့၏သမီး၊ ဦးဝင်းငွေ-ဒေါ်နှင်းမေ၊ ဦးမျိုးဝမ်-ဒေါ်ခင်ဝင်းကြည်၊ ဦးခင်မောင်ကြီး-ဒေါ်ခင်ဝင်းရီ (KBZ GROUP၊ တောင်ကြီး)တို့၏ညီမ၊ ကိုထွန်းဇော်မိုး (GE တပ်၊ ရွှေညောင်)၊ မခင်ဝင်းလှတို့၏အစ်မ၊ မောင်ကိုကိုကြီး၊ မောင်ညီညီအောင်၊ မယမင်းသူ၊ မသဉ္ဇာခင်တို့၏အဒေါ်သည် ၂၂-၈-၂၀၁၇ရက် နံနက် ၉း၅၀နာရီတွင် ရန်ကုန်(ခုတင်-၅၀၀)ဆံ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့)တွင် သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာဝင်း၊ ပိတောက်လမ်း၊အမှတ် ၁၈၉နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီ ဦးမောင်ထွန်း
### (မူဟာမဒ်စအိဒ်)
### (မိုးထွန်းဦး အလူမီနီယံ အရောင်းဆိုင်)
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၂လမ်း (အထက်လမ်း)၊ အမှတ် ၁၀၀၊ ပထမထပ်နေ (ဟာဂျီ ဦးမောင်စိန်ဦး-ဟာဂျီမဒေါ်အေးတင်)တို့၏သား၊(ဦးခင်မောင်) - ဒေါ်ခင်အေး၊ ဦးကျော်လှ (ထိပ်တန်း ပေါ်လစ်) - ဒေါ်ဘေဘီ၊ (ဦးတင်မောင်)-ဒေါ်အေးစိန်၊ ဦးငွေး-ဒေါ်သန်းစိန်တို့၏ညီ/မောင်၊ ဦးတင်မောင်-ဒေါ်ခင်ငွေး၊ ဦးခင်မောင်-ဒေါ်မေစိန်တို့၏အစ်ကို၊ ဟာဂျီမ ဒေါ်မိုးမိုးကြည်၏ခင်ပွန်း၊ ဟာဂျီမိုးထွန်းဦး၊ မောင်ရဲဇော်-မမိုးသန္တာထွန်း၊ မောင်မိုးသူရိန်ထွန်း၊ မမိုးသဉ္ဇာထွန်း၊ မောင်မိုးသီဟထွန်းတို့၏ဖခင်၊ မောင်ကောင်းခန့်ဇော်၏အဘိုးသည် ၁၉-၈-၂၀၁၇ရက် ည ၉း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၀-၈-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးကဘာရ်စတန်သို့ပို့ဆောင်ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ မဂ်ဖေရာသ်အတွက် ဒိုအာပြုပေးကြပါရန်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသာထွန်းအေး(မြေပုံ၊ စစ်တွေ) အသက်(၁၀၀)

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်နေ (ဦးညိုလှဦး-ဒေါ်ရွှေမြ)တို့၏သား၊ (ဒေါ်အောင်ကြာညို)၏ခင်ပွန်း၊ (ဦးဖြူစိန်ဦး)-ဒေါ်ဦးရွှေစော၊ ဒေါ်နုအေးခင်-ဦးမောင်သာထွန်း၊ ဦးစိန်ဝင်း-ဒေါ်လှမိုးသူ၊ ဦးသန်းညွှန့်-ဒေါ်ခင်ခင်သိန်း၊ ဦးလှဝင်း-ဒေါ်ခင်ခင်ထွေးတို့၏ဖခင်၊ ဦးသိန်းထွန်း၊ ဒေါ်တင်တင်မိုး၊ ဒေါ်အေးအေးခင်၊ ဦးညီထူး၊ ဦးအောင်ထူး၊ ဒေါ်ညိုမီထူး၊ ဦးကျော်သူဝင်း၊ ဦးဇော်ဇော်ဝင်း၊ မစန္ဒာဝင်း၊ မဟေမာန်သန်းညွှန့်၊ မနေခြည်သန်းညွှန့်၊ မောင်ကောင်းမြတ်နိုင်၊ မကေသွယ်နိုင်တို့၏အဘိုးရင်၊ မြစ် ၁၇ယောက်တို့၏ဖီးရင်သည် ၂၁-၈-၂၀၁၇ရက် ည ၇း၃၀နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၅လမ်း၊ အမှတ် ၆၅၊ မြေညီထပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၇ရက် ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအေးသွင်(မော်လမြိုင်မြို့) အသက်(၉၁)နှစ်
### [အထွေထွေမန်နေဂျာ(ငြိမ်း)၊ လယ်စိုက်ရှင်း]

မော်လမြိုင်မြို့နေ(ဦးဘညွှန့်-ဒေါ်နှင်းမြ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၁၅၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေ (ဒေါ်ကြည်ကြည်မြင့်)၏ခင်ပွန်း၊ ဒေါက်တာဒေါ်ခင်သီတာသွင်(ပါမောက္ခ၊ ဌာနမှူး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန၊ ခုတင်-၅၀၀ ဆေးရုံ)၊ ဒေါက်တာဦးဝင်းအောင်-ဒေါက်တာဒေါ်ခင်စပယ်သွင်၊ ဦးခင်မောင်လွင်(Intertek,BKK)-ဒေါ်တင်ငွေးမြင့်သွင်(Assumption University,BKK)၊ ဦးသန်းဇော်(လှိုင်ထိပ်ခေါင်အအေးခန်းစက်ရုံ)-ဒေါ်သူလေးသွင်တို့၏ဖခင်၊ မကေခိုင်(Rosebay Consult Mya nmar)၊ မောင်ပြည့်ဖြိုးထွန်း(Telenor Myanmar)၊ မောင်မျိုးမင်းဦး(AIT 3rd year, MT)၊ မောင်ဉာဏ်လင်းမြင့်(ဆေးတက္ကသိုလ်-၂)၊ မောင်နိုင်မိုးလွင်(Assumption University, BKK)တို့၏အဘိုးသည် ၂၁-၈-၂၀၁၇ရက် ည ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ခုတင်-၅၀၀ ဆေးရုံအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်အမာဝင်း(ခ)ဒေါ်အမာပု
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ် ၈၂နေ (ဦးဝင်းတင်-ဒေါ်သိန်းခ)တို့၏သမီး၊ ဦးအောင်မြင့်(ခ)ဦးအောင်စိန်၏ချစ်လှစွာသောဇနီး၊ ဦးသာချို-ဒေါ်မြင့်မြင့်ခင်၊ (ဦးလှဝေ)-ဒေါ်ဝင်းမာလာ၊ ဒေါ်ဝင်းဝင်းမြင့်၊ ဦးအောင်ကျော်ဦး-ဒေါ်ယုယုမော်၊ (ဦးအောင်ကျော်ထူး)-ဒေါ်သီသီဝင်း၊ ဦးသန်းတင်ဝင်း-ဒေါ်ခင်မိုးမိုး၊ ဦးကျော်စိုးမိုး၊ ဦးဝင်းမင်းထွန်း-ဒေါ်လဲ့လဲ့စိုးတို့၏မိခင်၊ မြေး ၁၄ယောက်တို့၏အဘွားသည် ၂၁-၈-၂၀၁၇ရက် (တနင်္လာနေ့)ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးကြည် (အိုးသည်ကုန်း)
### အသက်(၇၈)နှစ်

အိုးသည်ကုန်းမြို့၊ ၃လမ်းနေ (ဦးသန်းမောင်-ဒေါ်မာလေး)တို့၏သမီး၊ [ဒေါ်အုန်းရီ(တပ်ကြပ်ကြီး၊ ငြိမ်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)]၊ ဒေါ်သိန်းနွဲ့တို့၏ညီမ၊ ဦးတင်ဝင်း-ဒေါ်မြင့်မြင့်စိုး(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ငြိမ်း)၊ (ဦးသောင်းမြင့်)-ဒေါ်စန်းမြင့်၊ ဦးဇော်လွင်(ဇော်လေး)-ဒေါ်မြတ်နွယ်(စက်မှုထွေ/ထိန်း)တို့၏အစ်မ၊ အမှတ် ၄၈/ဒီ၊ နယ်မြေ(၄)၊ မင်္ဂလာတောင်ညွန့်မီးရထားဝင်းနေ ဒုရဲမှူး(ငြိမ်း)(ဦးပါ)၏ဇနီး၊ (စိုးကျော်ပါ)၊ ရဲအုပ်သိန်းဆွေ(ရထားရဲ)၊ ဒုရဲမှူးမီမီပါ(ငကတ)၊ ဦးအောင်ချိုမြင့်(A2 ဆောက်လုပ်ရေး)၊ ဒေါ်သီသီပါ(ပြည်တွင်းအခွန်များဦးစီးဌာန၊ ရွှေဘိုမြို့)၊ ဦးရဲထွန်းပါ-ဒေါ်အိအိမွန်(ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဦးကျော်သူပါ-ဒေါ်ဥမ္မာဝင်းတို့၏မိခင်၊ မမြတ်မှူးခင်၏အဘွားသည် ၂၂-၈-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၄နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မေနီ (တောင်ဒဂုံ)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၈)ရပ်ကွက်၊ မြိတ်လမ်း၊ အမှတ် ၂နေ ဦးကျော်မောင်၏ဇနီး၊ ဦးတင်အေး-(ဒေါ်ခင်နု)၊ ဦးမောင်စိန်-ဒေါ်မြမြစန်းတို့၏မိခင်၊ မောင်အောင်ခန့်ပိုင်၊ မောင်ဇင်မင်းအောင်၊ မလင်းလက်အောင်တို့၏အဘွားသည် ၂၂-၈-၂၀၁၇ရက် နံနက် ၁၁း၁၀နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီးမှ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးရဲမြင့်
### စာရင်းစစ်မှူး(ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး၊ (ငွေစာရင်းမင်းကြီးရုံး)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လအိမ်ရာ(၁)၊ တိုက် ၁၊ အခန်း ၀၀၃(မြေညီထပ်)နေ (ဦးမြသန်း-ဒေါ်သန်းကြင်)တို့၏သား၊ (ဒေါ်ရီရီမြ)၊ ဒေါ်ရီရီမြင့်၏မောင်၊ ဒေါ်သိန်းသိန်းဝင်း၏ခင်ပွန်း၊ ကိုအောင်ပြည့်ဖြိုး-မစန္ဒာမာလာတို့၏ဖခင်၊ တူ၊ တူမ ခုနစ်ယောက်တို့၏ဦးလေး၊ မြေး လေးယောက်တို့၏အဘိုးသည် ၂၁-၈-၂၀၁၇ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးခင်ဝင်း (ငါးသိုင်းချောင်းမြို့)
### သ/မဦးစီးအရာရှိ(ငြိမ်း)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ သပြေညိုလမ်း၊ အမှတ်(၂၅၁/၅)နေ (ဦးချစ်ရင်-ဒေါ်စိန်ကျင်)တို့၏သား၊ (ဦးစိုးမောင်-ဒေါ်တင်နွယ်)တို့၏သားသမက်၊ ဦးစံထွန်း-ဒေါ်စန်းရီတို့၏ညီ၊ ဒေါ်ခင်ငွေး၏ခင်ပွန်း၊ ဦးအောင်ကျော်မြင့်-ဒေါ်စုစုခင်၊ဦးသက်ဇော်ဝင်း-ဒေါ်ချိုဇင်နွယ်ထွန်း၊ ဦးအောင်ကိုကို-ဒေါ်အိအိခင်၊ ဦးစွမ်းရည်စိုး-ဒေါ်ဖြူဖြူခင်တို့၏ဖခင်သည် ၂၁-၈-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ယနေ့ရန်ကုန် Yangon Today**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ယနေ့ရန်ကုန်အချပ်ပို လေးမျက်နှာပါရှိသည်

**ရေဝတီမြစ်အတွင်း ဘက်ဟိုးနှင့် ကရိန်းများတင်ဆောင်လာသည့် CB တွဲရေယာဉ် နစ်မြုပ်မှုဖြစ်ပွား**

စာ » ၆

**တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ရန် ဆုံးဖြတ်ခဲ့သည့်အတွက် ပြန်လည်ပေးဆပ်ရလိမ့်မည်ဟု အမေရိကန်ကို မြောက်ကိုရီးယားခြိမ်းခြောက်**

စာ » ၁၄



## မြန်မာနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းအသင်း ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရ


**သတင်း - ဖိုးသော်ဇင်၊ ဓာတ်ပုံ - စိုးညွန့်(ခေတ္တမလေးရှား)**

**ကွာလာလမ်ပူ ဩဂုတ် ၂၂**

ဆီးဂိမ်းပိုက်ကျော်ခြင်းပြိုင်ပွဲ၏ အမျိုးသားနှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို ယနေ့ နံနက်ပိုင်းမှစ၍ ကွာလာလမ်ပူမြို့၌ ကျင်းပရာ မြန်မာအသင်း ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် ဗိုလ်လုပွဲတွင် ထိုင်းနှင့်တွေ့ဆုံခဲ့ပြီး ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

နံနက်ပိုင်းက ကျင်းပသော ပွဲစဉ်များတွင် ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် မြန်မာနှင့် အိမ်ရှင်မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် အိမ်ရှင်မလေးရှားအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့ပြီး အခြားပွဲတွင် ထိုင်းက အင်ဒိုနီးရှားကို နှစ်ပွဲပြတ် အနိုင်ရခဲ့သည်။ မြန်မာနှင့် ထိုင်းအသင်းတို့၏ ဗိုလ်လုပွဲကို ညနေပိုင်းတွင် ကျင်းပခဲ့ပြီး မြန်မာအသင်းသည် နှစ်ပွဲပြတ် အရှုံးနိမ့်ခဲ့ရသည်။

မြန်မာအသင်းသည် ပထမပွဲတွင် (၁၇-၂၁)မှတ်၊ (၂၁-၁၀)မှတ်၊ (၁၈-၂၁)မှတ်ဖြင့် နှစ်ပွဲ-တစ်ပွဲ၊ ဒုတိယပွဲတွင် (၂၁-၁၈)မှတ်၊ (၂၁-၂၃)မှတ်၊ (၁၄-၂၁)မှတ်ဖြင့် နှစ်ပွဲ-တစ်ပွဲဖြင့် နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် လေးယောက်တွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။



## မြန်မာဝူရှူးအဖွဲ့ ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိ

**သတင်း - ရဲရင့်ရှိုင်း၊ ဓာတ်ပုံ - စိုးညွန့်(ခေတ္တမလေးရှား)**

**ကွာလာလမ်ပူ ဩဂုတ် ၂၂**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းဝူရှူးပြိုင်ပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ကျင်းပရာ မြန်မာဝူရှူးအဖွဲ့က ရွှေတစ်ခု၊ ငွေ တစ်ခု၊ ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။ မြန်မာဝူရှူးအဖွဲ့သည် ပြိုင်ပွဲအပြီးတွင် ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

*စာမျက်နှာ ၁၃ ကော်လံ ၆* ✻










ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

# ကျွမ်းကျင်လုပ်သားရှားပါးမှု၊ ယာဉ်ကြောပိတ်ဆို့မှုပြဿနာနှင့် ရန်ကုန်ဟိုတယ်များ

**သွန်းဝဿန်**

“**အလုပ်** ခေါ်စာတွေအများကြီးထဲမှာမှ ဟိုတယ်လုပ်ငန်းကို ကျွမ်းကျင်တဲ့သူ အလွန်နည်းတယ်။ အဲဒီအတွက် သီးသန့်လာရောက်လျှောက်ထားတဲ့သူဦးရေက အခြားလုပ်ငန်းတွေထက်စာရင် အားနည်းနေသေးတာကို တွေ့ရတယ်”ဟု နွယ်ရိုးအလုပ်အကိုင်ရရှိရေး တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုတာ မီးခိုးတိတ်လုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံခြားသားတွေဆီကနေ တစ်ဦးချင်းဝင်ငွေမှသည် နိုင်ငံတော်အထိ အကျိုးပြုနေတဲ့ လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံဟာ အလားအလာရှိတဲ့ နိုင်ငံတစ်ခုအဖြစ် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုပြီး အကြောင်းအမျိုးမျိုးနဲ့ လာရောက်လည်ပတ်သူ၊ အလုပ်လုပ်သူ၊ ရင်းနှီးမြှုပ်နှံသူ စတဲ့ နိုင်ငံခြားသား ဝင်ရောက်မှုများပြားလျက်ရှိတယ်။ သူတို့အတွက် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုတွေ၊ ညှော်ခံကြိုဆိုမှု တွေနဲ့ အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်တဲ့ ဟိုတယ်လုပ်သားတွေကတော့ ဖွင့်လှစ်ထားတဲ့ သင်တန်း တွေရှိပေမယ့် အားနည်းနေသေးတယ်”လို့ ဟိုတယ်လုပ်ငန်းရှင်များထံမှ သိရသည်။

“ကျွန်တော်တို့အတွက် ဟိုတယ်ရင်းနှီးမြှုပ်နှံမှုဟာ စိန်ခေါ်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။ အဓိကကတော့ လုပ်သားရှားပါးမှုဖြစ်ပါတယ်။ အထူးသဖြင့် ရန်ကုန်မြို့တော်ဟာ စီးပွားရေးမြို့တော်ဖြစ်တာနဲ့အညီ နိုင်ငံခြားသားတွေအများဆုံး လာရောက်အလုပ်လုပ်ကိုင်ရာ၊ အလုပ်ကိစ္စဆွေးနွေးရာနေရာလည်း ဖြစ်တာကြောင့် မကြာခဏ တွေ့ဆုံပွဲတွေ၊ အခမ်းအနားတွေလည်း ပြုလုပ်ရလေ့ရှိပါတယ်။ ဒီအတွက် ဝန်ဆောင်မှုကိုလည်း ကျွန်တော်တို့ လုပ်ငန်းရှင်တွေကြိုးစားပြီး မြှင့်တင်နေပါတယ်။ သို့သော်လည်း ကျွမ်းကျင်လုပ်သားတွေကိုတော့ ရရှိမှုအပိုင်းမှာ အားနည်းသလို၊ လုပ်သားတည်မြဲဖို့အတွက်လည်း စိန်ခေါ်မှုတွေရှိတယ်”လို့ ရန်ကုန်ဇုန် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်မြင့်က ပြောသည်။

ထိုသို့ ကျွမ်းကျင်ဟိုတယ်လုပ်သားများရှားပါးလာရခြင်းသည် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများအတွက် အမှန်တကယ်လုပ်ငန်းခွင်အထိ အဆင်ပြေစေမည့်သင်တန်းများ နည်းပါးလာ၍ဖြစ်ပြီး ဘာသာစကားကျွမ်းကျင်မှုအားနည်းခြင်းနှင့် နိုင်ငံတကာအတွေ့အကြုံ အားနည်းရခြင်းများကြောင့်ဖြစ်ကြောင်း သိရသည်။

“အရင်က ကိုယ့်တိုင်းပြည်မှာပဲ အလုပ်လုပ်တယ်။ အခြားလူတွေထက် လစာကောင်းပေမယ့် နိုင်ငံခြားထွက်ပြီး အလုပ်လုပ်ရင် ဝင်ငွေပိုရလို့ ထွက်သွားခဲ့တယ်။ အခု ခုနစ်နှစ်အကြာမှာ ပြန်ရောက်လာတယ်။ အားလုံးသော ကိုယ့်သူငယ်ချင်းတွေက မပြန်ကြတော့ဘူး။ ကျွန်မကတော့ အခု ဟိုတယ်တစ်ခုမှာ ဝင်လုပ်တယ်။ လစာကများတယ်။ ဒါပေမယ့် အများစုသော ကိုယ့်လက်အောက်ကဝန်ထမ်းတွေက လိုအပ်ချက်တွေ အများကြီးဖြစ်နေတယ်။ ဒါတွေကို သင်တန်းတွေ အများကြီးဖွင့်ပြီး လေ့ကျင့်ပေးမှရမယ်”လို့ ဒူဘိုင်းနိုင်ငံမှ ဟိုတယ်လုပ်ငန်းပိုင်းဆိုင်ရာ အတွေ့အကြုံရှိသူ Alisha က ပြောသည်။

ထို့အပြင် ရန်ကုန်ဇုန်အတွင်းမှာရှိသည့် ဟိုတယ်လုပ်ငန်းအများစု ရင်ဆိုင်နေရသော အခက်အခဲများမှာ လုပ်ထုံးလုပ်နည်းများပြောင်းလဲရန် ကြန့်ကြာနေသည်နှင့်အတူ ယာဉ်ကြောပိတ်ဆို့မှုအခက်အခဲများ လည်းပါဝင်ကြောင်းဖြစ်တယ်လို့ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ထောက်ပြသည်။

ကျွမ်းကျင်လုပ်သားရှားပါးနေခြင်းကို အဖြေရှာရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန တာဝန်ရှိသူများ၊ အသင်းက တာဝန်ရှိသူများ စုပေါင်းပြီး ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများကိုလည်း လစဉ်ပေးလျက်ရှိနေသော်လည်း သင်တန်းမှအတွေ့အကြုံနှင့်ပေါင်းစပ်ပြီး လုပ်ငန်းခွင်တွင် အဆင်ပြေရန် အနည်းငယ်အားနည်းမှု ရှိကြောင်း သိရသည်။

“ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ အတွက် ဘက်ပေါင်းစုံကနေ ကူညီပေးမယ်”လို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဩဂုတ် ၁၈ ရက်က Melia ဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်ညစာစားပွဲတွင် ပြောကြားသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိသည့် ဟိုတယ်များ ညှော်စာရင်းတိုင်ကြားရသည့် အခက်အခဲများအတွက် အဆင်ပြေစေရန် ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးရုံးက ဖြေရှင်းကူညီဆောင်ရွက်ပေးနေပြီး တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များနှင့် တည်းခိုရိပ်သာများကိုလည်း ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်အတွက် စိစစ်ဆောင်ရွက်မှုများ လုပ်နေကြောင်း သိရသည်။

“ရန်ကုန်ဇုန်အတွင်း၌ ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူများအနေနဲ့ ဟိုတယ်အခန်းခတွေနဲ့ ဝန်ဆောင်မှုတွေကို တွေ့ဆုံညှိနှိုင်းကာ အပြန်အလှန်ထိန်းကျောင်းလျက်ရှိပါတယ်”ဟု ဦးတင်မြင့်ကပြောသည်။ လစဉ် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)၏ တာဝန်ရှိသူများက အမြဲမပြတ် တွေ့ဆုံညှိနှိုင်းပြီး ရန်ကုန်မြို့တော်အတွင်းရှိ ဟိုတယ်များ၊ တည်းခိုရိပ်သာများ၏ အရည်အသွေးနှင့် ဝန်ဆောင်မှုကို တိုးမြှင့်ရန်လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**အချပ်ပို (ဃ) သို့**







ဓာတ်ပုံ - မေဦးမိုး၊ ဟိုတယ်/ခရီး



# မြို့ရှန်ကုန်ရောက် ရွှေညာသူ ရွှေညာသားတို့အကြောင်း တစေ့တစောင်း

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ယနေ့ ရန်ကုန်မြို့၏ နံနက်ဈေး၊ ညနေဈေးနှင့် လမ်းကြီးလမ်းငယ် အသွယ်သွယ်ဝယ် စီးပွားလာရှာနေကြသော မြို့ရှန်ကုန်ရောက် ရွှေညာသူရွှေညာသားများကို လက်ညှိုးညွှန်၍ပြရသော မလွဲနိုင်အောင် တွေ့မြင်လာကြရပြီဖြစ်သည်။

စီးပွားရှာရာတွင် အတုယူဖွယ်ကောင်းသကဲ့သို့ စုဆောင်းရာသီတွင်လည်း စံနမူနာယူထိုက်ပေသည်။ ယနေ့ ရန်ကုန်သား အမျိုးသားတော်တော်များများ ဘီယာဆိုင်၊ လက်ဖက်ရည်ဆိုင်တို့၌ အချိန်ဖြုန်းနေချိန်ဝယ် ရန်ကုန်ရောက် ရွှေညာသားများက နေပူမရှောင်၊ မိုးရွာမရှောင် စီးပွားရှာနေကြသည်ကို တွေ့မြင်နိုင်သကဲ့သို့ ရန်ကုန်သူ အတော်တော်များများ Shopping ထွက်၊ အွန်လိုင်းမှ အစားအသောက်ကို လွယ်လွယ်ကူကူမှာယူစားသောက်နေချိန်ဝယ် ရွှေညာသူများက ထမင်းတစ်နပ်ကို အနည်းဆုံးသော ငွေကြေးဖြင့် ဝမ်းဝိုက်ဖြည့်ကာ နံနက်ဝေလီဝေလင်းအချိန်မှအစပြု၍ စီးပွားရှာဖွေနေကြသည်ကို သတိပြုမိကြပါက အားကျဖွယ်မြင်ကွင်းတစ်ရပ်အဖြစ် မြင်တွေ့နိုင်ကြမည်ဖြစ်သည်။

ယနေ့ မြို့ရှန်ကုန်ဝယ် လာရောက်စီးပွားရှာနေကြသော ရွှေညာသူ ရွှေညာသားများမှာ နယ်စုံမှဖြစ်သည်။ သူ့အရပ်သူ့ဒေသအလိုက် စုစည်းနေထိုင်ကြပြီး အရောင်းအဝယ်ပုံစံမျိုးစုံဖြစ်သည်။

ဟင်းသီးဟင်းရွက် (ကုန်စိမ်း) ရောင်းသူများရှိသကဲ့သို့ လက်တွန်းလှည်းလေးဖြင့် ပစ္စည်းအဟောင်းဝယ်သူများကို တွေ့မြင်နိုင်ပေသည်။ ထို့အပြင် လက်ဖက်ရည်ဆိုင်ကြီးများ ဖွင့်၍ စီးပွားရှာနေကြသူများလည်းရှိသည်။ ယခုလပိုင်းအတွင်း ပေါ်ပင်ဖြစ်လာသော ငွေကျပ် ၅၀၀ တန် အောင်ဘာလေ ထီလက်မှတ်များကို လက်တွန်းလှည်းလေးများဖြင့် လှည့်လည်၍ ရောင်းချနေသော ရွှေညာသူအများစုကို စမ်းချောင်းမြို့နယ်အတွင်း ထပ်မံတွေ့ရှိလာရသည်။

၎င်းတို့သည် မိမိအရပ်ဒေသကိုစွန့်၍ ရန်ကုန်မြို့ကြီးတွင် ဘာကြောင့် စီးပွားလာရှာကြသနည်းဟု မေးခွန်းဝယ် သူတို့အားလုံး၏ ပြန်လည်ဖြေကြားမှုမှာ တညီတညွတ်တည်းသာဖြစ်သည်။ "မိမိတို့ အရပ်ဒေသတွင် ငွေတွင်းနက်၍ ရန်ကုန်မှာ



ငွေရှာရလွယ်သည်" ဟုဆိုကြသည်။ ရွှေညာသူ ရွှေညာသားများ ရန်ကုန်သို့စီးပွားလာရှာရာတွင် စာရေးသူတို့ငယ်ငယ် အလယ်တန်း၊ အထက်တန်းကျောင်းသားဘဝက တွေ့ဖူးသည်မှာ ယခုကဲ့သို့ များပြားစွာမရှိပေ။ ရန်ကုန်ဘူတာကြီးအနီး၊ ဆူးလေဘုရားအနီးနှင့် ရုပ်ရှင်ရုံများအနီးတစ်ဝိုက်တွင်သာ တွေ့မြင်ခဲ့ရသည်။ ယခုကဲ့သို့လည်း လုပ်ငန်းစုံမဟုတ်ပါ။ ထို့ထက်ဆိုရသော် ရွှေညာသားများကိုသာ အတွေ့ရများပြီး ရွှေညာသူများကိုတော့ဖြင့် မမြင်မိကြပါ။

ရောင်းကြသည်မှာလည်း ထသွား၊ ထလာ လွယ်ကူသည့် ဆိုင်းထမ်း(အထမ်း)လေးဖြင့်သာဖြစ်သည်။ များသောအားဖြင့် တိုဟူးသုပ်၊ ခေါက်ဆွဲသုပ်လောက်သာဖြစ်သည်။ တည်းခိုကြသည်မှာလည်း မိမိတို့အရပ်ဒေသမှ ရန်ကုန်တွင် လာရောက်သီတင်းသုံးသော ဘုန်းကြီးကျောင်းများ၌သာဖြစ်သည်။

အားလုံးမှာ သူ့အုပ်စုနှင့်သူ လုပ်ငန်းတူများဖြစ်ကြသည်။ ယခု ရန်ကုန်မြို့ကြီးမှ မြို့နယ်အများစုတွင် ဖွင့်လှစ်ရောင်းချနေသော လက်ဖက်ရည်ဆိုင်အုပ်စုများမှာ ကျောက်ပန်းတောင်းသားများ အများဆုံးဖြစ်သည်။ ၎င်းတို့အရပ်သား လက်ဖက်ရည်ဆိုင်သစ် ဖွင့်လှစ်မည်ဆိုပါက လိုအပ်သမျှကို ဖြည့်ဆည်းအကူအညီပေးကြသည်။ ဆိုင်တွင်ထားသည့် အလုပ်သမားငယ်လေးမှအစ သူ့အရပ်ဒေသမှခေါ်ယူထားသောသူများသာ ဖြစ်ကြသည်။ ဤကဲ့သို့ စည်းရုံးညီညွတ်မှုမှာလည်း 'စံ' တစ်ခုဖြစ်သည်။

နံနက်ဈေး၊ ညနေဈေးများတွင် ဟင်းသီးဟင်းရွက် (ကုန်စိမ်း) ရောင်းသူအများစုမှာ ပုဂံညောင်ဦးသူများဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ ၎င်းတို့သည် အစပထမတွင် ဆန်ကောဝိုင်းတစ်ချပ်စာဖြင့် ဈေးအတွင်းနေရာယူခြင်းဖြစ်သည်။ ပျံကျဈေးသည်ဘဝဖြင့် စကြသည်။ ဈေးတန်းအတွင်း စည်ပင်ဖမ်း၊ ရှောင်တိမ်းလိုက်ဖြင့် အပင်ပန်းဆင်းရဲခံကာ ဈေးရောင်းကြသူများဖြစ်သည်။

ကုန်စိမ်းရောင်းသူအများစုသည် ဈေးနှင့်နီးသော ရပ်ကွက်ထဲတွင် စုပေါင်းနေထိုင်ကြသည်။ ငွေကြေးတတ်နိုင်သူမှာ အိမ်တစ်လုံး၊ တိုက်ခန်းတစ်ခန်းကို စပေါ်ငွေပေး၍ငှားပြီး အိမ်အကျယ်အဝန်းပေါ်မူတည်ပြီး ၁၅ယောက်မှ အယောက် ၃၀ခန့်အထိ နေကြသည်။ အိမ်လခကို မျှခံကြသည်။ ၎င်းတို့အတွက် ကျောတခင်းစာ ဖျာတစ်ချပ်စာမျှရလျှင် အဆင်ပြေကြသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အနီး ကျေးရွာတစ်ခုမှ ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဈေးတွင် ကုန်စိမ်းရောင်းနေသော ဒေါ်နီပွင့်က "ကျွန်မ ရန်ကုန်ရောက်တာ သုံးနှစ်ကျော်ပြီ။ အစက အရပ်မှာပဲ ယာကိုင်းလုပ်တယ်။ ရာသီဥတု အပြောင်းအလဲကြောင့် ယာပြတ်ကိုင်းပြတ်နဲ့ အလုပ်တွေ မကောင်းတော့ဘူး။ ဒါကြောင့် ရန်ကုန်မှာ ဈေးလာရောင်းတာ"ဟု ဖွင့်ဟခဲ့သည်။

ထိုကုန်စိမ်းရောင်း မိန်းကလေးများသည် အလွန်မှ ပင်ပန်းခံနိုင်လွန်းသည်ကို တွေ့ရသည်။ နံနက် ၂ နာရီဝန်းကျင်ဝယ် ရပ်ကွက်အတွင်းမှထွက်၍ သီရိမင်္ဂလာဈေးသို့ အစုလိုက်သွားကြသည်။ နံနက် ၅ နာရီကျော်သည်နှင့် အရပ်ဈေးထဲသို့ ပြန်ရောက်လာပြီး ရောင်းကြသည်။ ညနေဈေးကို မွန်းလွဲ ၂ နာရီ ဝန်းကျင်အရောက်သွား၍ ရောင်းကြခြင်းဖြစ်သည်။

စီးပွားရှာကြရာတွင် အကွက်မြင်ကြသူများဖြစ်သည်။ ရောက်စက သီရိမင်္ဂလာဈေးသို့ ကုန်ကြို(ကုန်စိမ်းသယ်)ရာတွင် အငှားယာဉ်၊ အငှားဂါလီများဖြင့်သာဖြစ်သည်။ ၎င်းနောက် အမျိုးဆွေထဲမှ အမျိုးသားများကို ဂါလီထောင် (ဝယ်)ပေးသကဲ့သို့ ကားဈေးများကျလာပြီးနောက် အငှားကားများ ဝယ်ယူ၍ မိမိတို့အဝန်းအဝိုင်းမှ ကားများဖြင့်သာ ကုန်ကြိုခြင်းကို ပြုလာကြသည်။

တစ်ဖန် အရပ်ထဲတွင် "သတင်းစာဝယ်တယ်၊ ဗလာစာအုပ်တွေဝယ်တယ်" စသည်ဖြင့် လက်တွန်းလှည်းလေးများဖြင့် စီးပွားရှာနေသောအုပ်စုမှာ မကွေးမြို့နယ်ဝန်းကျင်ကျေးရွာအချို့မှ ဖြစ်သည်ဟု သိရသည်။ နံနက် ၈ နာရီထိုးသည်နှင့် မိမိတို့စုစည်းရာအိမ်မှ လက်တွန်းလှည်းကိုယ်စီဖြင့် ထွက်လာလေ့ရှိကြသည်။ သူတို့ကလည်း မျိုးချစ်သူများဟု ဆိုရသည်ပင်ဖြစ်သည်။ ၎င်းတို့ ရွှေညာသူ၊ ရွှေညာသားတို့ ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်၊ အသုပ်ဆိုင်တွင်သာ စတည်းချတတ်ကြသည်။ အစာပြေစားသောက်ပြီးမှ ကိုယ့်လမ်းကြောင်းနှင့်ကိုယ် ထွက်ခွာကြခြင်းဖြစ်သည်။ အချို့ဇနီးမောင်နှံအတူတကွ စီးပွားရှာပါက မိမိရင်သွေးငယ်ကို တွန်းလှည်းပေါ်တင်၍ နီးစပ်ရာ ပြင်ပကလေးထိန်းမူကြိုကျောင်းများတွင် အပ်နှံခဲ့ကြခြင်းဖြစ်သည်။

**အချပ်ပို(ဂ)သို့**



# ရေကန်ရှိသောရွာမှသည် ခေတ်မီစည်းကမ်းရှိသော ရန်ကုန်မြို့ကြီးဆီသို့

ခင်မောင်သော် (ကမာရွတ်)

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မြို့နယ် ၁၃ မြို့နယ်တွင် အပါအဝင်ဖြစ်သည့် ကမာရွတ်မြို့နယ်သည် ရှေးယခင်က မွန်လူမျိုးအများစု အခြေချနေထိုင်ခဲ့ကြသည်။

"ကမာရွတ်"ဟူသည် မွန်ဘာသာစကားဖြစ်ပြီး "ကမာ" ဆိုသည်မှာ "ရေကန်" ဟု အဓိပ္ပာယ်ရသဖြင့် "ရေကန်ရှိသော ရွာ"ဟူ၍ ဖြစ်သည် (ရေကန်မှာ ယခု အင်းလျားကန်)။ ကမာရွတ်ရွာတွင် အင်္ဂလိပ်အစိုးရလက်ထက် "ရန်ကုန်တက္ကသိုလ်" ဖွင့်လှစ်ခဲ့သဖြင့် "ကမာရွတ်ရွာ"သည် ကမာရွတ်မြို့အဖြစ် ရောက်ခဲ့သည်။

ယခု ကမာရွတ်၏အထင်ကရ လှည်းတန်းသည် ရှေးယခင်က ရန်ကုန်မြို့အစွန်အဖျားယာယီဈေးနေရာဖြစ်ပြီး ယင်းဈေးနှင့် ကြည့်မြင်တိုင်ကမ်းနားဈေးကို ထိုခေတ်က မြင်းလှည်းပြေးဆွဲသည့်အတွက် လှည်းလမ်းဟုခေါ်တွင်ခဲ့ပြီး နောင် လှည်းတန်းဟု အမည်တွင်ခဲ့သည်။

အဆိုပါယာယီဈေးတွင် ပတ်ဝန်းကျင်ရွာများမှ နွားလှည်းများဖြင့် လာရောက် ရောင်းဝယ်ဖောက်ကားကြသဖြင့် လှည်းတန်းဈေး၊ လှည်းတန်းလမ်းဟူ၍ အမည်တွင်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ရှေးယခင် အစွန်အဖျားဒေသသည် ယနေ့ခေတ်ကာလတွင်ရန်ကုန်မြို့၏ ခေတ်မီမြို့ပြအဖြစ် ပြောင်းလဲပေါ်ထွန်းနေပြီဖြစ်သည်။ ခေတ်မီအထပ်မြင့် လူနေအဆောက်အအုံများ၊ ကုမ္ပဏီအရောင်းပြခန်းများ၊ လူသုံးကုန်၊ အဝတ်အထည် အလှကုန်နှင့် ဖက်ရှင်အရောင်းဆိုင်များ၊ LED နှင့် နီယွန်ရောင်စုံမီးရောင်များဖြင့် ရန်ကုန်မြို့၏ ဂုဏ်အင်ကို ပိုမိုမြင့်မားစေသည့် အနေအထားဖြစ်ပေါ်နေသည်။

အထူးသဖြင့် ရှေးယခင်က လှည်းလမ်းမှ ခေတ်အဆက်ဆက် ပြောင်းလဲဖြစ်ပေါ်လာသော လှည်းတန်းလမ်းမသည် စိန်ဂေဟာ စူပါမားကတ်အဆောက်အအုံ၊ ခေတ်မီမြို့ပြဒီဇိုင်းများဖြင့် ပေါ်ထွက်လာသော အရောင်းဆိုင်များ၊ လူနေအခန်းများဖြင့် ဖွဲ့စည်းထားသည့်"လှည်းတန်းစင်တာ" အဆောက်အအုံများသည် အံ့မခန်း ပေါ်ထွက်လာခဲ့ရာ မူလလက်ဟောင်း လှည်းတန်းဈေးသည်ပင် ခပ်မှိန်မှိန်ဖြစ်သွားရသည်။

ဘာသာ-သာသနာအနေဖြင့်လည်း ကမာရွတ် လှည်းတန်းနှင့် ဆက်စပ်နေသော မြန်မာသက္ကရာဇ် ၁၂၇၂ ခုနှစ် စတင်တည်ထောင်ခဲ့သည့် ထန်းတပင်ကျောင်းတိုက် အတွင်းရှိ ဆုတောင်းပြည့် အန္တရာယ်ကင်း ကိုးနဝင်းကပ်ကျော် သိမ်ဦး စေတီတော်သည် ယခုနှစ်တိုင်အောင် ဗုဒ္ဓပူဇနိယရာပြည့် ပွဲတော်ကျင်းပခဲ့သည်။

ယင်းပြင် လှည်းတန်းစင်တာတွင် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂရုံးဖွင့်လှစ်ထားခြင်း၊ ပညာတတ်များမွေးထုတ်ရာ ရန်ကုန်တက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ တက္ကသိုလ်စာပေးစာယူဌာနတို့အပြင် တစ်နိုင်ငံလုံးကို ရေဒီယို နှင့် ရုပ်မြင်သံကြားထုတ်လွှင့်ပေးနေသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန၊ FM ရေဒီယိုအသံလွှင့်ဌာနများ၊ ထို့အပြင် ပင်လယ်ကူးနှင့် ကမ်းရိုးတန်းသွားသင်္ဘောများ တည်ဆောက်ပြုပြင်ထုတ်လုပ်ပေးနေသော မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ရေကြောင်းပညာတက္ကသိုလ်ကျောင်းတို့သည် ကမာရွတ်မြို့နယ် တင်မကဘဲ ရန်ကုန်မြို့ကြီး ဂုဏ်အင်ကို ပိုမိုဝင့်ကြွားစေသည့်အပြင် လှည်းတန်းထိပ် မီးပွိုင့်လမ်းငါးဆုံနှင့် ခုံးကျော်တံတားကြီးတို့မှာလည်း ကမာရွတ်မြို့နယ်တွင် ထူးခြားခံ့ညားလှပါ၏။

မြို့နယ်အတွင်းရှိ ရန်ကုန်-အင်းစိန်လမ်းမ၊ ရန်ကုန်-ပြည်လမ်းမ၊ ဘုရင့်နောင်လမ်းမ၊ ဗဟိုလမ်းမတို့တွင် YBS ယာဉ်လိုင်းအများအပြား ဖြတ်သန်းနေရာ၊ လိုင်းကားစီးသူ ပြည်သူအများစုသည် အကြွေရှားပါးမှုပြဿနာများနှင့် ကြုံတွေ့နေရသည်ဖြစ်၍ လခတွင် ငွေအကြွေများထည့်ပေးမည်၊ ကားမှတ်တိုင်များတွင် ငွေအကြွေများလဲပေးမည်ဟု သတင်းထွက်ပေါ်နေရာ၊ ကားခများကို ကတ်စနစ်ဖြင့် အသုံးပြုခွင့်မရမီ အဆိုပါသတင်းထွက်ပေါ်မှုကို လျင်မြန်စွာ အကောင်အထည်ဖော်စေလိုကြောင်းနှင့် ကုန်မျိုးစုံဆိုင်များကလည်း ငွေအကြွေတွေ YBS ဆီရောက်ကုန်ပြီဟု ပြောဆိုနေမှုရှိသည်။

ထို့အပြင် ရန်ကုန်၊ အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်တွင် ဂမုန်းပွင့် စူပါကုန်တိုက်ကြီးပေါ်ထွက်လာပြီး မြေနီကုန်းရှိ ကုန်တိုက်ကြီး များ၏ ဈေးကွက်ကို လမ်းခုလပ်မှဖြတ်ယူလိုက်ရာ ဈေးကွက် စီးပွားရေးပြိုင်ဆိုင်မှု တင်းမာခဲ့ပြီး ယင်းအနေအထားကို အမီပြုကာ ရန်ကုန်-အင်းစိန်လမ်းမတွင် ကမာရွတ်နယ်အဆုံး ဆင်ရေတွင်းချောင်းအထိ ကုမ္ပဏီအရောင်းဆိုင်များ၊ ပုဂ္ဂလိကဘဏ်များ အပြိုင်အဆိုင်ပေါ်ထွက်လာပြီး ၎င်းတို့၏ ထုတ်ကုန်များကို လူသွားလမ်းပလက်ဖောင်း ပိတ်ဆို့ ဇာတ်စင်ဆောက်ပြီး အရောင်းမြှင့်တင်ပွဲများ ပြုလုပ်လာရာ ခရီးသွားများမှာ လမ်း မဆင်းလျှောက်ကြရသည့်အတွက် သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းတွေက ကြပ်မတ်တားမြစ်ခဲ့ရသည်များရှိသည်။ အဆိုပါ စည်းကမ်းမဲ့ လမ်းသွားလမ်းလာများကို ထိခိုက်အောင် ပြုလုပ်ခြင်းသည် ကမာရွတ်၏ ဂုဏ်အင် ကိုသာမက ရန်ကုန်မြို့တော်ကြီး၏ ကောင်းမွန်သော ပုံရိပ်ကို ထိခိုက်စေသည်ဖြစ်ရာ ယင်း စည်းကမ်းမဲ့ အပြုအမူများကို စွန့်လွှတ်ကြပါမှ စည်းကမ်းရှိသည့် ရန်ကုန် မြို့ကြီးအဖြစ် ဝံ့ကြွား ရပ်တည်နိုင်မှာဖြစ်ပါကြောင်း တင်ပြရပါသည်။

**ကမာရွတ်၏ အထင်ကရ လှည်းတန်းသည် ရှေးယခင်က ရန်ကုန်မြို့အစွန်အဖျား ယာယီဈေးနေရာဖြစ်ပြီး ယင်းဈေးနှင့် ကြည့်မြင်တိုင်ကမ်းနားဈေးကို ထိုခေတ်က မြင်းလှည်းပြေးဆွဲသည့်အတွက် လှည်းလမ်းဟုခေါ်တွင်ခဲ့ပြီး နောင်လှည်းတန်းဟု အမည်တွင်ခဲ့**





### အချုပ်ပို(ခ)မှ

၎င်းတို့ကို ငွေကြေးပြည့်စုံသော ရန်ကုန်ရောက် ရွှေညာသား လူကြီးတစ်ဦးက ပစ္စည်းဝယ်ရန် အရင်းအနှီးနှင့် လှည်းကို ထောက်ပံ့ပေးခြင်းဖြစ်သည်။ တစ်နေ့တာ ဝယ်၍ရလာသမျှကို သူ့ဈေးနှင့်သူ ၎င်းထံ ပြန်လည်ရောင်းချပေးရသည်။

ယခုအခါ ရန်ကုန်ရောက်ရွှေညာသူ ရွှေညာသားအများစုမှာ ကုန်စုံဆိုင် (ကုန်ခြောက်)၊ လက်ဖက်ရည်ဆိုင်ကြီးများဖြင့် အခြေကျလာပြီဖြစ်သကဲ့သို့ ဆင်ခြေဖုံးအရပ်တွင် အိမ်၊ တိုက်ခန်းအပြင် ကုန်ကြိုရန် အသင့်အတင့်သော ကားများပင် ပိုင်ဆိုင်လာကြသူများအဖြစ် တွေ့နေရသည်။

၎င်းတို့အားလုံး၏ ချစ်စရာဓလေ့စရိုက်မှာ ရန်ကုန်တွင် အနေဆင်းရဲ၊ အစားဆင်းရဲခံ စုဆောင်းပြီး တစ်နှစ်တစ်ခါ ကျင်းပသည့် မိမိတို့ဒေသအရပ်ဘုရားပွဲသို့ ပြန်ကြခြင်းဖြစ်သည်။ မိဘတို့အား ပြန်ကန်တော့ခြင်းနှင့်အတူ အလှူအတန်းများကို ခမ်းခမ်းနားနားပြုလုပ်ခြင်းဖြစ်သည်။

သီရိမင်္ဂလာဈေးဟောင်းအနီးတွင် ရာသီအလိုက် သီးနှံရောင်းသော ကိုင်ခိုင်-ဒေါ်ငယ်က "ကျွန်မတို့က တောသူတောင်သားပါ။ အရပ်မှာ စီးပွားရှာရတာမလွယ်လို့ ရန်ကုန်ကို ရောက်လာတာ ပင်တော့ပင်ပန်းတာပေါ့၊ သားအကြီးလေးက ရွာက အဘိုးအဘွားဆီမှာပါ။ အငယ်လေးကတော့ ကျွန်မတို့နဲ့ အတူတူပါ။ ဒီနှစ်ဘုရားပွဲအမီပြန်ပြီး ကလေးနှစ်ယောက်ကို ရှင်ပြုမယ်။ ရွာဦးကျောင်းက ဆရာတော်ကို သိက္ခာထပ်မယ်။ တစ်ရွာလုံးကို အသားဟင်းနဲ့လှူမယ်"ဟု ဆိုသည့်စကားသံများက ကြားရသူ သာဓုခေါ်ဖွယ်ဖြစ်သကဲ့သို့ သူတို့၏ ဇနီးမောင်နှံ၏ မျက်နှာပြင်ဝယ် မလှူတန်းမီကပင် ကြိုတင်ရရှိနေသော စေတနာအလင်းတန်းများက ဖြာဝင်းလျက်ရှိနေပေတော့သည်။



## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Toyota HighAce | 2009 | မန္တလေး | 2700cc | အပြင်ဈေး | ၃၁၀ |
| Surf | 2006 | ရန်ကုန် | 2700cc | နယ်ဈေး | ၆၄၀ |
| Probox | 2012 | နယ် | 1300cc | အပြင်ဈေး | ၁၈၀ |
| Kluger | 2004 | ရန်ကုန် | 2400cc | အပြင်ဈေး | ၄၅၈ |
| Nissan LEAF Electric | 2010 | ရန်ကုန် | motor 80 kilo watt | အပြင်ဈေး | ၁၄၀ |
| Vitz | 2002 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၂၇ |
| Honda Insight | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၀၀ |
| Honda Fit | 2013 | ရန်ကုန် | 1300cc | ရန်ကုန် | ၂၄၉ |
| Nissan Cedric | 2000 | ရန်ကုန် | 2900cc | နယ်ဈေး | ၁၂၀ |
| Hondafit Gk3 ရုပ်ပြောင်း | 2014 | မန္တလေး | 1300cc | အပြင်ဈေး | ၂၃၈ |

# တစ်ပတ်အတွင်း ရန်ကုန်ကားဈေးကွက်

## တင်သွင်းမှုကိုဦးစားမပေး ရေ့ပြေးမူဝါဒများကြောင့်

## အောက်ကားများအရောင်းသွက်သည့် ရန်ကုန်ဈေးကွက်

မင်းသော်

**တစ်ပတ်ရစ်၊ နှစ်ပတ်ရစ်** ဂျပန်အကျကားများ အရောင်းအဝယ်ဖြစ်နေပြီး အသစ်တင်သွင်းရန်အတွက် အားနည်းနေသေးသည့် ရက်သတ္တပတ်ကို ဖြတ်သန်းနေသည်။ ကားဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်သည့် မော်တော်ယာဉ်အများစုမှာ ရန်ကုန်လိုင်စင်ကားများပင်ဖြစ်သည်။ စလစ်ကပ်မော်တော်ကားများတွင် အင်ဂျင်ပါဝါအသေးများ အများစုရောင်းဝယ်နေကြပြီး မော်ဒယ်မြင့် စလစ်ကားများ အရောင်းအဝယ်အေးလာသည်ကို တွေ့ရသည်။

ထို့အပြင် ရေကြီးရေလျှံမှုများကြောင့် ဖိုးဝိုးကားများ နယ်မေးများပြီး နယ်ဝယ်လက်များ ရန်ကုန်သို့ ကိုယ်တိုင်ဆင်းဝယ်ယူနေကြသည်။ ထို့အပြင် ဩဂုတ် ၂၁ ရက် တနင်္လာနေ့ ဈေးဖွင့်ချိန်တွင် ဂျပန် ယန်းငွေ တန်ဖိုးမှာ ၁၂၄၄ ဒသမ ၉ သို့ ရောက်ရှိနေသဖြင့် ဂျပန် ယန်း ငွေ တန်ဖိုးအနည်းငယ် လျှော့ခတ်လျက်ရှိသည်။

ထို့ကြောင့် အသစ်တင်သွင်းသည့် မော်တော်ယာဉ်များထက် ဈေးကွက်အတွင်းရှိ အင်ဂျင်ပါဝါနိမ့်ကားများ အများဆုံးရောင်းချလျက်ရှိသည်။

ထို့ပြင် မကြာမီလအနည်းငယ်အတွင်း မော်တော်ယာဉ်အကောက်ခွန်နှုန်းထားပြောင်းလဲမည်ဟု သတင်းစကားများကြောင့်လည်း ဈေးကွက်ကို အနည်းငယ်လှုပ်ခတ်စေခဲ့သည်။ တစ်နှစ်တာအတွင်း မူဝါဒအမျိုးမျိုးကြောင့် ကားလောကသားများအတွက် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်။ ယခုအပြောင်းအလဲသည် လူစီးကားနှင့် လျှပ်စစ်ကားများ၊ လုပ်ငန်းသုံးကားများပါဝင်မည်ဟု ဈေးကွက်အတွင်းမှ သိရသည်။

ယခုရက်ပိုင်းအတွင်း YBS ခရီးသည်တင်ဘတ်စ်ကားများမှာ ၁၉၉၈ ခုနှစ် မော်ဒယ်အထိ ကားများကို အိမ်စီးကားများအဖြစ် စလစ်ရယူအပ်နှံနိုင်ခြင်းကြောင့် စလစ်ဈေးမှာ မြင့်သော်လည်း လက်ရှိတွင် ဈေးကွက်အရောင်းအဝယ်မှာ အေးနေသည်ကို တွေ့ရသည်။ သက်တမ်း ၂၀ စလစ်များအပြင် စက်မှုဇုန်စလစ်နှင့် တိုက်ကြေစလစ်တို့မှာလည်း အေးစက်ပြီး ဈေးကွက်တွင်းရှားပါးနေသေးသည်။

ငွေကျပ် ၁၁၃ သိန်းအထိ နှစ်ပတ်နီးပါးတန့်နေသည့် သက်တမ်း နှစ် ၂၀ စလစ်တစ်စောင်၏ တန်ဖိုးမှာ လက်ရှိတွင် ငွေကျပ်သိန်း ၁၁၀ ဝန်းကျင်သို့ ကျဆင်းလာပြီး ယင်းထက်ထပ်မံကျဆင်းနိုင်မည် မဟုတ်သေးဟု ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သီတင်းပတ်အတွင်း ကနဦးရောက်ရှိနေပြီဖြစ်သည့် မော်တော်ယာဉ်များ၏ နံပါတ်များမှာ မော်တော်ယာဉ် 7N-7458၊ တက္ကစီ HH-2284၊ စက်မှုဇုန် 8M- 8647တို့ ဖြစ်သည်။ ဂျပန်တစ်ပတ်ရစ် ညာမောင်း ကားများအတွက် ကြိုတင်စိတ်ပူနေ ကြသူများနှင့် ကားသစ်များကို စလစ်ကပ်ကာ ရန်ကုန်လိုင်စင်ရလိုသူများနှင့် စတိနံပါတ်များကို ရန်ကုန်လိုင်စင်ယူရန် စလစ်ကပ်ကြသူများကြောင့် စလစ်ဈေးမှာ တစ်ပတ်အတွင်း ပြန်လည်မြင့်တက်လာနိုင်သေးသည်ကို မြင်တွေ့ရသည်။

ထို့ပြင် အစိုးရက မော်တော် ယာဉ်တင်သွင်းခွင့်ကို စိစစ်ခွင့်ပြုသွားရန်အတွက် မူဝါဒများကို တစ်ရစ်ချင်းချမှတ်ကာ ထိန်းချုပ်ရန် စီစဉ်နေပြီး ယခုအခါလည်း ကား CIF တန်ဖိုးများအပေါ် ကောက်ခံနေ သည့်နှုန်းထား (ရာခိုင်နှုန်း)များလည်း မကြာမီပြောင်းလဲတော့မည့် အရိပ်အယောင်များ မြင်တွေ့ရသည်။

ထို့ပြင် မော်တော်ယာဉ်တင်သွင်းခွင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကိုလည်း မကြာမီချမှတ်သွားရန်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ဈေးကွက်အတွင်းသိရှိရသည့် အချက်အလက်များအရ အောက်တိုဘာတွင် မော်တော်ယာဉ်တင်သွင်းခွင့်မူဝါဒများ၊ CIF တန်ဖိုးသတ်မှတ်ချက်များ၊ အခွန်အခများအားလုံး ထွက်ရှိနိုင်မည်ဟု ခန့်မှန်းရပြီး ဘယ်မောင်းကားများကို ဦးစားပေးမည့်အလားအလာကြောင့် လက်ရှိ လူကြိုက်များသည့် တစ်ပတ်ရစ် ညာမောင်းများ အရောင်းအဝယ်နှင့် ဈေးနှုန်းများ အားကောင်းနေဦးမည်ဖြစ်သည်။

အောက်တိုဘာမတိုင်မီအထိ ကားဈေးနှုန်းများမှာ အမြင့်ဘက်တွင်သာရှိနိုင်ပြီး နောက်ပိုင်းတွင် ပြည်ပမှတင်သွင်းခြင်းထက် ဈေးနှုန်းမကွာဘဲ အသစ်ရနိုင်သည့်အပြင် ကိုယ်လိုလားသည့် လိုင်စင်အမည်ပေါက်လိပ်စာများ ရရှိနိုင်ခြင်းကြောင့် ပြည်တွင်းတပ်ဆင်သည့် မော်တော်ယာဉ်များ အဝယ်လိုက်လာပေဦးမည်ဟု ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်သည်။

ဥပမာပေးရလျှင် လက်ရှိတွင် ဂျပန်မှတင်သွင်းသည့် မော်တော်ကားများ အပြီးအစီး လမ်းပေါ်အရောက် ကုန်ကျစရိတ်နှင့် ပြည်တွင်းတွင် တပ်ဆင်သည့် နစ်ဆန်းကဲ့သို့သောကားများ ရန်ကုန်လိုင်စင်ဖြင့် ဝယ်ယူခြင်းသည် မကွာခြားတော့ခြင်း ကြောင့် ဖြစ်သည်။

ပြည်ပမှတင်သွင်းခြင်းအပေါ် အဟန့်အတားများဖြစ်ပေါ်လာနိုင်သည့်အတွက် တစ်ပတ်ရစ်ညာမောင်း မော်တော်ယာဉ်များ ဈေးမာရန် အချိန်အခါ ကျရောက်လာနိုင်သဖြင့် ယခုအချိန်သည် မော်တော်ကားဝယ်ယူရန် အခွင့်အခါကောင်းပင်ဖြစ်နိုင်ကြောင်း ဝယ်ရောင်းလုပ်ကိုင်သူများက ခန့်မှန်းထားကြသည်။ ။

---

### ကျွမ်းကျင်လုပ်သားရှားပါးမှု၊ ယာဉ်ကြောပိတ်ဆို့မှုပြဿနာနှင့် ရန်ကုန်ဟိုတယ်များမှ

မြန်မာနိုင်ငံတစ်ခုလုံးအနေဖြင့် ဟိုတယ်အလုံးပေါင်း ၁၁၀၀ ကျော်ရှိနေပြီး ရန်ကုန် ဇုန်အတွင်း၌ ဟိုတယ်နှင့်တည်းခိုရိပ်သာ စုစုပေါင်းက ၃၁၅ လုံးအထိရှိသည်။ မြန်မာနိုင်ငံတစ်ခုလုံးတွင် သတ်မှတ်ထားသည့်ဇုန်များအနက် တည်းခိုသူအများဆုံးရှိသည့်ဇုန်မှာ ရန်ကုန်ဇုန်ဖြစ်သည်။ ရန်ကုန်ဇုန်အတွင်းရှိသည့် ဟိုတယ်များ၏ တည်းခိုနိုင်သည့် အခန်းအရေအတွက် ၁၆၀၀၀ ကျော်ရှိနေပြီး တည်းခိုသူများအနေဖြင့် ခရီးသွားရာသီကာလကြိုတင်ဆက်သွယ်ထားရသည်အထိလုပ်ငန်းများ ကောင်းမွန်တတ်သည်။

"ကျွမ်းကျင်တဲ့လုပ်သားကိုရဖို့ခက်သလို ပြုစုပျိုးထောင်ပြီးပြန်ရင်လည်း အလုပ်ထွက်မသွားအောင် စည်းရုံးနေရတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဟိုတယ်လုပ်ငန်းတွေမှာ ယာဉ်ကြောပိတ်ဆို့တာက အဓိကပြဿနာဖြစ်နေတယ်။ ဝန်ဆောင်မှုကောင်းတာမှန်ပေမယ့် သွားလာရေးအချက်အချာမရှိတဲ့နေရာဆိုရင် လူဝင်ဖို့ခက်တယ်။ လုပ်ထုံးလုပ်နည်းတွေကတော့အသင်းနဲ့ တာဝန်ရှိသူတွေညှိနှိုင်းပြီး အခက်အခဲတွေကို ကူညီပေးနေတာရှိပါတယ်။ ရန်ကုန်မြို့က စီးပွားရေးအချက်အချာနေရာဆိုတော့ ဟိုတယ်က အမြဲလူရတတ်ပါတယ်။ ဒါပေမယ့် ဝန်ဆောင်မှုအပိုင်းကတော့ အားမနည်းအောင် ကြိုးစားနေရတယ်"လို့ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက အဆိုပါအခမ်းအနားအတွင်း ပြောသည်။

ဟိုတယ်ဝန်ထမ်းများ၏ လုပ်ခလစာမှာ စီမံခန့်ခွဲမှု ကျွမ်းကျင်သူများအနေဖြင့် ငွေကျပ်သိန်း ၂၀ နှင့်အထက်ရရှိနေကြပြီး အနိမ့်ဆုံးအဆင့် ဟိုတယ်ဝန်ထမ်းတစ်ဦး၏ လုပ်ခလစာမှာ ငွေကျပ်နှစ်သိန်းဝန်းကျင်ဖြစ်ကြောင်း သိရသည်။

#### ကျွမ်းကျင်ဝန်ထမ်းရနိုင်ရန် ခက်ခဲနေ

ရန်ကုန်ဇုန်၏ ဟိုတယ်များတွင် အလုပ်လုပ်ကိုင်နေသည့် ဟိုတယ်ဝန်ထမ်းခြောက်ထောင်ကျော်ရှိနေပြီး လုပ်ငန်းလိုအပ်ချက်အရ ၁၀၀၀ မှ ၂၀၀၀ ကြား ထပ်မံခန့်အပ်နိုင်သေးကြောင်း သို့သော် အရည်အချင်းရှိသည့် ကျွမ်းကျင်ဝန်ထမ်းရနိုင်ရန် ခက်ခဲနေသေးကြောင်း သိရသည်။ ။